# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၆)၊ အမှတ်(၂၅၀)


# သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း (၂၀၁၆)နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

နေပြည်တော် မေ ၃၀

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း (၂၀၁၆)နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း(၂၀၁၆)တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်သည့် အကြောင်းရင်းများနှင့် ဆောင်ရွက်


စာမျက်နှာ ၃ ကော်လံ ၁ ✻


## ဆိုင်ကလုန်းမုန်တိုင်း 'မိုရာ' ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့

နေပြည်တော် မေ ၃၀

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ယနေ့ နေ့လယ်ပိုင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုရာ ("Mora") သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်း ထစ်ချုန်းရွာပြီး ခေတ္တမှုန်သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ (မြန်မာ့အလင်း)



## နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး


စာမျက်နှာ - ၄




## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး


စာမျက်နှာ - ၄



KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# မိုးကြိုကာလ မိုးကြိုးအန္တရာယ်

အပူရှိန်ပြင်းထန်သည့် နွေရက်များကို ဖြတ်သန်းခဲ့ရပြီးနောက် ယခုကာလသည် ရာသီဥတုအကူးအပြောင်းကာလဖြစ်သည်။ ထူးခြားချက်အနေဖြင့် မိုးထစ်ချုန်းရွာမည်ဟူသော မိုးလေဝသခန့်မှန်းချက်များနှင့်အတူ မိုးကြိုးအန္တရာယ်ကြောင့် သေဆုံးဒဏ်ရာရကြသည့် သတင်းများ နိုင်ငံအတွင်း ဒေသအနှံ့တို့မှ ကြားသိလာရခြင်းဖြစ်သည်။ အိန္ဒိယမှ သတင်းတစ်ပုဒ်တွင်မူ ၂၄ နာရီအတွင်း မိုးကြိုးကြောင့် လူ ၂၃ ဦး သေဆုံးခဲ့ရသည်ဟု ဆိုရာ တစ်နာရီလျှင် တစ်ယောက်ခန့် သေဆုံးခဲ့ရသည့် သဘောပင်ဖြစ်သည်။

မိုးကြိုးဆိုသည်မှာ ကောင်းကင်မှ လျှပ်စစ်အမဓာတ် စုဝေးနေသော တိမ်တိုက်နှင့်မြေပြင်ပေါ်ရှိ လျှပ်စစ်အဖိုဓာတ်စုဝေးနေသော နေရာ (သစ်ပင်၊ တာဝါတိုင်၊ အဆောက်အအုံ)စသည်တို့အကြား အပြန်အလှန် လျှပ်စစ်စီးကူးခြင်း၊ ပေါင်းစပ်ခြင်းကြောင့် တောက်ပသောအလင်းရောင်တန်းနှင့် ကျယ်လောင်သောထစ်ချုန်းသံတို့ ဖြစ်ပေါ်လာခြင်းကို ခေါ်ဆိုခြင်းဖြစ်သည်။ ကောင်းကင်တွင် တိမ်တိုက်တစ်ခုအတွင်း လျှပ်စစ်အဖိုဓာတ်နှင့် အမဓာတ်တို့အကြား လျှပ်ကူးခြင်းကိုမူ လျှပ်စီးလက်သည်ဟု ခေါ်ကြပြီး ကျယ်လောင်သော ထစ်ချုန်းသံကိုမူ မိုးခြိမ်းသံဟုခေါ်ကြသည်။ မိုးကြိုးလျှပ်စီးသည် ဗို့အားသန်းနှင့်ချီ၍ ပမာဏရှိပြီး လျှပ်စီး အမ်ပီယာမှာလည်း သောင်းမှသိန်းနှင့်ချီသော ပမာဏအထိရှိခြင်းကြောင့် မိုးကြိုးပစ်ခံ ရပါက လူ၊ တိရစ္ဆာန်တို့သေကျေပျက်စီးခြင်း၊ သစ်ပင်၊သစ်တော၊ အိမ်အဆောက်အအုံများမီးလောင်ခြင်းတို့ဖြစ်ပေါ်စေသည်။ မိုးကြိုးသည် ပြင်းထန်လှသော လျှပ်စစ်စီးဆင်းမှုဖြစ်ခြင်းကြောင့် လျှပ်စစ်စက်ကွင်း သို့မဟုတ် မိုးကြိုးစက်ကွင်းကိုလည်းဖြစ်ပေါ်စေပြီး မိုးကြိုးစက်ကွင်းအတွင်းကျရောက်ပါကလည်း အပြင်းအထန်ဒဏ်ရာရရှိမှုနှင့် ထိခိုက် သေဆုံးမှုတို့ ရှိနိုင်သည်။

မိုးကြိုးဖြစ်ပေါ်ရန်အတွက် ကောင်းကင်မှလျှပ်စစ်အမဓာတ်နှင့် မြေပြင်မှလျှပ်စစ်အဖိုဓာတ်တို့ ဆွဲငင်ရာတွင် မြေပြင်မှမြင့်သောအရာများကို ဆွဲငင်ခြင်းဖြစ်သည့်အလျောက် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းတို့ဖြစ်ပေါ်လာချိန်တွင် လွင်တီးခေါင်၊ ကွင်းပြင်၊ ကန်ရေပြင်၊ မြစ်၊ ချောင်းတို့၏ ရေမျက်နှာပြင်ပေါ်တွင်ရောက်ရှိနေပါက အန္တရာယ်ရှိနိုင်သော အနေအထားပင်ဖြစ်သည်။ မိုးကြိုးပစ်ခံရမှုသည် အဆောက်အအုံ၏ ပြင်ပတွင် ၉၉ ရာခိုင်နှုန်းရှိပြီး အဆောက်အအုံအတွင်းတွင် ၁ ရာခိုင်နှုန်း သာရှိသည်။ ကွင်းပြင်တွင်ရောက်ရှိနေပါက မိုးကြိုးပစ်ခံရနိုင်ခြေသည် ၄၅ ရာခိုင်နှုန်း၊ သစ်ပင်အောက်တွင်ရောက်နေပါက ၂၃ ရာခိုင်နှုန်း၊ ရေကန်၊ မြစ်၊ချောင်းတို့တွင်ရှိနေပါက ၁၃ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သုတေသနတစ်ရပ်က ဆိုသည်။

မိမိတို့နိုင်ငံတွင် ကျေးလက်ဒေသများတွင် နေထိုင်သူမှာ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့်အလျောက် လယ်ကွင်းပြင်များ၊ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့် အနေနီးသူများက အများစုပင်ဖြစ်သည်။ ကျေးလက်နေသူများ မိုးကြိုးအန္တရာယ်မှရှောင်ရှားနိုင်ရန်အတွက် လျှပ်စီးလက်၊ မိုးထစ်ချုန်းမှု၊ မိုးကြိုးပစ်မှုများဖြစ်ပေါ်နေချိန်တွင် ကွင်းပြင်၊ ရေပြင်များပေါ်၌ အထီးတည်းရှိမနေစေရန်၊ ကွင်းထီးထီးတွင်ရှိနေသော သစ်ပင်၊ လယ်တဲတို့တွင် မိုးခိုမနေဘဲ အမိုး၊ အကာ၊ အခင်းပြည့်စုံလုံခြုံသည့် အဆောက်အအုံသို့ အမြန်သွားရောက်ရန်၊ အမြင့်နေရာများတွင် မနေဘဲ အနိမ့်ပိုင်းနေရာများတွင် နေရန်၊ ရေဒီယို၊ လက်ကိုင်ဖုန်း စသည်တို့ကို ပိတ်ထားရန်၊ အကယ်၍ ကွင်းပြင်လွင်တီးခေါင်၌ ရောက်ရှိနေချိန်တွင် ဆံပင်များအပေါ်သို့ထောင်လာခြင်း၊ ခန္ဓာကိုယ်၌ကြက်သီးမွေးညင်းထလာခြင်းတို့ဖြစ်ပေါ်ပါက မိုးကြိုးပစ်တော့မည့်လက္ခဏာဖြစ်သည့်အတွက် (က) မိမိ၏နားနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်အုပ်၊ (ခ)ဖနောင့်နှစ်ဖက်ကို ထိကာ ခြေဖဝါးရှေ့ပိုင်းဖြင့်သာ မြေကြီးကိုထိထားပြီး (ဂ) အလျင်အမြန် ဆောင့်ကြောင့်ထိုင်ချ၍ မိုးကြိုးအန္တရာယ်မှကာကွယ်ရန် အကြံပြုကာ ဗဟုသုတမျှဝေအပ်ပါကြောင်း ။ ။

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် (စာချ / စာသင်) ၇၅ နှစ်ပြည့်အခမ်းအနားကျင်းပနိုင်ရန် စည်းဝေး

**နေပြည်တော် မေ ၃၀**

နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် (စာချ/ စာသင်) ၇၅ နှစ်ပြည့် စိန်ရတုသဘင်အခမ်းအနားကို ဇူလိုင် ၂ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် မေ ၃၀**

၂၀၁၇ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် **“မြန်မာအမျိုးသမီးများနေ့”** အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပါသည်။

**ရေးသားယှဉ်ပြိုင်နိုင်**

ဝတ္ထုတိုပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ ချစ်စဖွယ်ယဉ်ကျေးမှုဓလေ့စရိုက်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းမြှင့်တင်မှုများ၊ နိုင်ငံနှင့်လူမျိုးအကျိုးကို စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်မှုများ၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဘဝသရုပ်ဖော်အကြောင်းအရာများကို နှစ်သက်ရာခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်ပါသည်။

**စည်းကမ်းချက်**

ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်သာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင် စာမူနှစ်စောင်အား Soft Copy နှင့်အတူ ပေးပို့ယှဉ်ပြိုင် စေပါမည်။ စာမူကို A4 စာမျက်နှာဖြင့် လက်နှိပ်စက် ငါးမျက်နှာ (သို့မဟုတ်) ကွန်ပျူတာ လေးမျက်နှာ (သို့မဟုတ်)လက်ရေး ခြောက်မျက်နှာထက်မပိုဘဲ ရေးသားပေးပို့နိုင်ပါသည်။ ပြိုင်ပွဲဝင်စာမူများကို ကိုယ်တိုင်ရေးသည့် စာမူဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်များ ပူးတွဲပါရှိရမည်။ ပြိုင်ပွဲဝင်စာမူကို စာမျက်နှာတစ်ဖက်တည်းတွင် ရေးသားရပါမည်။ ရွေးချယ်ခြင်း မခံရသောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ပြိုင်ပွဲဝင်စာမူကို ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ နှစ်ပုံဖြင့် နှစ်စုံပေးပို့ရမည်။ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

**စာမူများပေးပို့နိုင်**

ပြိုင်ပွဲဝင်ဝတ္ထုတိုများကို မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဝတ္ထုတိုပြိုင်ပွဲ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်ဦး၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်) အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ သို့ ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် မေ ၃၀**

၂၀၁၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် **“မြန်မာအမျိုးသမီးများနေ့”** အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **“အားမာန်ဝင့်ကြွား ဂုဏ်မြင့်မား မြန်မာအမျိုးသမီးများ”**ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

**ရိုက်ကူးယှဉ်ပြိုင်နိုင်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏လူမှုပတ်ဝန်းကျင်တွင် အားမာန်အပြည့်ဖြင့် တက်ကြွလှုပ်ရှားဆောင်ရွက်မှု၊ တာဝန်ကျေပွန်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော အရည်အချင်းတို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**စည်းကမ်းချက်**

ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ × ၁၄ လက်မ) အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်ပါသည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Websiteများ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာ ပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း၊ မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် ဓာတ်ပုံ၏အကြောင်းအရာ၊ နေရာ၊ ရိုက်ကူးသည့်ရက်စွဲတို့ကို ဓာတ်ပုံတိုင်း၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲတင်ပြရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု သုံးဆုနှင့် အထူးဆုများ ရွေးချယ်သွားမည်ဖြစ်ပြီး ဆုများကို ၂၀၁၇ ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့တွင် ထိုက်တန်စွာချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**ဓာတ်ပုံများပေးပို့နိုင်**

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်ရွေးချယ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်) အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ဖုန်း ၀၁- ၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ သို့ ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

၂၀-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီစျေး) |

**နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ ．၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၅ ．၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၆ ．၇၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ．၀၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ．၁၆ |
| တရုတ် | တစ်ယွမ် | ၁၉၉ ．၁၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ ．၅၂ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

*** ရှေ့ဖုံးမှ**

ပေးရန်လိုအပ်ချက်များကို ဆန်းစစ်ဖော်ထုတ်ထားပါကြောင်း၊ မိမိတို့အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာနိုင်စေသည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ခြင်း လုပ်ငန်းမှအစ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီး ဖွံ့ဖြိုးရေးကို ဦးတည်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအထိ ဖြစ်စဉ်အစအဆုံးအတွက် တာဝန်ရှိပါကြောင်း။

**ကြိုတင်ပြင်ဆင်**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့မှု အခြေအနေများကို ကြည့်မည်ဆိုပါက သစ်တောစိုက်ခင်းများ ပြန်လည်ထူထောင်ပေးရန်၊ နေအိမ်ပြောင်းရွှေ့မြေနေရာများ စီစဉ်ပေးရန်၊ ရေထိန်း၊ ရေကာတာတည်ဆောက်ပေးရန်၊ တံတားတည်ဆောက်ပေးရန်၊ မြစ်၊ ချောင်းများ ရေစီးရေလာကောင်းမွန်စေရေးသဲသောင်တူးပေးရန်၊ ရေနုတ်မြောင်းဖောက်လုပ်ပေးရန်၊ တာတမံမြှင့်ပေးရန်နှင့် တာလမ်းများ ဖောက်လုပ်ပေးရန်၊ Shelter (သို့မဟုတ်) စာသင်ကျောင်းများ တည်ဆောက်ပေးရန်၊ မြေထိန်းနံရံများ တည်ဆောက်ရန်၊ ကျေးရွာချင်းဆက်တံတားများ၊ လမ်းများ ပြုပြင်တည်ဆောက်ပေးရန်၊ သောက်သုံးရေရှားပါးမှုကို ဖြေရှင်းပေးရန်၊ စိစစ်၍ အသိပညာများပေးရန်စသည်ဖြင့် ရေနှင့်ဆက်စပ်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ကို ဖော်ထုတ်ဆန်းစစ်တွေ့ရှိရပါကြောင်း။

**ထည့်သွင်းရေးဆွဲ**

သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ချရေး၊ ဘေးဒဏ်ခုခံနိုင်စွမ်းရှိသည့် ရပ်ရွာဖြစ်စေရေးတို့အတွက် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးတည်သည့် လုပ်ငန်းများလည်းဖြစ်ပါကြောင်း၊ သို့သော်လည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးရန် အခက်အခဲရှိသည့်အတွက် ချက်ချင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများ၊ ကာလသတ်မှတ် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများစသည်ဖြင့် ဦးစားပေးအလိုက်အဆင့်သတ်မှတ် ရွေးချယ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအားရေတို၊ ရေရှည်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နှစ်စဉ်လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားခြင်းအားဖြင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်သည့်၊ သဘာဝဘေးကို ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားသည့် လူမှုအဖွဲ့အစည်းဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုသဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း(၂၀၁၆)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ဆောင်ရွက်မည့်အစီအမံ**

အစည်းအဝေးတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် လုံခြုံရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးနှင့်ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့်လိုအပ်ချက်များဆန်း စစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်း(၂၀၁၆)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီးသည့်လုပ်ငန်းများ၊ ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းလိုအပ်ချက်များအား ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်ရန်လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**

## နှစ်နိုင်ငံအကြား လေကြောင်းဆိုင်ရာ၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် မေ ၃၀**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တူရကီနိုင်ငံ သံအမတ်ကြီး H.E.Mr. Kerem Divanlioglu အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သံအမတ်ကြီးက မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားပါကြောင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလေ့လာစဉ် ပထမ မြန်မာနိုင်ငံတော် ထူထောင်ခဲ့သည့် အနော်ရထာမင်းလက်ထက် ရှေးနှစ်ပေါင်း ၁၀၀၀ ကျော်ခန့်ကပင် မြန်မာ-တူရကီနှစ်နိုင်ငံ၏ ရပ်တည်မှု၊ ဆက်ဆံမှုများရှိခဲ့ကြောင်း၊ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ တူညီသည့်သမိုင်းကြောင်းများရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း ပြောကြား၍ လက်ရှိ နှစ်နိုင်ငံအကြား လေကြောင်းဆိုင်ရာ၊ ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေသည့် အခြေအနေများ၊ မြန်မာ့တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တူရကီနိုင်ငံ၌ နိုင်ငံတော်ကာကွယ်ရေးဆောင်ရွက်ရာတွင် ရင်ဆိုင်နေရသည့် အကြမ်းဖက်မှုကိစ္စရပ်များ၊ နိုင်ငံ၏လုံခြုံရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ လုပ်ဆောင်ရာတွင် ပြင်ပပယောဂဝင်လာပါက အခက်အခဲများတွေ့ရှိနိုင်မှု အခြေအနေများကို ဆွေးနွေးသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က မြန်မာနိုင်ငံနှင့် တူရကီနိုင်ငံသည် အလှမ်းကွာဝေးသော်လည်း မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ ရှေးယခင်တူရကီ အင်ပါယာမှာ များစွာကြီးမားကျယ်ပြန့်ပြီး ယဉ်ကျေးမှုအရ၊ နည်းပညာအရ၊ စီးပွားရေးအရ မြင့်မားသည်ကို လေ့လာသိရှိရပါကြောင်း၊ လက်ရှိအခြေအနေတွင်လည်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ နယ်ပယ်များစွာရှိကြောင်း၊ တချို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် နောက်ကွယ်မှ ကိစ္စရပ်များ ပါဝင်မှုများရှိနေသည်ကို တွေ့ရှိရ၍ သိရှိလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ အကြမ်းဖက်မှုကာကွယ်တားဆီးရေးလုပ်ငန်းများမှာလည်း တစ်နိုင်ငံတည်း လုပ်ဆောင်၍မရသဖြင့် တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုဆိုင်ရာများတွင် အပြန်အလှန်သတင်းဖလှယ်ရယူ၍ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်သွယ်မှုလမ်းကြောင်းများ ယခုထက် ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တူရကီနိုင်ငံ သံအမတ်ကြီး H.E.Mr. Kerem Divanlioglu တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ဆောင်ရွက်ခဲ့မှု၊ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေမှု၊ တူရကီနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ရပ်တည်လုပ်ဆောင်နေမှု အခြေအနေများ၊ အဓိကအားဖြင့် စာရင်းဇယားပြုစုပြီး စိစစ်နိုင်ရေးအတွက် နားလည်လက်ခံလိုက်ပါ လုပ်ဆောင်ရန် လိုအပ်မှု၊ ရိုးသားမှုနှင့် ယုံကြည်မှုအပေါ်တွင် အခြေခံလုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်ကြောင်းတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ရုံးခန်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC-S(Shan) ရုံးခန်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့ရှိ အဆိုပါရုံးခန်း၌ ပြုလုပ်ရာ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-S) ဥက္ကဋ္ဌ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးခန်းသစ်ဆိုင်းဘုတ်ကို ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှမ်းပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) သတ္တမအကြိမ် အစည်းအဝေးကို ပြုလုပ်ရာ တိုင်းမှူးနှင့် ဒုတိယဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ JMC-S အဖွဲ့ဝင်များကကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၃၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၃၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kerem Divanlioglu အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**( သတင်းစဉ် )**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kerem Divanlioglu တို့ တွေ့ဆုံဆွေးနွေးစဉ်**

# ထိခိုက်အားနည်းလွယ်သူများအတွက်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုရှင်းလင်း

**နေပြည်တော် မေ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ (Joint Strategy Team - JST) မှတာဝန်ရှိသူများအား အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ မေ ၂၉ ရက် မွန်းလွဲ ၃ နာရီက လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် Joint Strategy Team တွင် ပါဝင်သော အဖွဲ့ငါးဖွဲ့မှ ကိုယ်စားလှယ်များဖြင့် လာရောက်တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့အနေဖြင့် ၎င်းတို့ ဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ်ရှိ မကြာသေးမီကာလအတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့်ဒေသ၌ ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များ လေ့လာဆန်းစစ်မှုအခြေအနေနှင့် နေရပ်ပြန်ရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ရှေ့ပြေးစီမံချက်အဆိုပြုလွှာတို့ကို တင်ပြသည်။

ပူးပေါင်းလုပ်ငန်းစဉ် အဖွဲ့အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုက်ပွဲရှောင်ပြည်သူများ၏ လက်ရှိအခြေအနေနှင့် လိုအပ်ချက်များ တင်ပြရာတွင် တိုက်ပွဲရှောင်ပြည်သူများအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြန်လည်နေရာချထားရေးဆိုင်ရာ ဆောင်ရွက်မည့်အစီအစဉ်များ၊ ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသားများ ပညာဆက်လက်သင်ကြားခွင့်ရရှိရန် ညှိနှိုင်းပေါင်းစပ်ပေးရေး၊ တိုက်ပွဲရှောင်ပြည်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရေး၊ လူသားချင်းစာနာမှု အကူအညီများပေးအပ်ရေးအတွက် နိုင်ငံတော်နှင့် ဒေသခံအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရေးတို့ကို တင်ပြခဲ့ပြီး ဝန်ကြီးဌာနဘက်မှလည်း တိုက်ပွဲရှောင်စခန်းများအတွက် လူသားချင်းစာနာကူညီမှု၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးမှု၊ ဥပဒေနှင့်အညီ ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ သက်ကြီးရွယ်အို အခွင့်အရေး၊ မသန်စွမ်းသူများ အခွင့်အရေးစသည်ဖြင့် ထိခိုက်အားနည်းလွယ်သူများအတွက် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုတို့ကို ရှင်းလင်းဆွေးနွေးပြီး အဖွဲ့၏ တင်ပြချက်များအပေါ် ကူညီဆောင်ရွက်ပေးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း အားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ (Joint Strategy Team - JST) မှ တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးစဉ်**

## ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း UNESCO အဖွဲ့မှ Mr.Mikel Aguirre Idiaquez နှင့်တွေ့ဆုံ

**နေပြည်တော် မေ ၃၀**

ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းသည် UNESCOအဖွဲ့မှ Mr.Mikel Aguirre Idiaquez နှင့် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-13) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုပ်သံလွှင့်ဥပဒေနှင့်စပ်လျဉ်းသည့် နောက်ဆုံးအခြေအနေများ၊ အစိုးရပိုင်မဟုတ်သော အများပြည်သူဝန်ဆောင်မှုမီဒီယာပေါ်ပေါက်လာရေး၊ ပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊ အသိပညာ ဖွံ့ဖြိုးရေးတို့ကိုအထောက်အကူဖြစ်စေမည့် ပြည်သူလူထုအခြေပြု ရေဒီယိုများထုတ်လွှင့်ရေးကိစ္စနှင့် အစိုးရပိုင်မဟုတ်သော ရုပ်သံလွှင့်အစီအစဉ်များ ထုတ်လွှင့်နိုင်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်မည့်အစီအစဉ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃၀**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်သည် UNESCO အဖွဲ့မှ Mr. Mikel Aguirre Idiaquez အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြောက်ဦးမြို့နယ်၌ ဆိုင်ကလုန်းမုန်တိုင်း မိုရာ ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံး

**မြောက်ဦး မေ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ မေ ၃၀ ရက် နံနက် ၁ နာရီက ဆိုင်ကလုန်းမုန်တိုင်း မိုရာ ဝင်ရောက်တိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း ငါးကျောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံ လေးလုံး၊ စာသင်ကျောင်း ငါးကျောင်း၊ လူနေအိမ် အလုံး ၂၀ ပျက်စီးဆုံးရှုံးပြီး တိရစ္ဆာန်များမှာလည်း သေဆုံးလျက်ရှိသည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများ စာရင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် ကျေးရွာများ၌ ဆိုင်ကလုန်းမုန်တိုင်း မိုရာ တိုက်ခတ်မှုကြောင့် လူနေအိမ်များနှင့် စာသင်ကျောင်းဆောင်များ ထိခိုက်ပျက်စီး

**ညောင်ဦး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ မေ ၃၀ ရက် နံနက်ပိုင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုရာ) တိုက်ခတ်မှုကြောင့် ညောင်ဦးမြို့နယ် မြေသန့်တောင်ကျေးရွာနှင့် ကြအိုကျေးရွာတို့တွင် လူနေအိမ်များနှင့် စာသင်ကျောင်းဆောင်များ ထိခိုက်ပျက်စီးမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မုန်တိုင်းအရှိန်ကြောင့် ညောင်ဦးမြို့နယ် မြေသန့်တောင်ကျေးရွာတွင် လူနေအိမ် ၁၅ လုံးခန့် အမိုးလန်ခြင်း၊ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

အလားတူ ကြအိုကျေးရွာတွင်လည်း လူနေအိမ် ၈၇ လုံးခန့် အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့ပြီး ကြအိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ပင်မစာသင်ကျောင်းဆောင် လေးဆောင်မှာလည်း သစ်ပင်လဲပြိုကျ၍ ပျက်စီးခြင်း၊ တိုင်လုံးများ ကျွတ်ပါသွားခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ ဆိုင်ကလုန်းမုန်တိုင်း အရှိန်ကြောင့် လူနေအိမ်များနှင့် စာသင်ကျောင်းဆောင်များ ထိခိုက်ပျက်စီးသည့် မြေသန့်တောင်ကျေးရွာနှင့် ကြအိုကျေးရွာတို့သို့ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်တို့ ဦးဆောင်၍ ညောင်ဦးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်မြေခံတပ်ရင်းမှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ကျော်ခန့်ဖြင့် ချက်ချင်းသွားရောက်ကြပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စစ်တွေမြို့နယ်၌ လေဘေးသင့်ဒုက္ခသည် ၃၀၀ ကျော် ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိ

**စစ်တွေ မေ ၃၀**

မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တိုက်ခတ်ခဲ့သော မိုရာ ဆိုင်ကလုန်းမုန်တိုင်းသည် ရခိုင်ပြည်နယ်အနှံ့ လေပြင်းများ ဖြစ်ပေါ်ခဲ့ရာ မုန်တိုင်းစက်ကွင်းအဝန်းအဝိုင်းတွင် ကျရောက်သော ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်များအနက် စစ်တွေမြို့နယ်တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာရှိနေပြီး ကယ်ဆယ်ရေးစခန်းများ၌ လေဘေးဒုက္ခသည် ၃၀၀ ကျော် ရောက်ရှိနေကြောင်း သိရသည်။



စစ်တွေမြို့၌ လေဘေးကြောင့် အပျက်အစီးများကို ရှင်းလင်းစဉ်

မိုရာ ဆိုင်ကလုန်မုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်ထဲတွင် ရက်အနည်းငယ် အရှိန်ယူခဲ့ပြီး မေ ၂၉ ရက် ည ၁၀ နာရီခန့်တွင် စစ်တွေမြို့အနီးမှ ဖြတ်သန်းရာ မုန်တိုင်းစက်ကွင်းလေရှိန်ကြောင့် စစ်တွေမြို့တွင် လေထန်စပြုလာပြီး လျှပ်စစ်မီးပြတ်တောက်သွားသည်။ လေသည် တစ်စတစ်စပြင်းထန်လာပြီး ညသန်းခေါင်ကျော်လာသည်နှင့် ပိုမိုပြင်းထန်လာကာ စစ်တွေမြို့၏ မြေနိမ့်ပိုင်းဖြစ်သော ရွှေပြား၊ လမ်းမတော်မြောက်၊ မိစာနှင့် စူပမြောက်ရပ်ကွက်များတွင် ဒီရေ သုံးပေခန့် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် အစိုးရအနေဖြင့် ပျက်စီးဆုံးရှုံးမှုများကို စာရင်းပြုစုနေသော်လည်း အသေးစိတ်စာရင်းမှန်များ ရရှိရန် အချိန်ယူရမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။

စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခေါင်မိုးများ လန်ထွက်ခြင်း၊ ဘားတန်းများကျိုးကျခြင်း၊ ပြတင်းပေါက်များပြုတ်ကျခြင်းများရှိပြီး ပျက်စီးဆုံးရှုံးမှုများပြားကြောင်း သိရသည်။

ထိုသို့ပျက်စီးမှုများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဝန်ကြီးများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**သတင်း-ကိုကြီးစောဓာတ်ပုံ-ညောစော**

❍ *ကျောဖုံးမှ*

မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က “ညတုန်းက တိုက်သွားတဲ့ ဆိုင်ကလုန်းမုန်တိုင်း မိုရာက ညပိုင်းကတည်းက လေစတိုက်တယ်။ မနက်ပိုင်း ၄ နာရီလောက်မှာ လေတစ်အားပြင်းလာတယ်။ နံနက် ၆ နာရီလောက်ကစပြီး ဆက်သွယ်ရေးလည်း ပြတ်တောက်သွားတယ်”ဟု ပြောသည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း မောင်တောခရိုင် လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က “လက်ရှိအခြေအနေအရ သဘာဝဘေးအန္တရာယ်လည်းဖြစ်သလို မိုးတွင်းကာလလည်း ရောက်ပြီဖြစ်တဲ့အတွက် လုံခြုံရေးအဖွဲ့အစည်းတွေကို ပုံမှန်အခြေအနေထက်ပိုပြီး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ဖို့၊ မုန်တိုင်းကြောင့် ဆက်သွယ်ရေး၊ လျှပ်စစ်မီး ပြတ်တောက်သွားတဲ့အတွက် ပုဂ္ဂလိက လုံခြုံရေး၊ အဖွဲ့အစည်းအလိုက် လုံခြုံရေးကို ဆောင်ရွက်ထားကြဖို့ ဌာနဆိုင်ရာအလိုက် မှာကြားထားပါတယ်”ဟု ပြောသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လမ်းမများပေါ်သို့ ပြိုလဲကျနေသည့် သစ်ပင်များ၊ လျှပ်စစ်ဓာတ်တိုင်များအား မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဝန်ထမ်းများနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက မုန်တိုင်းစဲသည်နှင့်တစ်ပြိုင်နက် လမ်းများပိတ်ဆို့မှုမရှိစေရန် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်က “မုန်တိုင်းတိုက်နေတဲ့အချိန် နံနက် ၄ နာရီကတည်း ပျက်စီးမှုအခြေအနေတွေကို ကယ်ဆယ်ရေး အဖွဲ့တွေနဲ့အတူ ဆိုင်ကယ်နဲ့ မြို့ထဲပတ်ကြည့်တယ်။ နံနက်မိုးလင်းပြီး မုန်တိုင်းစဲသွားတဲ့ အချိန် လမ်းမတွေပေါ်မှာ ပြိုကျနေတဲ့သစ်ပင်တွေ ဓာတ်တိုင်တွေကို လမ်းပိတ်ဆို့မှုမရှိအောင် ကယ်ဆယ်ရေးအဖွဲ့တွေက ရှင်းလင်းရေးတွေလုပ်တယ်။ လတ်တလော ဆက်သွယ်ရေး ပြတ်တောက်နေတဲ့အတွက် ကျေးရွာတွေက လူအသေအပျောက် ရှိ၊ မရှိ မသိရသေးဘူး”ဟု ပြောသည်။

မောင်တောမြို့ မြို့နယ်မီးသတ်ဦးစီးဌာနက မုန်တိုင်းမတိုက်မီနှင့် မုန်တိုင်းတိုက်ခတ်မည့် ညပိုင်းအထိ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မောင်တောမြို့ ရပ်ကွက်များနှင့် ကျေးရွာများသို့ သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ယနေ့ မွန်းလွဲပိုင်းကလည်း မောင်တောမြို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် မြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကြီးကြပ်မှုကော်မတီ တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ပုဂ္ဂလိကပိုင်အဆောက်အအုံများ၊ နိုင်ငံပိုင်အဆောက်အအုံများစာရင်းကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် အချိန်မီ စာရင်းကောက်ယူနိုင်ရေး၊ ပြတ်တောက်သွားသည့် လျှပ်စစ်မီးနှင့် ဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် အချိန်မီပြင်ဆင်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

“လက်ရှိအချိန်မှာ မြို့ပေါ်မှာရှိတဲ့ ဌာနဆိုင်ရာတွေ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီအဖွဲ့တွေက အဖွဲ့တွေဖြန့်ခွဲပြီး ရှင်းလင်းရေး၊ ကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားတဲ့ ပုဂ္ဂလိကပိုင် အဆောက်အအုံတွေ၊ နိုင်ငံပိုင်အဆောက်အအုံတွေ စာရင်းကိုလည်း သက်ဆိုင်ရာ ရပ်ကွက်၊ကျေးရွာအလိုက် အချိန်မီစာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်နေပါတယ်”ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြောသည်။

မောင်တောမြို့တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းမိုရာသည် မေ ၂၉ ရက် ညပိုင်းမှစတင်ပြီး ယနေ့ နံနက် ၈ နာရီအထိ တိုက်ခတ်ခဲ့ကြောင်း သိရသည်။

❒ *ကျောဖုံးမှ*

**နောက်တန်း**-နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ ထိုက်ထိုက်အောင်၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သောင်လျပ်ထျန်(ချင်း)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ **အလယ်တန်း**-ရန်အောင်ကျော် (ရန်ကုန်)၊ ရန်နိုင်ဦး၊ တင်ဝင်းအောင်(ရှမ်း)၊ မောင်မောင်လွင် (ဟံသာဝတီ)၊ စည်သူအောင်၊ မျိုးကိုထွန်း(ရတနာပုံ)၊ ဆောင်လမန်(ချင်း)၊ မင်းမင်းသူ(ဧရာဝတီ)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ **ရှေ့တန်း**-အောင်သူ(ရတနာပုံ)၊ ကျော်ကိုကို(ရန်ကုန်)၊ သန်းပိုင်(ချင်း)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၃ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲအဖြစ် ဇွန် ၁၃ ရက်တွင် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၃ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်မည်ဖြစ်ပြီး ဇွန် ၄ ရက်တွင် စင်ကာပူနိုင်ငံ၌ ခြေစမ်းပွဲများကစားရန် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်း၊ ဇွန် ၉ ရက်တွင် စင်ကာပူကလပ် နီဂါတာအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူနိုင်ငံ၌ ဇွန် ၄ ရက်မှ ၁၀ ရက်အထိ လေ့ကျင့်ကာ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲ ပထမပွဲတွင် အိန္ဒိယအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# လျှပ်စစ်ဓာတ်အားလုပ်ငန်း အရှုံးမရှိရေး

## ညီညီ (ဘော်တွင်း)

၂၀၁၇ မေလ ၂၀ ရက်နေ့စွဲပါကြေးမုံသတင်းစာတွင် "အရှုံးခံနေရသော လျှပ်စစ်ဓာတ်အားခ"ဟူသော ခေါင်းစီးပါ ဆရာကျော်ကျော်လှိုင် (SMART)၏ ဆောင်းပါးကို ဖတ်လိုက်ရပြီး အချက်အလက်အမှန်များဖြင့် တင်ပြသွားသည့်အပြင် လူတစ်ဦးအနေဖြင့် ယေဘုယျသဘောယူဆနိုင်သဖြင့် ကျေးဇူးတင်ရပါသည်။ ထိုဆောင်းပါးကို ဖတ်ပြီး ယခုဤဆောင်းပါးကို ရေးဖြစ်ပါသည်။ မကြာသေးမီက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း ဤကိစ္စအကြောင်းဖော်ပြပြီး ကျောက် မီးသွေးသုံးလျှင် အရှုံးပြေမည်လားအတွေးဖြင့် သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ထည့်သွင်းပြောကြားသွားကြောင်း ဖတ်လိုက်ရပါသည်။

**ကုန်ကျစရိတ်နှင့် ဓာတ်အားခ**

အထက်အဆိုပါဆောင်းပါးတွင် ၃၅/၄၀/၅၀ကျပ် စသည်ဖြင့် သုံးစွဲမှုဓာတ်အား ၁၀၀ အထိ/၁၀၀-၂၀၀/၂၀၀ အထက်ဟူ၍ သုံးမျိုးသုံးစား ခွဲထားသည်။ နေအိမ်သုံးနှင့် စက်မှုသုံးဟူ၍ ခွဲခြားမှုမရှိချေ။ သူပြောသည့်ပြဿနာမှာ ဓာတ်အား တစ်ယူနစ် (ကီလိုဝပ်-နာရီ) ထုတ်လုပ်ဖြန့်ဖြူးပေးတိုင်း ၂၃ ကျပ် ၁၅ ပြား ရှုံးနေသည့်ကိစ္စဖြစ်သည်။

သုံးစွဲသူ၏ ပျမ်းမျှဓာတ်အားခကို ၄၅ ကျပ်ထားလျှင် အရှုံးနှင့်ပေါင်းပါက ကုန်ကျစရိတ် ၆၈ကျပ် ၁၅ ပြားဖြစ်သည်။ ယနေ့ အတက်ဘက်တွင်ရှိနေသော ကန်ဒေါ်လာဈေး ၁၃၇၀ ကျပ်နှင့်တွက်လျှင် ကန်ငွေ ၅ ပြား(US Cent)သာ ရှိသည်။

ဒါကို ကမ္ဘာ့တန်ကြေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အလွန်နှစ်သက်ဖွယ်ကောင်းသော နှုန်းထားဖြစ်ပါသည်။ ကူဝိတ်နိုင်ငံတွင် ၀ ဒသမ ၃ ပြားမှ ၃ ပြား၊ တရုတ်နိုင်ငံတွင် ၄ ပြားမှ ၄ ဒသမ ၅ ပြား၊ ယူအေအီး (ဒူဘိုင်း)တွင် ၆ ဒသမ ၂၆ ပြားမှ ၁၀ ဒသမ ၃၅ပြား (လောင်စာဖိုး ၁ ဒသမ ၆၃ ပေါင်းထည့်)၊ ကနေဒါ(အွန်တေးရီးယိုး)တွင် ၆ ဒသမ ၅၂ ပြားမှ ၁၁ ဒသမ ၆၉ ပြား (နှစ်စဉ်ကြေးရှိ)၊ အင်ဒိုနီးရှားတွင် ၁၁ ပြား၊ ဟောင်ကောင်တွင် ၁၂ ပြားမှ ၂၄ ပြား၊ တောင်ကိုရီးယားတွင် ၅ ဒသမ ၁ ပြားမှ ၅၀ ဒသမ ၃ ပြား၊ မလေးရှားတွင် ၅ ပြားမှ ၁၃ ပြား၊ နယူးဇီလန်တွင် ၁၉ ဒသမ ၁၅ပြား၊ ဩစတြေးလျတွင် ၁၅ ပြားမှ ၂၆ ပြား စသည်ဖြင့် ဓာတ်အားခပေး သုံးစွဲကြသည်။ အမေရိကန်လို သူဌေးနိုင်ငံမှာပင် ၈ ပြားမှ ၁၇ ပြားရှိသည်။ (ကျမ်းကိုး - ဝီကီပီးဒီးယား အွန်လိုင်းစွယ်စုံကျမ်း)

မှတ်သားဖွယ်ရာများမှာ ကူဝိတ်နိုင်ငံတွင် သဘာဝဓာတ်ငွေ့အလကားနီးပါးရသည်။ တရုတ်နိုင်ငံသည် ကျောက်မီးသွေးကို အထူးအားထားသုံးစွဲသည်။ ရေအားလျှပ်စစ်ဓာတ်အားလည်းရှိသည်။ သဘာဝဓာတ်ငွေ့ ပြောပလောက်အောင်မရှိသဖြင့် ဝယ်ယူသုံးစွဲရသည်။ ဒူဘိုင်း၏ စွမ်းအင်ကို သဘာဝဓာတ်ငွေ့နှင့်ရေနံမှရသည်။ ဩစတြေးလျ၏ စွမ်းအင်ကိုရေအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့မှ ရသည်။ နယူးဇီလန်သည်ရေအားနှင့် ကျောက်မီးသွေး အလျှံပယ်ထွက်ရှိသော နိုင်ငံဖြစ်သည်။ ဘူမိရေပူစွမ်းအားလည်းရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစရိတ်သည် သင်တင့်သည့်အနေအထားမှာ ရှိသည်ဟု ဆိုနိုင်၏။ သို့သော် ဒါကကိန်းဂဏန်းကိုကြည့်ပြီး ဝေဖန်ခြင်းပါ။ ကိန်းဂဏန်းအားဖြင့် မြန်မာ့လျှပ်စစ်စွမ်းအင်လုပ်ငန်းသည် ကမ္ဘာ့အဆင့်မီပါသည်။ အထူးသဖြင့် အမြတ်မယူဘဲ အရှုံးခံ၍ပင် ဖြန့်ဖြူးရောင်းချနေသဖြင့် ချီးကျူးဖွယ်ဖြစ်၏။ သို့သော် အခြားတစ်ဖက်တွင်လည်း ဆရာကျော်ကျော်လှိုင်ပြောသလို အရှုံးခံကာ အလုပ်လုပ်နေရသဖြင့် မိမိလုပ်ငန်းကို မိမိဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ဘဲ အလွန်ချည့်နဲ့မှု ရှိနေသည်ဆိုသည်မှာလည်း အမှန်ဖြစ်ခြေသည်။

**ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး**

သို့သော် လျှပ်စစ်ဓာတ်အားသုံးစွဲသူ၏ အမြင်တွင်မူ မြန်မာ့လျှပ်စစ်စွမ်းအင်လုပ်ငန်းသည် စွမ်းအင်ထုတ်လုပ်ရေး၊ ဖြန့်ဖြူးရောင်းချရေးနှင့်မွမ်းမံထိန်းသိမ်းရေး အလုပ်များတွင် ယခုထက်ပိုမိုလုပ်ငန်းအဆင့်မြှင့်တင်ဖို့လိုသည်။ မြှင့်တင်ရန်နေရာ (Space for Upgrading)လည်း ရှိသည်ဟုမြင်သည်။

ဥပမာ - ဂရောင်းဖော့ (Ground Fault)ကြောင့် မိုးဦးကာလ မိုးတွင်းကာလများတွင် ဓာတ်အားကို တစ်မြို့လုံး တစ်နယ်လုံး နာရီအနည်းငယ်မှသည် ၁၄-၁၅ နာရီ၊ တစ်ခါ တစ်ရံ လုပ်ငန်းစနစ်ကြောင့်ဖြစ်လျှင် တစ်နေ့လုံး သို့မဟုတ် တစ်နေ့ထက်ကျော်၍ ပြတ်တောက်မှုရှိ၏။ လိုင်းဖော့ရှာသည့် ဝန်ထမ်းများ အလွန်ကြိုးစားသည်၊ အလွန်ပင်ပန်းကြသည်ကိုလည်း ကျွန်တော်တို့သိပါ၏။ သို့သော် ဒါကိုမသိသော သုံးစွဲသူများ မကျေနပ်ကြခြင်းသည်လည်း သဘာဝကျပါသည်။ အလားတူလုပ်ငန်းများနှင့် မယှဉ်ပါးခဲ့ဖူးသော အရပ်သားများက ပို၍ခံစားကြရသည်ထင်သည်။ သို့သော် ကျွန်တော်ပြောချင်သည်က ဒါမဟုတ်။ လိုင်းဖော့၏ အကြောင်းရင်းများကို လျှပ်စစ်ဆိုင်ရာဝန်ထမ်းများက ကျွန်တော့်ထက် ပိုသိကြပါမည်။ သို့သော် ပိုက်ဆံမရှိ၍လား၊ လူငှားမရ၍လားမသိ၊ ကောင်းကင်လိုင်းများနှင့်ထိနေသည့် သို့မဟုတ် မိုးတွင်းကာလတွင် ထိစရာ အကြောင်းရှိသည့် သစ်ပင်သစ်ကိုင်းများကို အချိန်မီ ခုတ်ထွင်ရှင်းလင်းသည့် အလေ့အထမရှိခြင်းကို ကျွန်တော်အပြစ်ဆိုချင်သည်။

နောက်ပြီး လေတိုက်လာသည်နှင့် လျော့လျော့ရဲရဲ ချိတ်ဆွဲထားသော (အသေအချာ ခိုင်ခိုင်မြဲမြဲတပ်ဆင်မထားသော) လမ်းထောင့်ကြိုးဆက်များ ပြုတ်ကျလေသောအခါ "လိုင်းအောက်" ဖြစ်လေသည်။ ဆစ်စတမ်ဘရိတ်ဒေါင်းဆိုတာလည်းရှိသည်။ (စက်ပျက်ခြင်းကိုဆိုသည်ဟု ကျွန်တော်ထင်ပါသည်) ဘာကြောင့်ပဲပျက်ပျက် သည်ပျက်ယွင်းမှုများကို ကြိုတင်ပြင်ဆင်ကာကွယ်မှု လုပ်ထားကြရမည်ဖြစ်သည်။ ဥပမာ-အပိုစက်၊ အရန်လိုင်းနှင့် အရန်ပစ္စည်းများအမြဲတမ်း လက်ဝယ်ရှိနေခြင်း၊ အပေါစားပစ္စည်းအစား အကောင်းစားပစ္စည်းသုံးစွဲခြင်းဖြစ်သည်။

ကျွန်တော်အပိုတွေများ ပြောနေမိသလား။ မဟုတ်ပါ။ လျှပ်စစ်လုပ်ငန်းကို နိုင်ငံတော်အစိုးရအနေဖြင့် တစ်စိတ်တစ်ပိုင်းအားဖြင့် ငွေ/ပစ္စည်းမပြည့်စုံသည့် အများပြည်သူများအတွက် (နိုင်ငံတော်မဖွံ့ဖြိုးမီ ယာယီအားဖြင့်) ရည်ရွယ်၍ ဓာတ်အားခကိုသုံးမျိုးသုံးစား ခွဲခြားသတ်မှတ်ထားတာ ဘာမျှပြောစရာမရှိပါ။ သို့သော် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအလုပ်သည် စီးပွားရေးအလုပ်ဖြစ်သည်။ ဓာတ်အားအနည်းငယ်စီသာသုံးသော ဆင်းရဲသားများအား အရင်းနှင့်ရောင်းချပြီး အသုံးများသူ(လုပ်ငန်းရှင်နှင့် တတ်နိုင်သူ) များအား ယခုထက်ပိုမိုကျခံစေသင့်သည်။ ဥပမာ- နှုန်းထား အမေရိကန်ဒေါ်လာ ၇ ပြား-၈ပြား စသည်ဖြင့် အသေအချာ တွက်ချက်သတ်မှတ်နိုင်မည်ထင်သည်။ သို့မှလည်း လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်လိမ့်မည်။

> **သို့သော် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအလုပ်သည် စီးပွားရေးအလုပ်ဖြစ်သည်။ ဓာတ်အား အနည်းငယ်စီသာသုံးသော ဆင်းရဲသားများအား အရင်းနှင့်ရောင်းချပြီး အသုံးများသူ (လုပ်ငန်းရှင် နှင့် တတ်နိုင် သူ) များအား ယခုထက်ပိုမိုကျခံစေသင့်သည်။**

ထို့အပြင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်ပါသေးသည်။

**ကုန်ကျစရိတ်များ**

ကုန်ကျစရိတ်များကို စိစစ်ပြုပြင်ရာတွင် လုပ်ငန်းတွင်းပြင်ရှိရှိသမျှနေရာအားလုံးရှိ ကုန်ကျစရိတ်နေရာများကို တစ်မယ်ချင်းအလိုက် အဝယ်စရိတ်၊ အသုံးစရိတ်၊ အငှားစရိတ်အားလုံးကို သူ့နေရာနှင့်သူ အသေးစိတ် ပိုင်းခြားသတ်မှတ်ကျခံသည့် စာရင်းများ ဆိုက်ရုံး၊ နယ်ရုံးခွဲ၊ ရုံးချုပ်တို့တွင် စနစ်တကျရေးသွင်းကြရပါသည်။ သို့မှသာ "အရင်းစစ်အမြစ်မြေက" ဘယ်နေရာမှာ ဟာကွက်ဟာကွက်ရှိသည်၊ မလိုအပ်ဘဲ ကုန်ကျနေသည် သို့မဟုတ် သည့်ထက်ပိုမိုထိရောက်အောင် သုံးစွဲနိုင်သည် စသည်ဖြင့် ပုံမှန်စနစ်ကျင့်သုံးလျက် ပြုပြင်ထိန်းကျောင်းနိုင်ပါသည်။

အထူးသဖြင့် ပုံသေအသုံးစရိတ်များကို မလိုအပ်ဘဲ ဌာနချဲ့ထွင်ကြီးထွားခြင်းမရှိအောင် သတိချပ်ကြရသည်။ နေ့စားဦးရေကို သုံးသည်ထက် ၂/၃ ဆ လစာစာရင်းပြုစုသည်တို့ရှိကြောင်း ကြားဖူးသည်။ ဝန်ထမ်းများဖြင့် ပြည့်ကျပ်နေပြီး အလုပ်မပြီးသည့်ရုံးများလည်း ရှိသည်။ ဤရုံးများနှင့် ရုံးအသုံးစရိတ်များသည် ပုံသေစရိတ်များ (Overhead and fixed Costs)တွင် ပါဝင်သည်။ အနီပုံသေစရိတ်များသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် အညီမဟုတ်၊ ထုတ်လုပ်-ရောင်းချမှုနည်းသည်ဖြစ်စေ များသည်ဖြစ်စေ၊ မူလအစီအမံအတိုင်း ရောင်းချနိုင်သည်ဖြစ်စေ၊ မရောင်းချနိုင်သည်ဖြစ်စေ ကုန်မြဲကုန်ကျနေ၏။

ထို့ကြောင့်ပုံမှန်အခြေအနေများ ဖောက်ပြန်သောအခါ ဥပမာ- ဓာတ်အားပြတ်တောက်ခြင်း(Power Outages) အကြိမ်များလာသောအခါ၊ ပြတ်တောက်ချိန်များ ရှည်ကြာလာသောအခါ ပုံသေစရိတ်များသည် ပုံသေမဟုတ်တော့ဘဲ အတိုးဘက်သို့ ဝင်ရောက်သွားသည်။ တစ်ယူနစ်၏ ကုန်ကျစရိတ်တိုးလာခြင်းကို ဆိုလိုသည်။ ၁၀ ရာခိုင်နှုန်း ဓာတ်အားပြတ်တောက်မှုရှိသည်ဆိုလျှင် ပြုပြင်ရသည့် အချိန်ပိုလုပ်ခ၊ အရန်ပစ္စည်းစရိတ်၊ သွားလာစရိတ်များအပြင် အချိန်နှင့် တစ်ပြေးညီသွားနေသည့် ပုံသေစရိတ်များက ၁၀ ရာခိုင်နှုန်း အရှုံး၏ အထက်တွင် ဝင်ရောက်အလေးစီးကြသည်။

သို့ဖြင့် လုပ်ငန်းကြီးတစ်ခုလုံး၏ ပုံသေကုန်ကျစရိတ်များနှင့် ပြတ်တောက်၍ဆုံးရှုံးရသည့် ဓာတ်အားဆုံးရှုံးမှုသည် အခြားသောလုပ်ငန်းမပီပြင်မှုများ (Inefficiencies)နည်းတူ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် တစ်ပြေးညီ အကျိုးသက်ရောက်မှုရှိသည်မှာထင်ရှားသည်။ ဌာနဆိုင်ရာ၏ တာဝန်ကို ပြည်သူ့အပေါ် ပုံမချမှတရားမျှတလိမ့်မည်။

အချုပ်မှာ လက်ဝယ်ရှိသမျှအင်အား (Resources) ကို အကျိုးရှိရှိ ထိရောက်စွာ အသုံးပြုရေးဖြစ်၏။ ဒါတွေအားလုံးကို ဂဃနဏတွက်ချက်သိမြင်ပြီးပြီဆိုလျှင် ဓာတ်အားခ ပြင်ဆင်သတ်မှတ်ရေး စဉ်းစား၍ရပြီထင်သည်။

# ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ရှစ်ခု၌ တိုင်းတာစစ်ဆေးမှုဆောင်ရွက်မည်

**ရန်ကုန် မေ ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် UNICEF (မြန်မာ)၊ The leprosy Mission (မြန်မာ)တို့ပူးပေါင်း၍ ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးမှု အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (ECI)ဝန်ဆောင်မှုစနစ် တစ်ရပ်ပေါ်ပေါက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လာမည့် ၂၀၁၈ ခုနှစ် အစောပိုင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးလေးခုရှိ မြို့နယ်ရှစ်မြို့နယ်၌ မွေးကင်းစမှ အသက် ၃ နှစ်အတွင်းရှိ ကလေးများအားဖွံ့ဖြိုးမှု အခြေအနေတိုင်းတာစစ်ဆေးခြင်း လုပ်ငန်းကို စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောသည်။

"ဒီလိုရှေ့ပြေးစမ်းသပ်အောင်မြင်မှုပေးနိုင်ဖို့ ကလေးတွေရဲ့ဖွံ့ဖြိုးမှုကို တိုင်းတာစစ်ဆေးဖို့အတွက် သတ်မှတ်ထားတဲ့ မြို့နယ်ကျေးရွာတစ်ခုခုမှာ Ages & Stages မေးခွန်းလွှာတွေကို အသုံးပြုသွားမှာဖြစ်ပါတယ်" ဟု ဦးမျိုးဆက်အောင်က ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် ၃ လမ်း Hotel Valley Yangon ၌ ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ECI ဝန်ဆောင်မှုစနစ် ရှေ့ပြေးစမ်းသပ်ဝန်ဆောင်မှုပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်၊ မွန်ပြည်နယ်၊ပေါင်မြို့နယ်နှင့် သထုံမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ ချောင်းဦးမြို့နယ်နှင့် အရာတော်မြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မွေးစကနေ သုံးနှစ်အတွင်းမှာ ကလေးတွေရဲ့ အခြေအနေတွေကို အသေအချာလိုက်ကြည့်မယ်ဆိုရင် မသန်စွမ်း တစ်မျိုးမျိုး ဖြစ်နိုင်ရင်တောင်မှ ပြုစုစောင့်ရှောက်မှုတွေ ကောင်းအောင် လုပ်ပေးမယ်ဆိုရင် ကလေးတွေရဲ့ဖွံ့ဖြိုးမှုကသာမန် ကလေးတွေလို ဖွံ့ဖြိုးနိုင်ပါတယ်။ ဒါကြောင့် သတ်မှတ်ထားတဲ့ မြို့နယ်တွေမှာ ရှေ့ပြေးစမ်းသပ်မှုအနေနဲ့ မေးခွန်းလွှာတွေမေးမြန်းပြီး ရှေးဦးအရွယ်ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေတိုင်းတာစစ်ဆေးမှုကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။တစ်နည်းအားဖြင့် ဒီအစီအစဉ်က ကလေးသူငယ်မသန်စွမ်းဖြစ်ပွားမှုနှုန်းကို လျှော့ချခြင်းလည်းဖြစ်ပါတယ်"ဟု The leprosy Mission မှ ကန်းထရီး ဒါရိုက်တာ ဒေါက်တာဇော်မိုးအောင်က ရှင်းပြသည်။



အဆိုပါ ECI ဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုရန်မေးခွန်းလွှာများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ထိုမေးခွန်းလွှာများကို နောက်ဆုံးအဆင့် သုံးသပ်ပြင်ဆင်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်းကို စောစောတွေ့ရှိပြီး ECI ဝန်ဆောင်မှုစောစောပေးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတွင်ကလေးသူငယ် ၃၀ ရာခိုင်နှုန်းမှာ အာဟာရချို့တဲ့မှုကြောင့် ဖွံ့ဖြိုးမှုနှေးကွေးနေကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သက္က**

# တာတမံဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေးကြပြီး အတည်ပြုခဲ့

**နေပြည်တော်  မေ ၃၀**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းငါးခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု၊ ဥပဒေကြမ်းတစ်ခုနှင့် အဆိုတစ်ခုတို့အား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံး အဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ **လှိုင်လင်မြို့နယ် ဟွေတောက်ချောင်းကူး သစ်သားတံတား နေရာတွင် သံကူကွန်ကရစ်တံတားတစ်စင်း ဆောက်လုပ်ပေးရန်နှင့် မိုင်းပွန်တိုက်နယ် ကျေးရွာအုပ်စုမှ တောင်ကြီးဖေးရွာအထိ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်ကြီးဖေးရွာလမ်းနှင့် ဟွေတောက်ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားပါဝင်ခြင်းမရှိပါကြောင်း၊ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်း နှစ်အလိုက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစားပေးလျာထားမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း၏ မုဒုံမြို့နယ် **ဝဲကလိချောင်း တံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မုဒုံမြို့နယ်အတွင်း ဝဲကလိချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းသည် ယခု ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားပါဝင်ခြင်းမရှိပါကြောင်း၊ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း နှစ်အလိုက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစားပေးလျာထားမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ခနောင်ဖြူမဲဆန္ဒနယ်မှ ဦးတင်လှနှင့် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်တို့၏ လမ်းအဆင့်မြှင့်တင်ပေးရေး၊ လမ်းဖောက်လုပ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး တင်သွင်းသည့် **"အဂတိလိုက်စားမှု(လာဘ်ပေးလာဘ်ယူမှု) ကျဆင်းရန်အတွက် အစိုးရရုံးများနှင့် ပြည်သူလူထုဆက်ဆံရေးပြေပြစ်ရန် အစိုးရရုံးများက အကြောင်းပြချက်မခိုင်လုံဘဲ ရုံးချိန်း ခဏခဏမပြောင်းရန်အတွက် ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်သော အရေးယူမှု၊ အမိန့်၊ ဥပဒေများ ချမှတ်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်းက ဌာနအသီးသီး၏ အဂတိလိုက်စားမှုသည် ပြည်သူများအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်နေပါကြောင်း၊ မြန်မာနိုင်ငံအတွင်း အဂတိလိုက်စားမှုသည် အနာဂတ်ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများ တိုးတက်ရန်အတွက် အဓိကအတားအဆီးဖြစ်နေသည်ဟု ကမ္ဘာ့ဘဏ်က သုံးသပ်ထားပါကြောင်း၊ အစိုးရဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းများ၏ပိုင်ဆိုင်မှုများကို ဖော်ထုတ်ကြေညာသည့်ဥပဒေများ ပြဋ္ဌာန်းပေးမည်ဆိုပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်က အချို့ဌာနများတွင် မသိနားမလည်သော အရပ်သားပြည်သူများ ရုံးကိုရောက်လာသည့်အခါ မယဉ်ကျေးသော အပြောအဆို၊ အပြုအမူများဖြင့် အပေါ်စီးမှဆက်ဆံမှုများ ယခုအချိန်အထိ ရှိနေသည်ကို ကြားသိနေရပါကြောင်း၊ အချို့ပြည်သူများသည် ရုံးချိန်းများ၊ ဌာနဆိုင်ရာများနှင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် အလုပ်ပျက်ခံ၍ တစ်နေကုန် ရုံးတွင်စောင့်ရခြင်း၊ ညနေရောက်သည့်အခါမှ မအားသည်ဟုဆိုကာ တာဝန်မဲ့စွာဖြင့် ရုံးချိန်းပြောင်းခြင်း၊ ရက်ချိန်းရွှေ့ခြင်းများကြောင့် ဒုက္ခရောက်ကြရသည့် ပြည်သူအများအပြားရှိနေပါကြောင်း ဆွေးနွေးသည်။

မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိက ရုံးချိန်းများ ခဏခဏ သွားကြရသည့်အခါတွင် အစိုးရယန္တရားအပေါ် ပြည်သူများ၏ ယုံကြည်မှုလျော့နည်းလာပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပြည်သူကို ရိုသေလေးစားစွာဝန်ဆောင်မှုပေးရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်နှင့် ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့်တို့ကလည်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းက ဝန်ထမ်းများက ပြည်သူလူထုကို ရုံးဌာနများသို့ အကြိမ်ကြိမ်ချိန်းဆိုကာ အချိန်ဆွဲ၊ စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ပြီး လာဘ်ပေးလာအောင် ဖန်တီးသည့်ကိစ္စများ လျော့နည်းကျဆင်းသွားစေရန် ပြည်သူလူထုအား ဝန်ဆောင်မှုပေးသည့် ဌာနဆိုင်ရာများအနေဖြင့် ဝန်ဆောင်မှုပေးနေသည့်လုပ်ငန်းများတွင် မလိုအပ်သည့်အဆင့်များကို လျှော့ချရန်၊ ဝန်ဆောင်ပေးမှု မှတ်တမ်းများထားရှိရန်နှင့် လုပ်ငန်းတစ်ခုချင်းအလိုက် ပြီးပြတ်အောင်ဆောင်ရွက်ရမည့် အချိန်ကာလကို တိကျစွာသတ်မှတ်ပြီး အများပြည်သူသိရှိနိုင်ရန်အတွက် ပွင့်လင်းမြင်သာစွာ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ကြေညာရန်လိုအပ်သဖြင့် အချို့ဌာနများတွင် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပနေစဉ်

သို့ရာတွင် ဆောင်ရွက်ရန်ကျန်ရှိနေသော ပြည်သူလူထုနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်သည့်အစိုးရဌာန၊ အဖွဲ့အစည်းများအနေဖြင့် မိမိဌာနအလိုက် လုပ်ငန်းသဘောသဘာဝ ကွဲပြားခြားနားမှုအခြေအနေကိုမူတည်၍ ဆောင်ရွက်ပေးရန်၊ ပြီးပြတ်အောင်ဆောင်ရွက်ပေးမည့် အချိန်ကာလနှင့် ယူဆောင်လာရမည့်အချက်များကို ပြည်သူလူထုသိရှိနိုင်ရန် ဌာနဆိုင်ရာရုံးတိုင်း၏ မြင်သာသည့်နေရာများတွင် ထင်ထင်ရှားရှား ကြေညာထားရန်၊ ခိုင်လုံသောအကြောင်းမရှိဘဲ သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပေးခြင်းမပြုပါက ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် တိုင်ကြားနိုင်သည့် Complaint Center များ ထုတ်ပြန်ကြေညာထားရန်၊ ပြည်သူများ၏ လုပ်ငန်းဆောင်ရွက်ရမှုအပေါ် တိုင်ကြားသည့် တိုင်စာကို စစ်ဆေးရာတွင် တိုင်ကြားခံရသူသည် မိမိ၏လုပ်ငန်းတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ခြင်းမပြုကြောင်း၊ ပြည်သူလူထုကို လုပ်ပိုင်ခွင့်ဘောင်အတွင်းမှ ပညာပြအချိန်ဆွဲကြောင်းတွေ့ရှိပါက အဆိုပါဝန်ထမ်းအား ဝန်ထမ်းစည်းကမ်းအရ အရေးယူရေးနှင့် လာဘ်ယူကြောင်း ပေါ်ပေါက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မလိုအပ်ဘဲ ရွှေ့ပြောင်းချိန်းဆိုခြင်း ဖြစ်ပေါ်ရခြင်းမှာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၏ အားနည်းချက်တစ်ခုတည်းကြောင့် မဟုတ်ဘဲ သက်ဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းမကျွမ်းကျင်မှု၊ မသမာမှုများကြောင့် ဖြစ်နိုင်သည့်အတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ကြပ်မတ်ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကိုမှတ်တမ်းတင် ထားရှိသင့်ပါကြောင်း ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တင်သွင်းသည့် အစီရင်ခံစာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တာတမံဥပဒေကြမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ပန်ခွာတွင် ကုန်သွယ်ရေးစခန်းအသစ်ဖွင့်လှစ်ပေးရန် မြန်မာဘက်မှတောင်းဆိုထား

**နေပြည်တော် မေ ၃၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ် ဇင်းခါးချေကျေးရွာချောင်းသားမြောက်ကွင်း ကွင်းအမှတ် ၈၄၇(A)တွင်ရှိသည့် လယ်မြေ ၁၅ ဧကကို ကာကွယ်ရေးဝန်ကြီးဌာန သိမ်းဆည်းမြေအဖြစ်မှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က လယ်မြေ ၁၅ ဧကသည် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ စားကျက်မြေ ပယ်ဖျက်ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်သော်လည်း တပ်ရင်းဌာနချုပ်နှင့် ၁၀ မိုင်ခန့်ကွာဝေးခြင်း၊ နှစ်စဉ်မိုးရာသီ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး မိုးစပါး=စိုက်ပျိုး နိုင်မှုမရှိခြင်းတို့ကြောင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်စွန့်လွှတ်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ် မျှော်တော်ဦးအုပ်စု ပြားကြီးကျေးရွာ၌ ဒီရေတိုက်စားသဖြင့် မြေပြိုကျနေမှုကို လှိုင်းကာကျောက်တန်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေကျပ် ၁၂၆ ဒသမ ၄၂၂ သန်းဖြင့် အလျားပေ ၁၅၀ ကျောက်ဖြည့်ရေကာတန်း ခြောက်ခု၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏ မူလရန်ပုံငွေကျပ် ၁၂၆ ဒသမ ၄၂၂ သန်းဖြင့် အလျားပေ ၁၅၀ ကျောက်ဖြည့်ရေကာတန်း ခြောက်ခုတို့ကို တည်ဆောက်ကာကွယ်ခဲ့ရာ လှိုင်းပုတ်ကမ်းပြိုမှုကို သက်သာခဲ့ပါကြောင်း။


ဒုတိယ
ဝန်ကြီး
ဦးအောင်ထူး

သို့ရာတွင် လှိုင်းဒဏ်ခံနေရသည့် အလျားပေ ၇၀၀၀ ကျော်အတွက် လုံလောက်မှုမရှိသည့်အတွက် ရေကာတန်းများ ဆက်လက်တည်ဆောက်ပေးရန်နှင့် တည်ဆောက်ပြီး ရေကာတန်းများ ပြုပြင်ထိန်းသိမ်းရန် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပါကြောင်း၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။


စစ်ကိုင်းတိုင်း
ဒေသကြီး
မဲဆန္ဒနယ်မှ
ဦးမောင်မောင်လတ်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး အခြေအနေကို ပြန်လည်သုံးသပ်ပြီး မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယအစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ တိုးတက်မြင့်မားလာစေရန်အတွက် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေး၊ နှစ်နိုင်ငံအရာထမ်းအဆင့် နယ်စပ်ကုန်သွယ်ရေးကော်မတီအစည်းအဝေးနှင့် နယ်စပ်ဈေး ပူးတွဲကော်မတီ အစည်းအဝေးများကို အပြန်အလှန် ကျင်းပ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် နေပြည်တော်တွင် ကျင်းပသည့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးတွင် နယ်စပ်ကုန်သွယ်ရေးအတွက် ကုန်သွယ်မှုပြုနိုင်သည့် အမယ်များ တိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ ထန်တလန်တွင် ကုန်သွယ်ရေးစခန်းဖွင့်လှစ်ခဲ့ပြီး အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ပန်ခွာတွင် ကုန်သွယ်ရေးစခန်းအသစ်ဖွင့်လှစ်ပေးရန် မြန်မာဘက်မှ တောင်းဆိုထားပါကြောင်း။

ထို့ပြင် နှစ်နိုင်ငံ ဘဏ်လုပ်ငန်းအပြင် လယ်ယာ၊ ရေထွက်၊ ဆေးဝါး၊ အထည်အလိပ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း၊ ဆဋ္ဌမအကြိမ် မြန်မာ - အိန္ဒိယ ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ၂၀၁၇ ခုနှစ် ဇွန်လအတွင်း ကျင်းပရန်ရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး စေ့စပ်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်လာစေရေးအတွက် နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးများ၊ နယ်စပ်ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးများနှင့် နယ်စပ်ဈေး ပူးတွဲကော်မတီ အစည်းအဝေးများကို ပုံမှန်ကျင်းပ၍ နယ်စပ်ကုန်သွယ်မှု တိုးတက်ရေးနှင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်နှင့် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၃၁ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **သူရဇော်၊ အေးအေးသန့်(သတင်းစဉ်)**

# ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းအား မိမိနာမည်ပေါက်ဖြင့် ပေးဆောင်နိုင်မည်

**နေပြည်တော် မေ ၃၀**

မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ကုန်သွယ်လုပ်ငန်း ဆောင်ရွက်နေကြသည့် ကုမ္ပဏီမတည်ထောင်နိုင်သော လုပ်ငန်းရှင်ငယ်များအနေဖြင့် နိုင်ငံတော်သို့ ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကို မိမိတို့ နာမည်နှင့် အမည်ပေါက် ပေးဆောင်နိုင်ကြမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးထံမှ သိရသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **ကုန်သွယ်လုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် ကုန်သွယ်မှုပြုရာတွင် ဝင်ငွေခွန် (၂) ရာခိုင်နှုန်း ပေးဆောင်နေရပေမယ့် ဝင်ငွေခွန်ဆောင်သူအဖြစ် အမည်စာရင်း မပါရှိကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ပို့ကုန်ကုမ္ပဏီများနှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ တင်ပို့မှုတန်ဖိုး၏ (၂)ရာခိုင်နှုန်းကို ကြိုတင်ဝင်ငွေခွန်အဖြစ် ကောက်ခံနေပါကြောင်း၊ ထိုသို့ကောက်ခံရာတွင် ပို့ကုန်လုပ်ငန်းရှင်အငယ်များသည် ကုမ္ပဏီများမှတစ်ဆင့် တင်ပို့ကြသည့်အတွက် ပို့ကုန်ကုမ္ပဏီများမှ ဆောင်ရမည့် ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းအား တစ်ဦးချင်း ပို့ကုန်လုပ်ငန်းရှင်များ၏ ပို့ကုန်တန်ဖိုးမှ နုတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ပို့ကုန်ကုန်သည်တစ်ဦးချင်းသည် (၂)ရာခိုင်နှုန်းအား သက်ဆိုင်ရာ ပို့ကုန်ကုမ္ပဏီအား ပေးလိုက်သော်လည်း ပြည်တွင်းအခွန်များဦးစီးဌာနတွင် စာရင်းမဝင်ဖြစ်ရပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

အဆိုပါ အခက်အခဲကို ကျော်လွှားနိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်လုပ်ငန်းရှင်ငယ်များကို **တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်ကတ် (Individual Trading Card - ITC)** များထုတ်ပေးပြီး တစ်ရက်လျှင် ငွေကျပ် သိန်း ၃၀ နှင့် တစ်ပတ်လျှင် ငွေကျပ် သိန်း ၁၅၀ အထိ ကုန်သွယ်ခွင့်ပြုထားပါကြောင်း၊ သို့မှသာ ကုမ္ပဏီတည်ထောင်၍ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသော လုပ်ငန်းရှင်ငယ်များ ကုန်သွယ်မှုပြုရာတွင် ပိုမိုအဆင်ပြေမည့်အပြင် မိမိတို့ဆောင်သော ကြိုတင်ဝင်ငွေခွန် (၂)ရာခိုင်နှုန်းကို မိမိတို့နာမည်နှင့် အမည်ပေါက် ပေးဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုကို တမူးကုန်သွယ်ရေးစခန်းနှင့် ရိဒ်ကုန်သွယ်ရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အပြင် ထန်တလန် နယ်စပ်ကုန်သွယ်ရေးစခန်းကိုလည်း ထပ်မံဖွင့်လှစ်ထားသည်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများအရ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုပမာဏမှာ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆၄၈ သန်းမှ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၂၄၄ သန်း၊ ရိဒ်ကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှု ပမာဏမှာ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၄၈၇ သန်းမှ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆၅၂ သန်းအထိ ပိုမိုတိုးတက်ခဲ့ကြောင်း သိရသည်။

**သူရဇော်**

## ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် မိမိတို့ဒေသတွင် ပြန်လည်အသုံးချနိုင်မည်

**မြဝတီ မေ ၃၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ လေးကေ့ကော်မြို့သစ် ဒူးပလာယာ ကျောင်းခန်းမ၌ ကရင်အမျိုးသားအဖွဲ့အစည်း (Karen National Union -KNU) နှင့် Karen Refugee Committee(KRC) တို့၏ တောင်းဆိုမှုဖြင့် မယ့်ဖားလုံဖောင်ဒေးရှင်းမှ သင်ကြားပို့ချပေးခဲ့သည့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။




ရှေးဦးစွာ သင်တန်းတွင် ပို့ချခဲ့သည်များနှင့် သင်တန်းအတွေ့အကြုံများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ မယ့်ဖားလုံဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံအစီအစဉ်များ ညွှန်ကြားရေးမှူး ဦးခမ်းအောင်က သင်တန်းနှင့်ပတ်သက်ပြီး အမှာစကားပြောကြားရာတွင် ယခုသင်တန်းအား မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများအား ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးများကို မည်သို့ဆောင်ရွက်ရမည်ကိုရည်ရွယ်ပါကြောင်း၊ သင်တန်းကို ကိုယ်တိုင်လက်တွေ့ လုပ်ရင်းသင်ယူရသည့် နည်းလမ်းနှင့် အဓိကထားသင်ကြားပေးခဲ့ပါကြောင်း၊ သင်တန်းသားများသည် ကိုယ်တိုင်လေ့ကျင့် သင်ကြားရသည့်အတွက် စီမံခန့်ခွဲမှုနည်းပညာကိုပါ လက်တွေ့ဘဝတွင် အသုံးချနိုင်အောင် ရည်ရွယ်ထားပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဌေးကျော်နှင့် မယ့်ဖားလုံဖောင်ဒေးရှင်း မြန်မာနိုင်ငံအစီအစဉ်များညွှန်ကြားရေးမှူး ဦးခမ်းအောင်တို့က သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းကို ကြာအင်းဆိပ်ကြီးမြို့နယ် ထီးညာပေါ်ကျေးရွာတွင် မေ ၃ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချကာ ၂၅ ရက်မှ ၃၀ ရက်အထိ ယခုလေးကေ့ကော်မြို့သစ်တွင် လေ့လာရေးအဖြစ်ရောက်ရှိပြီး သင်တန်းဆင်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၁ ဦးတက်ရောက်ပြီး ရေအရင်းအမြစ်ရှာဖွေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေးဆိုင်ရာများ၊ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ သင်တန်းမှာ ရေသွယ်တာတွေ၊ ရွာရဲ့သတင်းအချက်အလက်တွေကောက်ယူတာတွေ၊ မွေးမြူရေး စတာတွေသင်ရတာပေ့ါ။ စာတွေ့ရော၊ လက်တွေ့ရောဆိုတော့ ကိုယ့်နေရာဒေသပြန်ရောက်ရင် ပြန်လည်အသုံးချလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သင်တန်းက ကျွန်တော်တို့ရဲ့နေရာဒေသနဲ့ အလွန်ကိုက်ညီပါတယ်”ဟု ကရင်ဒုက္ခသည်ကော်မတီအဖွဲ့မှ တက်ရောက်သည့် သင်တန်းသား စောစဲမယယ်ထူးက ပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် ဂုဏ်ပြုအလှူငွေပေးအပ်

**နေပြည်တော် မေ ၃၀**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုအလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ၎င်းအသင်း၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်က နှုတ်ခွန်းဆက်ကျေးဇူးတင်စကား ပြောကြားပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အလှူငွေများ၊ ဆေးနှင့် ဆေးပစ္စည်းများကို လက်ခံခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ခြင်း၊ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ယင်းအခမ်းအနားတွင် လှူဒါန်းငွေကျပ် ၃၆၄၇၈၀၀၀ ကို လက်ခံရရှိသဖြင့် ၎င်းလှူဒါန်းရရှိသည့်ငွေ၊ ဆေးနှင့် ဆေးပစ္စည်းများကို ပြည်သူလူထု အကျိုးပြုလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## မိုးကြိုးဘေးကြောင့် သေဆုံးသွားသည့် ကျန်ရစ်သူမိသားစုအား အိမ်တိုင်ရာရောက်ထောက်ပံ့ငွေပေးအပ်

**ဝေါ မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အင်းတိုင်ကျေးရွာအုပ်စုတွင် မိုးကြိုးဘေးကြောင့် သေဆုံးသွားသူ၏ နေအိမ်သို့ တာဝန်ရှိသူများသည် မေ ၃၀ ရက်က သွားရောက်၍ ကျန်ရစ်သူမိသားစုများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ငွေ ပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာမျိုးထက်၊ တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ငြိမ်းချမ်းမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများသည် ဝေါမြို့နယ် အင်းတိုင်ကျေးရွာအုပ်စု ပွတ္တနိစုကျေးရွာသို့ သွားရောက်ပြီး မေ ၂၄ရက် နံနက်ပိုင်းက မိုးကြိုးဘေးဖြင့် သေဆုံးသွားသော ဦးညာဏ်လင်းထွန်း အတွက် ထောက်ပံ့ကြေး ငွေကျပ် သုံးသိန်းအား ပေးအပ်ရာ ကျန်ရစ်သူဇနီး ဒေါ်ပန်းသီတာက လက်ခံရယူသည်။

မေ ၂၄ ရက် နံနက် ၆ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အင်းတိုင်ကျေးရွာအုပ်စု ပွတ္တနိစုကျေးရွာနေ ဦးညာဏ်လင်းထွန်း (၂၄ နှစ်)သည် ယောက်ဖဖြစ်သူနှင့်အတူ ငါးဖမ်းနေရာမှ ထမင်းချိုင့်ပြန်ယူရန် စက်လှေနှင့်ပြန်လာစဉ် ဦးညာဏ်လင်းထွန်းမှာ မိုးကြိုးထိမှန်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

### ၄၅ မိုင်အထိ တိုက်ခတ်နိုင်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ (မိုး/ဇလ)

### ထူးခြားသည့် နေ့အပူချိန်

ထူးခြားသည့် နေ့အပူချိန်များမှာ ဗန်းမော်မြို့တွင် ၃၆ ဒီဂရီစင်တီဂရိတ်နှင့် ကသာမြို့နှင့် ကော့ဂရိတ်မြို့တို့တွင် ၃၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

### မှတ်သားဖွယ်ရာ မိုးရေချိန်

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့တွင် ၆ ဒသမ ၅၇ လက်မ၊ ရန်ကုန်(မြောက်ဒဂုံ)တွင် ၆ ဒသမ ၂၂ လက်မ၊ မင်းတပ်မြို့နှင့် ဟားခါးမြို့တို့တွင် ၅ ဒသမ ၂၇ လက်မစီ၊ ဆောမြို့နှင့် ပဲခူးမြို့တို့တွင် ၄ ဒသမ ၄၂ လက်မစီ၊ လှည်းကူးမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ မောင်တောမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ ပလက်ဝမြို့နှင့် မာန်အောင်မြို့တို့တွင် ၃ ဒသမ ၇၀ လက်မစီ၊ ကျောက်ထုမြို့တွင် ၃ ဒသမ ၆၀ လက်မနှင့် မှော်ဘီမြို့တွင် ၃ ဒသမ ၅၄ လက်မတို့ဖြစ်ကြသည်။ (မိုး/ဇလ)

## နိုင်ငံတကာသုံး အကြွေးဝယ်ခွင့်ကတ် ရောဝတီဘဏ်မိတ်ဆက်

**ရန်ကုန် မေ ၃၀**

ပြည်တွင်း၊ ပြည်ပမှ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အင်တာနက်မှ ဈေးဝယ်ခြင်းများတွင် (Credit Card) အကြွေးဝယ်ခွင့်ကတ်ဖြင့် ငွေပေးချေနိုင်သည့် စနစ်ကို ရောဝတီဘဏ်က ယနေ့စတင်လိုက်သည်။

ဘဏ္ဍာငွေကြေးဆိုင်ရာ ချိတ်ဆက်ပေးသော နိုင်ငံတကာအဖွဲ့အစည်း Visa နှင့် ရောဝတီဘဏ်တို့ ပူးပေါင်း၍ ( Gold) ရွှေ၊ ( Silver) ငွေနှင့် ( Platinum) ပလက်တီနမ် အကြွေးဝယ်ခွင့်ကတ်သုံးမျိုးကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းက စတင်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အကြွေးဝယ်ခွင့်ကတ်ဖြင့် ကမ္ဘာအရပ်ရပ်ရှိ ဈေးဆိုင်ပေါင်းသန်း ၄၀ ကျော်နှင့် မြန်မာနိုင်ငံရှိ ဆိုင်ပေါင်း ၇၀၀၀ ကျော်တို့တွင် ဈေးဝယ်ယူနိုင်မည်ဖြစ်သည်။

“ဖိမ်ခံပစ္စည်းတွေနဲ့ အသေးသုံးစရိတ်တွေကို အကြွေးဝယ်ခွင့်ကတ်တွေနဲ့ ပေးချေခွင့်ရရှိမှာ ဖြစ်ပါတယ်။ လကုန်မှ ပြန်လည်ပေးဆပ်ရမှာပါ။ ကတ်သုံးစွဲနိုင်မှု အတိုးကင်းလွတ်ခွင့် သက်တမ်းကိုရက် ၅၀ အထိ သတ်မှတ်ပေးထားပါတယ် ” ဟု ရောဝတီဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က ပြောသည်။

သတ်မှတ်ထားသည့် ငွေပေးချေရမည့်ရက်တွင် အနည်းဆုံးပေးချေငွေပမာဏကို ပေးချေခြင်းမရှိပါက အတိုးနှုန်း (၁)ရာခိုင်နှုန်း၊ နောက်ကျကြေး (၂)ရာခိုင်နှုန်းတို့ကို ကောက်ခံသွားမည်ဟုလည်း သိရသည်။




အကြွေးဝယ်ခွင့် (Credit Card) လျှောက်ထားသူသည် အသက် ၂၁ နှစ်ပြည့်ပြီးသော မြန်မာနိုင်ငံသား (သို့မဟုတ်) အမြဲနေထိုင်ခွင့်ရထားသူဖြစ်ရမည်။(Credit Card) လျှောက်ထားရန်အတွက် အနည်းဆုံးလစဉ်ဝင်ငွေ တစ်သိန်းခွဲရှိရမည်။ ရွှေရောင်အတွက် အနည်းဆုံးလစဉ် ဝင်ငွေကျပ် ငါးသိန်းနှင့် ပလက်တီနမ်အကြွေးဝယ်ခွင့်ကတ် အတွက် ငွေကျပ် သိန်းနှစ်ဆယ် ရှိရမည်ဖြစ်သည်။

“အကြွေးဝယ်ခွင့် (Credit Card) ကို အသုံးပြုမယ်ဆိုရင် နှစ်စဉ်ကြေးအနေနဲ့ငွေရောင်အတွက်ကို ငွေကျပ် နှစ်သောင်း၊ ရွှေအတွက် ငွေကျပ် ခြောက်သောင်း ၊ ပလက်တီနမ်အတွက်က ငွေကျပ် တစ်သိန်းနှစ်သောင်း ပေးဆောင်ရမှာဖြစ်ပါတယ်” ဟု ရောဝတီဘဏ် Retail Banking ဒါရိုက်တာ ဦးသူရမောင်က ပြောသည်။ နီးစပ်ရာ ရောဝတီဘဏ်ခွဲများတွင် လျှောက်ထားနိုင်ပြီး အသေးစိတ် အချက်အလက်များကို www. ayabank.com တွင် သိရှိနိုင်သည်။

**တာရာ**

# သင်တန်းမှရရှိသည့်အတွေ့အကြုံများကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချ



**ရန်ကုန် မေ ၃၀**

အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၉ ရက်နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပြည်သူ့ဝန်ထမ်း အကယ်ဒမီ၊ ရတနာသိယ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဒေါက်တာဝင်းသိမ်းက သင်တန်းဖွင့် မိန့်ခွန်းပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံတွင် အစိုးရ၊ ပုဂ္ဂလိက မည်သည့်ကဏ္ဍတွင်မဆို စီမံခန့်ခွဲအုပ်ချုပ်မှု၊ ဝန်ဆောင်မှု၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုစသည်တို့ကို စဉ်ဆက်မပြတ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်သည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။

ဤသင်တန်းသို့ တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများကို ပညာဌာန ခုနစ်ခုဖြစ်သည့် စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာန၊ အင်္ဂလိပ်ဘာသာပညာဌာနနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနများက ခေတ်စနစ်နှင့် လျော်ညီပြီး နိုင်ငံတကာ စံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများကိုလည်း ပထမအကြိမ်သင်တန်းမှရရှိလာသည့် အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို အခြေခံကာ တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group) တက္ကသိုလ်ပညာရပ်အဖွဲ့ (Board of Studies) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တွင် ဖွဲ့စည်းထားသည်။ ပညာရပ်ဆိုင်ရာ ဗဟိုအဖွဲ့ (Core Group)တို့၏ ဆွေးနွေးအကြံပြုချက်များနှင့်အညီ ပိုမိုသင့်လျော်ကောင်းမွန်ပြီး ထိရောက်မှုရှိစေရန် ပြင်ဆင်မွမ်းမံ ရေးဆွဲထားသည့်အတွက် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကြိုးကြိုးစားစား သင်ယူကြရန်လည်း တိုက်တွန်းလိုပါကြောင်း။

နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ပြည်သူနှင့်အတူလက်တွဲ၍ အကောင်အထည်ဖော်နိုင်ရန်အတွက် "နိုင်ငံတော် တည်ထောင်မှု ပြည်သူနှင့်ဝန်ထမ်းလက်တွဲပြု" ဆိုသည့် ဆောင်ပုဒ်အသစ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP)၏ ပူးပေါင်းပါဝင်ကူညီမှုနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သဘောထားအမြင်နှင့် အတွေ့အကြုံများကို လေ့လာသည့် စစ်တမ်း (Perception Survey)အရ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (Civil Service Reform Strategic Action Plan) ကို ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပြီး နယ်ပယ်လေးခုဖြစ်သည့် နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်ရေး၊ လုပ်ငန်းစဉ်သစ် (New Civil Service Govern-ance)၊ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို အခြေခံသော အလေ့အထနှင့် စနစ်များဆီသို့ ဦးတည်ရေး (Merit-based and Performance-driven culture and system)၊ ပြည်သူဗဟိုပြု နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရန် ခေါင်းဆောင်မှုပေး နိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကိုမြှင့်တင်ခြင်း(People Centred Leadership of the Civil Service and Capacity Develop-ment)၊ နိုင်ငံ့ဝန်ထမ်းများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ပေးခြင်း (Transparency and Accountability in the Civil Service ) စသည့် နယ်ပယ် (၄)ရပ်အပေါ်အခြေခံပြီး CSR Logframe First Draft မှသည် Third Draft အထိ ပြင်ဆင်ရေးဆွဲကြေညာခဲ့ပြီး ရရှိလာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ အကြံပြုချက်များနှင့် CSR Logframe Final Draft ကို ပြုစုရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် Civil Service Reform Strategic Action Plan ကို ထုတ်ပြန်ကြေညာနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

Civil Service Reform ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် "နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှုပြုလုပ်မည့် လုပ်ငန်းစဉ်" (Public Perception Survey Activity) ကို UNDP ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း၊ လေ့လာဆန်းစစ်မှုလုပ်ငန်းစဉ်ကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (Public Service Delivery)များ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ Bribery - လာဘ်ပေးလာဘ်ယူပြုခြင်းရှိ/မရှိ၊ Abuse of Power- အာဏာကို အလွဲသုံးစားပြုလုပ်ခြင်း ရှိ/ မရှိ ၊ Responsiveness - တုံ့ပြန်ဆောင်ရွက်မှု ကောင်း/ မကောင်း၊ Equal opportunity - တန်းတူအခွင့်အရေးရရှိမှု ရှိ/မရှိ၊ Discrimination of the races လူမျိုးခွဲခြားမှု ရှိ/ မရှိ စသည်တို့အပေါ် လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအပေါ် ပြည်သူများ၏ အမြင်သဘောထားကို လေ့လာဆန်းစစ်မှုမှတ်တမ်း - Public Perce-ption Survey ၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်- Civil Service Reform Action Plan၊ နိုင်ငံ့ဝန်ထမ်းများအတွက် လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေး သတ်မှတ်ချက်မူဘောင် - Civil Ser-vice Compentency Frame-work ၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ် -Leadership Development Scheme များကို သင်တန်းသားများအနေဖြင့် ကြိုတင်လေ့လာ သိရှိထားခြင်းအားဖြင့် မိမိတာဝန်ထမ်းဆောင်သည့်အခါ ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အတွေးအမြင်သစ်များ၊ မိမိ၏ ဝန်ထမ်းဘဝတိုးတက်အောင်ပြုလုပ်ရမည့် နည်းလမ်းများ၊ ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်ရန် လိုအပ်သည်များကို သိရှိလာမည်ဖြစ်ကြောင်း ၊ ယနေ့လူငယ် နောင်ဝယ်လူကြီး ဆိုသည့် အတိုင်း အနာဂတ်နိုင်ငံတော်၏ အုပ်ချုပ်ရေး ယန္တရားကို မောင်းနှင်ကြမည့် နိုင်ငံ့ဝန်ထမ်း အရာရှိလောင်းများ၊ ပုဂ္ဂလိက ဝန်ထမ်းလူငယ်များအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလေ့လာသင်ယူပြီး သင်တန်းမှရရှိသည့် အသိပညာ၊ အတတ်ပညာ အတွေ့အကြုံများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ကြစေရန်နှင့် ဝန်ထမ်းသက်တမ်းတစ်လျှောက်တော်၌ကောင်းသော အဂတိတရားကင်းသော ဝန်ထမ်းများဖြစ်ကြပြီး ရာထူးအဆင့်ဆင့်တိုးမြှင့်ကာ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း နည်းလမ်းမှန်စွာဖြင့် ကိုယ်ကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၃ ဦး ၊ သင်တန်းသူ ၁၀၁ ဦး စုစုပေါင်း ၁၅၄ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်း ကာလမှာ စက်တင်ဘာ ၁၅ ရက်ထိ ရက်သတ္တ ၁၆ ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်ဒေါက်တာဦးပွား၊ တက္ကသိုလ်အကြံပေး အဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရပ် အဖွဲ့ဝင်များ၊ ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

## ရက်ကန်းလုပ်ငန်းမှထွက်ရှိသော အဝတ်အထည်ရောင်းရငွေတစ်လလျှင် ကျပ်သန်းပေါင်း ၁၆၀ ကျော်ရရှိ

**မြစ်ကြီးနား မေ ၃၀**

မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း သင်တန်းခန်းမ၌ မေ ၂၉ ရက်က ကျင်းပသော အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်းအခြေခံသင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြင့် ရက်ကန်းလုပ်ငန်းမှထွက်ရှိသော အဝတ်အထည်ရောင်းရငွေ တစ်လလျှင်ငွေကျပ်သန်းပေါင်း ၁၆၄ သန်းကျော်ရရှိနေကြောင်း အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာန(နေပြည်တော်) ရုံးချုပ်မှညွှန်ကြားရေးမှူးချုပ်ဦးမြသန်းက ပြောသည်။

ရက်ကန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်လျှင်လက်ရက်ကန်းစင် ၇၂၀ ကျော်နှင့်စက်ရက်ကန်းစင်၂၀၀ ကျော်ရှိကြောင်း၊ ယင်းလုပ်ငန်းမှ တစ်ဆင့် ကချင်ပြည်နယ်အတွင်းရှိပြည်သူများအားအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေကြောင်း၊ ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်းကျောင်းမှ တစ်နှစ်လျှင် ရက်ကန်းတစ်နှစ်သင်တန်း၊ ပုံမှန်သင်တန်း၊ ကာလတိုအသက်မွေးဝမ်းကျောင်းပညာသင်တန်းတို့မှ သင်တန်းသားသင်တန်းသူဦးရေ ၂၄၀ ကျော်တို့ကို မွေးထုတ်ပေးလျက်ရှိပါကြောင်း"ဎင်းက ပြောသည်။

အဆိုပါ သင်တန်းကို မေ ၂၉ ရက်မှ ဇွန် ၁၂ ရက်အထိ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်မဋ္ဌုဝင်း ဦးစီးသည့်အဖွဲ့ဝင်များဖြင့် သင်တန်းသူ ၂၀ တို့အားဂျပ်ဖောက်နည်း၊ ဆေးစပ်နည်း၊ ဆေးရိုက်နည်း၊ ရွှေကြောလိုက်နည်း၊ ဘောင်ကြပ်၊ ဘောင်ခွေ၊ ပုံကူးဆေးရေး နည်းပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

"မီးလောင်လျှင်"

(၁) ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ထားပါ။
(၂) ကြိတ်မငြိမ်းပါနှင့်ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(၃) နီးစပ်ရာမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
(၅) မီးသတ်တပ်ဖွဲ့နှင့်ပြည်သူများအချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

## ရပ်ရွာအခြေပြုခရီးသွားအတွက် မီးဖိုဆောင်ချက်ပြုတ်ရေးစီမံခန့်ခွဲမှုသင်တန်း ကက္ကူဒေသ၌ဖွင့်

**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တစ်လုံးကြီးမြို့နယ်ခွဲ ကက္ကူဒေသ၌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ရှမ်းတောင်ဇုန် စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့၊ GIZ၊ CITPAR နှင့် ပါရမီကွန်ရက်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဟောပြောပွဲနှင့် အခြေခံမီးဖိုဆောင်ချက်ပြုတ်ရေး စီမံခန့် ခွဲမှုသင်တန်းကို မေ ၂၁ ရက်မှမေ ၂၈ ရက် အထိ ဖွင့်လှစ်ပေးခဲ့သည်။



တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ပအိုဝ်းရိုးရာ ဟင်းမီနူးရေးဆွဲနည်း၊ အခြေခံမုန့်လုပ်နည်း၊ ဇက်တီးရီးယားပိုးမွှားများအကြောင်း၊ အစားအစာအာဟာရနှင့် အမိုက်စွန့်ပစ်နည်းစနစ်များအကြောင်းကို သင်ကြားပို့ချပေးခဲ့ခြင်း ဖြစ်သည်။

သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသား သင်တန်းသူများက ရပ်ရွာလူထုအခြေပြုခရီးသွား လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာများအလိုက် အုပ်စုများဖွဲ့ကာ ပအိုဝ်းရိုးရာ ဟင်းချက်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

သင်တန်းသား စုစုပေါင်း ၆၄ ဦး ခန့်ရှိပြီး ပအိုဝ်းဒေသရှိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်လျက်ရှိသောကျေးရွာများမှ စားဖိုဆောင်ဝန်ထမ်းများကို သင်ကြားပေးခြင်း ဖြစ်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်နှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံများ တက်ရောက်ခဲ့ကြသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-ရှီလာ**

## ပုသိမ်မြို့၌ ရှားပါးသစ်ပင်ညီနောင် လဲပြိုကျ

**ပုသိမ် မေ ၃၀**

ပုသိမ်မြို့အမှတ် ၄ နယ်မြေ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့စစ်ရေးပြကွင်းအနီး၌ ရှားပါးသစ်မျိုးစိတ်ရှင်ယုတ်အမည်တူ လုံးပတ်လေးပေနှင့် အမြင့်ပေ ၃၀ ရှိ သက်တမ်း ၆၀ ခန့်နှစ်ပင်ချင်းယှက်ပေါက်နေသော သစ်ပင်သည် မေ ၂၉ ရက်နံနက် ၄ နာရီ မိနစ်၂၀ တွင် မိုးလေသည်းထန်စွာတိုက် ခတ်မှုကြောင့် တစ်ပင်မှာခြံစည်းရိုးပေါ်လဲကျပြီးတစ်ပင်မှာမီးသတ်ရေကန်ပေ ၈၀ ပတ်လည်သွပ်အမိုးပေါ် ပင်လုံးကျွတ်လဲကျသွားသဖြင့် မီးသတ်ရေကန်ပါပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ ပြိုလဲနေသော သစ်ပင်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကြီးဝင်းမြင့်ထူးနှင့်တပ်ဖွဲ့ဝင် ၃၀ တို့က စုပေါင်းခုတ်ထွင်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပြီးနောက် မြောက်ကိုရီးယားက အမေရိကန်ကို သတိပေး



၂၀၁၆ ခုနှစ် ဇွန်လက Hwasong-10 တာလတ်ပစ်ဒုံးကျည်စမ်းသပ်မှုအတွင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းအားတွေ့ရစဉ်

**ပြုံယမ်း မေ ၃၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအမ်းသည် တိကျသေချာသော လမ်းညွှန်မှုစနစ်ဖြင့် တိုက်ချင်းပစ် ဒုံးကျည်သစ်စမ်းသပ်မှုကို ကြီးကြပ်ခဲ့ပြီးနောက်တွင် မဟာဗျူဟာမြောက်ပြီး စွမ်းအားကြီးမားသည့်လက်နက်များကို ပိုမိုထုတ်လုပ်ရန် အမိန့်ပေးအပ်လိုက်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်း အေဂျင်စီက အင်္ဂါနေ့ သတင်းတွင် ဖော်ပြခဲ့သည်။

တနင်္ဂနွေနေ့က စမ်းသပ်ပစ်လွှတ်ခဲ့သည့် ဒုံးကျည်သည် ယခင်ထုတ်လုပ်ခဲ့သည့် ဗားရှင်းဖြစ်သည့် ဟွာဆောင်းဒုံးကျည်နှင့်နှိုင်းယှဉ်လျှင် နည်းပညာအဆင့်မြှင့်တင်ထားပြီး လူအစားစက်ကို အစားထိုးသုံးကာ ကြိုတင်ပစ်ခတ်နိုင်သည့် အစီအစဉ်တပ်ဆင်ထားကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြထားသည်။

မြောက်ကိုရီးယားက စမ်းသပ်ပစ်လွှတ်လိုက်သည့် တာလတ်ပစ်ဒုံးကျည်သည် မြောက်ကိုရီးယား အရှေ့ဘက်ကမ်းရိုးတန်းပေါ်တွင် ကျရောက်ခဲ့ပြီး ယင်းပစ်ခတ်မှုသည် နိုင်ငံတကာက ဖိအားပေးမှုများနှင့် ပိတ်ဆို့မှုများ ပိုမိုကျရောက်လာမည့် ခြိမ်းခြောက်မှုများကို စိန်ခေါ်လိုက်သည့် မြန်နှုန်းမြင့် ဒုံးကျည်စမ်းသပ်မှုဖြစ်သည်ဟု ဆိုသည်။

မြောက်ကိုရီးယားခေါင်းဆောင်က မြောက်ကိုရီးယားနိုင်ငံကို အမေရိကန်၏ ရန်မှကာကွယ်သွားနိုင်ရန်အတွက် စွမ်းအားကြီးမားသည့် လက်နက်အမြောက်အမြားကို အချိန်နှင့်တစ်ပြေးညီ ကြိမ်ဖန်များစွာ ပိုမိုထုတ်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် အမေရိကန်က ပြုလုပ်လျက်ရှိသည့် စစ်ရေးလေ့ကျင့်မှုမှန်သမျှကို စစ်ပွဲအတွက်ဟန်ပြင်နေမှုအဖြစ် မှတ်ယူလျက်ရှိသည်။

**(ရိုက်တာ)**

# သမ္မတပူတင်သည် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်သူဖြစ်ကြောင်း အမေရိကန်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ဝေဖန်

**ဝါရှင်တန် မေ ၃၀**

အမေရိကန်ဆီးနိတ်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အိုင်အက်စ်အစွန်းရောက်အဖွဲ့ထက်ပင် ကြောက်စရာကောင်းသည့် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်သူဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဆီးနိတ်လွှတ်တော်အနေဖြင့် အမေရိကန်ရွေးကောက်ပွဲတွင် ကြားဝင်စွက်ဖက်ခဲ့သည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ ရုရှားနိုင်ငံအား ပိတ်ဆို့အရေးယူမှု များလုပ်ဆောင်သွားရန် အလေးအနက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကသတိပေးပြောကြားခဲ့သည်။

အမေရိကန် ကွန်ကရက်လွှတ်တော်၌ နိုင်ငံခြားရေးရာမူဝါဒများ၏ အသံကို ဦးဆောင်ဖြန့်ဝေနေသူဖြစ်သည့် မက်ကိန်းသည် ဩစတြေးလျနိုင်ငံ၌ ပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်တာဗျူးအမေးအဖြေတွင် မက်ကိန်းက ပူတင်သည် အိုင်အက်စ်အစွန်းရောက်အဖွဲ့ထက်ပင် စိုးရိမ်ဖွယ်ကောင်းသည့် အရေးအကြီးဆုံး ခြိမ်းခြောက်မှုတစ်ခုပင်ဖြစ်ကြောင်း ဩစတြေးလျရုပ်သံတစ်ခုမှ ထုတ်လွှင့်တင်ဆက်ခဲ့သည့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။



အမေရိကန်လွှတ်တော်အမတ် ဂျွန်မက်ကိန်း

ရုရှားအနေဖြင့် အမေရိကန်၏ ရွေးကောက်ပွဲရလဒ် ပြောင်းလဲသွားအောင် လုပ်ဆောင်ချက် အောင်မြင်ခဲ့သည်ဟု ဖော်ပြနိုင်သည့် သက်သေအထောက်အထားမရှိသော်လည်း ၎င်းတို့သည် မကြာသေးမီက ပြုလုပ်ခဲ့သည့် ပြင်သစ်ရွေးကောက်ပွဲအပါအဝင် ရွေးကောက်ပွဲများ၏ ရလဒ်ကိုပြောင်းလဲအောင် ကြိုးစားနေဆဲပင်ဖြစ်ကြောင်း မက်ကိန်းက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

# ပြင်သစ်နှင့်ရုရှားတို့ အကြမ်းဖက်နှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သဘောတူ




ပြင်သစ်သမ္မတ အမ်မာနျူရယ်မက်ခရွန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်

**ပါရီ မေ ၃၀**

ပြင်သစ်နိုင်ငံသမ္မတ အမ်မာနျူရယ် မက်ခရွန်နှင့် ရုရှားနိုင်ငံသမ္မတပူတင်တို့သည် အကြမ်းဖက်မှုနှိမ်နင်းရေး ကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် ဘာဆိုင်းနန်းတော်၌ ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုအပြီး ပြုလုပ်ခဲ့သည့် ပူးတွဲသတင်း ကြေညာချက်တွင် မက်ခရွန်က ပြင်သစ်နိုင်ငံအနေဖြင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကဏ္ဍတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လိုကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် အကြမ်းဖက် နှိမ်နင်းရေးကို ဦးစားပေးဆောင်ရွက်သွားရန် သဘောတူပြီးနောက် အကြမ်းဖက်ဝါဒအား ချေမှုန်းနိုင်မည်ဟု ယုံကြည်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပူတင်က ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ဗြိတိန်နိုင်ငံ ဟန်မာတိရစ္ဆာန်ရုံ၌ အမျိုးသမီးတစ်ဦး ကျားကိုက်ခံရ၍သေဆုံး

**လန်ဒန် မေ ၃၀**

ဗြိတိန်နိုင်ငံ ကန်းဘရစ်ရှိုင်းယားစီရင်စု ဟန့်တင်းဒန်မြို့ရှိ ဟန်မာတိရစ္ဆာန်ရုံတွင် အမျိုးသမီး တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ထမ်းတစ်ဦး ကျားကိုက်ခံရ၍ သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က မကြာသေးမီက ပြောခဲ့သည်။

အမျိုးသမီး တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ထမ်းတစ်ဦးကို ကျားတစ်ကောင်ဝင်ရောက်တိုက်ခိုက်သည့်အတွက် အဆိုပါအမျိုးသမီးသည် ကျားတိုက်ခိုက်ခံရသည့်နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ လှောင်အိမ်ထဲမှကျား ဘယ်အချိန်လွတ်မြောက်သွားသလဲဆိုသည်ကို မသိရှိရသေးကြောင်း ကန်းဘရစ်ရှိုင်းယား ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောခဲ့သည်။

အဆိုပါဖြစ်ရပ်သည် မထင်မှတ်ထားသည့် မတော်တဆမှုတစ်ခုဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ဦး ကျားတိုက်ခိုက်ခံရချိန်တွင် အခြားတိရစ္ဆာန်များ လှောင်အိမ်အတွင်း လွတ်မြောက်သွားခြင်းမရှိကြောင်း၊ ထို့အပြင် အများပြည်သူလုံခြုံရေးကို ထိခိုက်စေမည့် အကြောင်းတစ်စုံတစ်ရာမရှိကြောင်းနှင့် အဆိုပါတိရစ္ဆာန်ရုံကို မေ ၃၀ ရက်မှစ၍ ပိတ်သွားမည်ဖြစ်ကြောင်း ဟန်မာတိစ္ဆာန်ရုံက သတင်းထုတ်ပြန်ခဲ့သည်။

**(ဆင်ဟွာ)**

# အီရတ်နိုင်ငံ၌ ကားဗုံးဖောက်ခွဲမှုကြောင့် လူ ၂၀ ထက်မနည်း သေဆုံး

**ဘဂ္ဂဒက် မေ ၃၀**

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၌ မေ ၃၀ ရက်က ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၂၀ သေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့ တစ်နေရာ ရေခဲမုန့်ဆိုင်တစ်ခုရှေ့ရှိ ရပ်ထားသောကားတစ်စီးကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကို အိုင်အက်စ်အစွန်းရောက်သမားများက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၆ ရက်က ဘဂ္ဂဒက်၌ ဖြစ်ပွားခဲ့သော ကားဗုံးခွဲတိုက်ခိုက်မှုတွင် လူ ၄၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**




# ဇင်ဘာဘွေနိုင်ငံ၌ ရွှေတွင်းပြိုကျ ရှစ်ဦးသေဆုံး

**ဟာရာရီ မေ ၃၀**

ဇင်ဘာဘွေနိုင်ငံအတွင်းရှိ ရွှေတွင်းတစ်ခုပြိုကျမှုဖြစ်ပွားပြီးနောက် အဆိုပါရွှေတွင်း၌ အလုပ်လုပ်နေသော တရားမဝင်ရွှေတူးဖော်ရေးသမား ရှစ်ဦးသေဆုံးခဲ့ကြောင်း ဇင်ဘာဘွေ ရဲတပ်ဖွဲ့က မကြာသေးမီက ပြောခဲ့သည်။

ရွှေတွင်းပြိုကျမှုသည် ညပိုင်းအချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြိုကျချိန်တွင် ရွှေတူးဖော်သမားကိုးဦး ရွှေများတူးဖော်နေကြောင်း သိရသည်။ ရွှေတွင်းပြိုကျပြီးနောက် တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေတွင်းသည် အစိုးရဌာန၏ ခွင့်ပြုချက်မရဘဲ တရားမဝင်ရွှေတူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။ ဇင်ဘာဘွေနိုင်ငံတွင် တရားမဝင်ရွှေတူးဖော်ရေးလုပ်ငန်းများ ပြုလုပ်လေ့ရှိပြီး အသက်အန္တရာယ်လုံခြုံမှုမရှိဘဲ ရွှေတူးဖော်ရေးသမားများ မကြာခဏ သေဆုံးမှုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ညီလာခံကြီးက ခိုင်မာတဲ့အုတ်မြစ်တွေ ချမှတ်နိုင်ခဲ့ပြီလို့ ကျွန်တော်ယူဆတယ် ငြင်းကြခုံကြတာရှိပေမယ့် အားလုံးက  အားရကျေနပ်စရာတွေ ချည်းပါပဲ ဦးဝင်းထိန်

နေပြည်တော်   မေ   ၃၀

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကြီး မေ ၂၉ ရက်တွင် ကျင်းပပြီးစီးသွားပြီဖြစ်သည်။ အစည်းအဝေးနောက်ဆုံးနေ့တွင် ညီလာခံတစ်လျှောက်လုံး ဆွေးနွေးအတည်ပြုထားသည့် မူဝါဒအချက် ၃၇ ချက်ကို NCAပြဋ္ဌာန်းချက်အရ ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

အဆိုပါသဘောတူစာချုပ်ကို ညီလာခံတက်ရောက်လာသည့် သက်ဆိုင်ရာအစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ရရှိလာသည့် အချက် ၄၁ ချက်ကို ယခုညီလာခံတွင် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ဆွေးနွေးကြရာတွင် "ပြည်ထောင်စုခွဲမထွက်ရ"အချက်အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် စသည့်အချက်အချို့ကို ဆွေးနွေးညှိနှိုင်းမရခဲ့သော်လည်း စုစုပေါင်း မူဝါဒအချက် ၃၇ ချက် သဘော တူညီမှုရရှိခဲ့သည့်အတွက် ရာနှုန်းပြည့်နီးပါး အောင်မြင်မှုများစွာ ရရှိခဲ့သည်ဟု ဆွေးနွေးပွဲတက်ရောက်သူများထံမှ သိရသည်။


ဦးဝင်းထိန်


ဦးဇော်ဌေး


ဒေါက်တာ တူးဂျာ



ဦးအောင်နိုင်ဦး


ဦးမြင့်ဦး


မိကွန်ချမ်း

ထိုကဲ့သို့ ဂုဏ်ယူဖွယ်ရာကောင်းလှသည့် အောင်မြင်မှုများ ရရှိခဲ့မှုနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး နောက်ဆုံးနေ့တွင် တက်ရောက်လာသူအချို့၏ သဘောထားအမြင်နှင့် ရင်တွင်းစကားသံများကို ထုတ်နုတ်ဖော်ပြရလျှင် -

**ဦးဝင်းထိန်**

ဒီငြိမ်းချမ်းရေးညီလာခံကြီး အောင်အောင်မြင်မြင်နဲ့ ကျင်းပပြီးစီးခဲ့လို့ ကျွန်တော်ကျေနပ်တယ်။ ညီလာခံကြီးက ခိုင်မာတဲ့အုတ်မြစ်တွေ ချမှတ်နိုင်ခဲ့ပြီလို့ ကျွန်တော်ယူဆတယ်။ ဒါပေမယ့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော် ``Congratulations´´ လုပ်လိုက်တယ်။ အခြေခံအုတ်မြစ်က တော်တော်လေးခိုင်မာပြီ။ ဒီအပေါ်မှာ အခြေခံပြီးတော့မှ ငြင်းကြခုံကြနဲ့ အသေးစိတ်ဆွေးနွေးမှုတွေအထိတော့ ရှိတာပေါ့။ ဒါပေမယ့် ကျွန်တော် မပူပါဘူး။ စိတ်လည်းမပူဘူး။ အားလုံးက အားရကျေနပ်စရာတွေချည်းပါပဲ။

**ဦးဇော်ဌေး**

နိုင်ငံရေးဆွေးနွေးပွဲက ကျွန်တော်တို့ နိုင်ငံမှာ အခုမှစတာ။ နိုင်ငံရေးဆွေးနွေးပွဲ စနစ်တကျဆောင်ရွက်တာ ဒီပွဲက ပထမဆုံးဖြစ်ပါတယ်။ ဒီပွဲမှာ ကျွန်တော်တို့ အတွေ့အကြုံတွေအများကြီးရတယ်။ ဘယ်လောက်ထိဖြစ်လဲဆိုတော့ ခန်းမတွေထဲမှာ တကယ်ကို တစ်ဖက်နဲ့တစ်ဖက် ပြင်းပြင်းထန်ထန်တွေအထိ ပြောဆိုဆွေးနွေးသွားတာတွေ ရှိပါတယ်။ သို့သော် ခန်းမက အပြင်ထွက်လာတဲ့အချိန်မှာ ကျွန်တော်တို့က အားလုံးက ဆွေးနွေးဖက်တွေ၊ မိတ်ဆွေ ညီအစ်ကိုတွေဆိုတဲ့ စိတ်ဓာတ်မျိုးထားနိုင်တယ်။ ဒါက တကယ့်ကိုထူးခြားတဲ့ စိတ်ပိုင်းဆိုင်ရာ တစ်ခုပါ။ ယဉ်ကျေးမှုအသစ်လည်းဖြစ်လာတယ်။ ကဏ္ဍအသီးသီးက တင်သွင်းတဲ့အချက် ၄၁ ချက်ကနေ ၃၇ ချက်ကို သဘောတူညီလက်မှတ်ရေးထိုးနိုင်ခဲ့တယ်ဆိုတော့ ဒီညီလာခံက နောင်ကျင်းပမယ့် ညီလာခံအတွက်လည်း ရလဒ်ကောင်းတွေ အများကြီးထွက်ပေါ်လာမယ်လို့ အပြည့်အဝကို ယုံကြည်တယ်။ အခုအချိန်မှာ ညှိနှိုင်းမရသေးတဲ့ တချို့အချက်တွေတော့ ချန်ခဲ့တယ်။ ခွဲထွက်ခွင့်နဲ့ ပတ်သက်လို့ အဆင်မပြေတဲ့အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ချန်ခဲ့တယ်။ သို့သော် နောက် section မတိုင်ခင် ကြားကာလမှာ နှစ်ဦးနှစ်ဖက် လက်ခံနိုင်တဲ့ ဘုံသဘောတူညီမှုရအောင် လုပ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ တကယ်ကို ယုံကြည်ပါတယ်။

**ဒေါက်တာ တူးဂျာ**

ကျွန်တော်တို့ ဒီနေ့မှာ သဘောတူညီချက်ရလဒ်ကို လက်မှတ် ရေးထိုးတယ်။ ဒီရလဒ်က ပြည်ထောင်စုသဘောတူစာချုပ်ရဲ့အချက်တွေ ဖြစ်ပါတယ်။ အင်မတန်ကောင်းမွန်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ဒီအစဉ်အလာကို ကျွန်တော်တို့ ဆက်လက်ထိန်းသိမ်းသွားမယ်။ ပင်လုံညီလာခံကို ဆက်တိုက်ဆက်တိုက်လုပ်ပြီး ဒီသဘောတူညီချက်ရလဒ်တွေ စုဆောင်းသွားပြီးတော့ နောက်ဆုံးမှာ ပြည်ထောင်စု သဘောတူစာချုပ်ချုပ်ဆိုဖို့ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်အလွန်အားရကျေနပ်တယ်။ ဒီညီလာခံက ရခိုင်နှုန်းတော်တော်များများ အောင်မြင်ပါတယ်။ အပြည့်အဝလို့တော့ ကျွန်တော် မပြောလိုဘူး။ ဆက်လက်လုပ်ဆောင်စရာတွေ အများကြီး ကျန်ပါသေးတယ်။

အဲ့ဒီမှာ ကျွန်တော် အဓိက အားမရတဲ့အချက်က ဘာလဲဆိုတော့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရမယ်ဆိုတာပဲ။ ဟုတ်ပြီ၊ အခြေခံအချက်ကိုလည်း ရရှိပြီ။ မူဝါဒတွေချမှတ်တဲ့နေရာမှာ အချက်အလက်တွေက အားနည်းနေသေးတယ်။ နောင်လာမယ့် ညီလာခံမှာ ဆက်လက်ချမှတ်သွားရမှာ။ ဒါကြောင့် ပြောမယ်ဆိုရင် အဓိက အကျဆုံးအချက်ကိုတော့ ချမှတ်နိုင်ပြီ။ ဒါလမ်းဖွင့်လိုက်တာပဲ။ အခြေခံမှုတွေ များများမချမှတ်နိုင်တာကိုတော့ အားမရဖြစ်မိတယ်။

ဒီညီလာခံရဲ့ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်က ဖက်ဒရယ်ပြည်ထောင်စုပန်းတိုင် တည်ဆောက်ရေးဖြစ်တယ်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးက ဘာအတွက်အရေးကြီးလဲဆိုရင် ပြည်တွင်းစစ်ရပ်စဲပြီး ငြိမ်းချမ်းရေးတည်ဆောက်ဖို့ ဖြစ်တယ်။ ဒါ့ကြောင့် ဒီညီလာခံက အင်မတန်အရေးကြီးပါတယ်။ မျှော်မှန်းထားတဲ့ ပန်းတိုင်ကို ရောက်အောင်တော့ ကျွန်တော်တို့သွားရမှာပဲ။ နောက်ဆွေးနွေးမယ့် ညီလာခံတတိယအစည်းအဝေးမှာလည်း ကဏ္ဍငါးခုက ချမှတ်ထားတဲ့ ခေါင်းစဉ်တွေအတိုင်း ဆက်လက်ဆွေးနွေးသွားဖို့ရှိပါတယ်။ ခေါင်းစဉ်တွေကလည်း ကဏ္ဍငါးခုစလုံးမှာ ရှိပြီးသားပါ။ နိုင်ငံရေးကဏ္ဍ ပြောမယ်ဆိုရင် ဖက်ဒရယ်နဲ့ ပတ်သက်တဲ့အခြေခံမှုကို ဆက်လက်ဆွေးနွေးအတည်ပြုသွားမှာဖြစ်တယ်။ ညီလာခံကတော့ တစ်ချိန်တည်းနဲ့မပြီးသွားဘူး။ ဆက်တိုက်ဆက်တိုက်လုပ်သွားဖို့ ရှိပါတယ်။

**ဦးအောင်နိုင်ဦး**

ဒီနေ့အဓိကအချက်ကတော့ မနေ့က သဘောတူညီချက်တွေကို လက်မှတ်ထိုးတယ်။ မနေ့က အစည်းအဝေးမှာ ရာခိုင်နှုန်းတော်တော်များများကို သူတို့သဘောတူလိုက်တယ်။ ဒါက အရေးကြီးတဲ့အချက်ပါ။ အခုဆွေးနွေးပွဲဟာ တစ်ယောက်နဲ့တစ်ယောက်က မဖြစ်မနေ အသေအချာအပေးအယူလုပ်ရမယ့်ပွဲဖြစ်တဲ့အတွက် ခက်ခက်ခဲခဲနဲ့ လုပ်ကြရတာဖြစ်တယ်။ ခက်ခက်ခဲခဲနဲ့ လုပ်တဲ့အတွက် အကျိုးကျေးဇူးလည်းရှိတယ်။ ဒီဟာ ခက်ခဲမှုတွေကိုလည်း သဘောပေါက်သွားတယ်။ နောက်ခြောက်လမှာတော့ ဒီထက်ပိုကောင်းမယ်လို့ ကျွန်တော်ယူဆပါတယ်။

"ခွဲမထွက်ရေး" ဆိုတဲ့ကိစ္စနဲ့ပြောရရင် ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့ပေါ်လစီကရော၊ တပ်မတော်ရဲ့ပေါ်လစီရော ခွဲမထွက်ရေးမူဖြစ်တယ်။ နောက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေကလည်း NCA မှာ ဒို့တာဝန်အရေးသုံးပါးကို လက်မှတ်ရေးထိုးပြီးသားဖြစ်တယ်ဆိုတော့ ဒီခွဲမထွက်ရေးကိစ္စတွေကတော့ အစိုးရဘက်နဲ့ တပ်မတော်ဘက်နဲ့ နိုင်ငံရေးပါတီဘက်မှာတော့ တော်တော်ရှင်းတယ်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေမှာလည်း ဒါဟာ တကယ့်ကို သဘောတူရမယ်။ ဒါတွေဟာ အကောင်အထည်ဖော်ရမယ့်ဟာ နောက်ဆုံးအချိန်ဖြစ်လာသလို သူတို့မှာလည်း စိုးရိမ်စိတ်တွေရှိတဲ့အတွက် ဆွေးနွေးပွဲတွေမှာ နှောင့်နှေးတာ၊ တစ်ဖက်နဲ့တစ်ဖက် အခက်အခဲလေးတွေဖြစ်တာကြုံသွားတာ။ ဒါက မဆန်းပါဘူး။ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးမှုမှာ မြင်နေကျ၊ တွေ့နေကျအချက်တွေပဲ ဖြစ်ပါတယ်။ ဒီကနေပြီးတော့ အောင်မြင်မှုတွေရော၊ အတွေ့အကြုံတွေရောပေါင်းစပ်ပြီး ရှေ့ဆက်သွားမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီနှစ်မကုန်ခင်မှာလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ - (၂၁) ရာစုပင်လုံ တတိယအကြိမ်ကတော့ ဒီထက်ပိုပြီး အခြေအနေကောင်းနိုင်တယ်လို့ ထင်ပါတယ်။

အဓိကက ကျွန်တော့်အနေနဲ့ ဒီကိုလာရတာ ပျော်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မိတ်ဆွေဟောင်းတွေနဲ့ တစ်နေရာတည်းမှာ ပြန်လည်ဆုံတွေ့ရသလို မိတ်ဆွေသစ်တွေလည်းရတယ်။ အထူးသဖြင့်တော့ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့လည်း နှစ်ပေါင်းများစွာ ပါဝင်ခဲ့ကြတာ၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်သွားအဖြေရသွားမယ်ဆို ကျွန်တော်တို့အတွက် ဝမ်းသာစရာဖြစ်လာမှာပါ။ စစ်ပွဲတွေက ဖြစ်နေတာကြာပါပြီ။ ဆုံးသွားတဲ့ အစ္စရေးသမ္မတကြီး Shimon Peres ပြောသွားတာရှိတယ်။ **"ငါးနှစ်လောက်တွေ့ဆုံဆွေးနွေးရေးလုပ်နေတဲ့ ကုန်ကျစရိတ်နဲ့ ငါးမိနစ် စစ်တိုက်တဲ့ စရိတ်က အတူတူပါပဲ"**တဲ့။ တစ်နည်းအားဖြင့် ပြောရရင် တွေ့ဆုံဆွေးနွေးရေးဆိုတာ နည်းနည်းတော့ အချိန်ကြာတတ်တယ်။ စရိတ်စက သက်သာတယ်။ စစ်တိုက်တာလောက် မကုန်ဘူး။ စစ်တိုက်တာလောက် အပျက်အစီးမများဘူး။ ဒါ့ကြောင့်မို့ ဘယ်လိုပဲဖြစ်ဖြစ် တွေ့ဆုံဆွေးနွေးရေးတွေကို ကျွန်တော်တို့ အားပေးရမယ်။ ရှေ့ဆက်ပြီးတော့ များများတွေ့နိုင်အောင် ကြိုးစားရမှာလို့ ကျွန်တော်ထင်ပါတယ်။

**ဦးမြင့်ဦး**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မယ်ဆိုတာကို အားလုံးက သဘောတူကြတယ်။ အရေးကြီးတဲ့ အခြေခံမူတချို့ကို ချမှတ်နိုင်တယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာလေး ငြင်းခုံနေကြတာလေးပဲရှိပါတယ်။ ဒါလည်း ရနိုင်တဲ့အနေအထားပါ။ ငြင်းခုံနေကြတဲ့ ခွဲမထွက်ရ ဆိုတာရယ်၊ ခွဲမထွက်ဘူးဆိုတာရယ် ဒါလေးက စကားလုံးပဲ ရွေးချယ်နေကြတာပါ။ ခွဲမထွက်ဘူးဆိုတာကိုတော့ အားလုံးက လက်ခံကြတယ်။ ခွဲမထွက်ရဆိုတာက နည်းနည်းလေးပြင်းထန်သလိုဖြစ်နေတော့ ခံစားမှုတွေနဲ့ ဒီအပေါ်မှာ ဆက်ပြီးဆွေးနွေးရင် ပိုပြီးတော့ အများလက်ခံတဲ့ အသုံးအနှုန်းတွေ ရလာမယ်လို့ မျှော်လင့်ပါတယ်။

အရင်တုန်းကတော့ အမျိုးသားညီလာခံကြီးကို ဆယ်စုနှစ်နဲ့ ချီပြီးကျင်းပလာတာဟာ ပုံစံတကျ စနစ်တကျ ပြောခွင့်ဆိုခွင့်တွေလည်း မရကြဘူး။ အခု ဒုတိယအကြိမ် (၂၁) ရာစုပင်လုံအစည်းအဝေးမှာ အင်မတန်မှ ပွင့်လင်းလွတ်လပ်စွာ ပြောဆိုဆွေးနွေးတာ ရှိတယ်။ အဲ့လောက်တောင်ရှိပါ့မလားဆိုပြီး တကယ်အံ့သြမိပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံရေးမှာ ပါဝင်ပြီးဆွေးနွေးခွင့်ရခဲ့တယ်။ အဲ့ဒီမှာ အစုအဖွဲ့တွေ ငါးဖွဲ့ရှိတယ်။ အဲ့ဒီမှာ တစ်ဖွဲ့ပြီးတစ်ဖွဲ့က သူတို့ရဲ့လိုလားချက်တွေကို ပွင့်ပွင့်လင်းလင်းနဲ့ဆွေးနွေးကြတာ တွေ့ရတယ်။ အပြုသဘောဆောင်တာလည်း တော်တော်လေးတွေ့ရတယ်။ အဲ့ဒီထဲက ရလဒ်တချို့ထွက်လာတယ်။ တချို့အချက်တွေက ဆက်ပြီးတော့ ဆွေးနွေးဖို့ လိုအပ်သေးတယ်။

ဘာကြောင့်လဲဆိုတော့ အခုညီလာခံမှာ ကဏ္ဍအသီးသီးကနေ တင်လာတဲ့ အချက်ပေါင်းက ၄၁ ချက်ရှိတာပါ။ အဲ့ဒီအချက်တွေကို ဆွေးနွေးလိုက်တဲ့အခါ သဘောတူညီမှုရတာက ၃၇ ချက်ရတယ်ဆိုတော့ ဒါဟာ အင်မတန်မှ ကျေနပ်စရာကောင်းတဲ့ ခြေလှမ်းတစ်လှမ်းစနိုင်ပြီလို့ ပြောလို့ ရပါတယ်။ ဒီခြေလှမ်းတွေကို ဆက်ပြီးသယ်သွားမယ်ဆိုရင် ကျွန်တော်တို့ မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုတာဟာ အနာဂတ်မှာ မလွဲမသွေနဲ့ လှလှပပဖြစ်တော့မယ်လို့ ယုံကြည်ပါတယ်။

**မိကွန်ချမ်း**

အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် မပြီးဆုံးသေးဘူးလေ။ လုပ်စရာတွေကတော့ အများကြီးကျန်ပါသေးတယ်။ ဒါပေမယ့် အခုလုပ်သွားတဲ့ အပိုင်းအထိကတော့ ကျွန်မတို့အနေနဲ့ ရာနှုန်းပြည့်နီးပါးလောက် အောင်မြင်တယ်လို့ ပြောလို့ရတယ်။ ဘာလို့လဲဆိုရင် ကျန်ရစ်ခဲ့တာက လုံခြုံရေးတစ်ခုပဲ ကျန်ရစ်ခဲ့တယ်။ ကျန်တဲ့ဟာတွေက တင်တဲ့အဆိုတွေမှန်သမျှ တော်တော်များများက အောက်ခြေကနေ၊ အမျိုးသားအဆင့်ကနေတင်တဲ့ဟာတွေ၊ ပြည်သူလူထု တစ်ရပ်လုံးက တင်လိုက်တဲ့ဟာတွေ တော်တော်များများကို ခြုံငုံပြီးတော့ မူတစ်ခုတော့ ချမှတ်နိုင်တယ်။

ဒါပေမယ့် လုံခြုံရေးကတော့ နောင်ကျင်းပမယ့် တတိယအကြိမ်ညီလာခံမှာ ဆက်ဆွေးနွေးဖို့ ကျန်နေတယ်။ ရာနှုန်းပြည့် အောင်မြင်တယ်လို့ ပြောလို့ရသလို နည်းနည်းတော့ လိုအပ်ချက်လေးတွေ ရှိတယ်လို့လည်း ပြောလို့ရတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ပေါင်း ၆၀ ကျော်စလုံး မကြုံဖူးသေးတဲ့၊ အခု ကျွန်မတို့ခေတ်ကျမှ ဒီလို ကိုယ်တိုင်ပါဝင်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာပီတိဖြစ်မိသလို ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ ပါဝင်ခွင့်ရပြီး သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့တော့ ကျန်ရစ်ခဲ့မှာဖြစ်လို့ အလွန်ပဲ ဝမ်းသာကျေနပ်မိပါတယ်။

မည်သို့ပင်ဖြစ်စေ ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ပြီး နောက်ဆုံး ယခုညီလာခံကြီး၌ လက်မှတ်ရေးထိုးနိုင်ခဲ့သည့် သဘောတူညီချက်များသည် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေး လမ်းမကြီးပေါ် လျှောက်လှမ်းလိုက်သည့် အရေးကြီးသည့် ခြေလှမ်းကြီးကို စတင်လှမ်းလိုက်ခြင်းဖြစ်ပြီး ပြည်သူများ နှစ်ပေါင်းများစွာ မက်ခဲ့ရသည့် ငြိမ်းချမ်းရေးကို ပထမဦးဆုံး မက်ခွင့်ရပြီဟု ဆိုရမည်သာ ဖြစ်သည်။

အမေး / အရေး -
တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွှေး

# သွားကြစို့တူပျော်ပျော် တောင်ကြီး ကလေးစာပေပွဲတော်

**တောင်ကြီး မေ ၃၀**

သာယာအေးချမ်း မောတို့ရှမ်း၊ ကမ္ဘောဇဌာနေ တောင်ကြီးမြေ၌ ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပမည့် ကလေးစာပေပွဲတော် (တောင်ကြီး) ကို လာမည့် ၂၀၁၇ ခုနှစ် ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

အစိုးရသစ် လက်ထက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်းပြီး တတိယအကြိမ်အထိ ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်ကို ကလေးစာပေပွဲတော် (နေပြည်တော်)ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ နေပြည်တော်တွင် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ကလေးစာပေ ပွဲတော် (မန္တလေး)ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ တတိယအကြိမ် ကလေးစာပေပွဲတော် (မော်လမြိုင်)ကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ လည်းကောင်း၊ ယခုစတုတ္ထအကြိမ်အဖြစ် ကလေး စာပေပွဲတော် (တောင်ကြီး)ကို ၂၀၁၇ ခုနှစ် ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိရာ အကြိုပြင်ဆင်ခြင်းအနေဖြင့် မြန်မာ့ရုပ်မြင်သံကြားဌာနမှ ရုပ်သံအစီအစဉ်ဖြင့် လှုံ့ဆော်ဆောင်ရွက်ပေးနေပြီး နေ့စဉ်ထုတ်သတင်းစာများတွင်လည်း ကြော်ငြာအားကောင်းကောင်းဖြင့် ဆောင်ရွက်နေသည်။ အလားတူ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင် /မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများကလည်း တောရော မြို့ပါမကျန် နေရာအနှံ့ ကလေးစာပေပွဲတော် ကြော်ငြာပိုစတာများကပ်ပြီး ပြည်သူအားလုံးကို အသိပညာပေး လှုံ့ဆော်ရေးလုပ်ငန်းများ ဆောင်ရွက် နေကြသည်။

ယခုကဲ့သို့ ကလေးစာပေပွဲတော်ကို နိုင်ငံတော်ကကျင်းပပေးနေခြင်းသည် ကလေးများ စာပေချစ်မြတ်နိုးစိတ်၊ စာပေတန်ဖိုး၊ စာပေအသိပညာများ တိုးတက်ရရှိစေရန်၊ နိုင်ငံတော်၏ အနာဂတ်သားကောင်း သမီးမွန်များ ထူးချွန်ထက်မြက် ဉာဏ်ရည်ထက်စေရန်နှင့် စာပေပတ်ဝန်းကျင်၊ စာပေရပ်ဝန်းကို ချစ်ခင်စွဲမက်စေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် စီစဉ်ဆောင်ရွက်ပေးနေသဖြင့် ရတောင့်ရခဲ အခွင့်အရေးများကို လက်လွှတ်မခံကြရန် မိဘတိုင်းက သားသမီးတိုင်းကို လည်းကောင်း၊ ဆရာတိုင်းက ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ခေါ်ဆောင်၍ ကလေးစာပေပွဲတော်(တောင်ကြီး)ကို ပါဝင်ဆင်နွှဲကြရန် တိုက်တွန်းရပါသည်။

ကလေးစာပေပွဲတော်(တောင်ကြီး)ကို ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ပြီး ပုံပြောပြိုင်ပွဲ၊ ကျပန်းပြိုင်ပွဲ၊ ပန်းချီဆွဲ ဆေးရောင်ခြယ်ခြင်း ၊ စက္ကူခေါက်ကစားနည်း၊ ဂိမ်းဆက်ကစားခြင်း၊ စကားပုံ ဆက်ကစားခြင်း၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်ဈေးရောင်းပွဲတော်များ ၊ ကျောင်းအိမ်တွင်းမှုပြခန်း ပါဝင်ပြသထားပြီး ကလေးများအတွက် ပျော်ရွှင်စရာ 3D အမှတ်တရဓာတ်ပုံ ရိုက်ကူးနိုင်အောင် စီစဉ်ထားကြောင်း ၊ ယင်းအပြင် စာပေဟောပြောပွဲ နှင့် ဖျော်ဖြေရေးအစီအစဉ်များစွာ စီမံဆောင်ရွက်ထားခြင်း ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဝင်များထံမှ သိရသည်။

ထို့ကြောင့် ရှမ်းပြည်နယ် တောင်ပိုင်း ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်တွင် ဇွန် ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်သို့ ကလေး လူကြီးပါမကျန် အတူတူပါဝင်ဆင်နွှဲကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ **မိုးလွင်ဦး(လွိုင်လင်)**




# တာဝန်သိ၍ ငြိမ်းချမ်းမှုလိုလားသည့်လုပ်ငန်းရှင်များဖြစ်လာစေရန် ကုန်သည်စက်မှုအသင်းချုပ် ကြိုးပမ်း

**နေပြည်တော် မေ ၃၀**

စီးပွားရေးဖွံ့ဖြိုးမှုဖော်ဆောင်ရာတွင် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဖြစ်ရန်အတွက် စီးပွားရေးလုပ်ငန်းများ၏ တာဝန်သိမှု၊ တာဝန်ကျေမှု အခန်းကဏ္ဍမှာ အဓိကကျသည့်နေရာမှ ပါဝင်ပါသည်။ နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ခြင်းသည်သာ ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေသည်မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများနှင့် နီးစပ်ဆက်နွှယ်နေသည့် လုပ်ငန်းခွင်အတွင်း ငြိမ်းချမ်းမှု၊ ဈေးကွက်ငြိမ်းချမ်းမှု စသည်တို့ကို ဖန်တီးခြင်းဖြင့် လူမှုအသိုင်းအဝိုင်းများအတွင်း ငြိမ်းချမ်းလာစေပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ဆိုင်ရာများကို အသိပေးဆွေးနွေးမှုများကို မြို့ကြီးများတွင် ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများအား တာဝန်သိသော၊ တာဝန်ကျေသော လုပ်ငန်းများဖြစ်လာရန် ကုန်သည်စက်မှုအသင်းချုပ်နှင့် United Nations Global Compact Network Myanmar တို့ မေ ၂၈ ရက်က မန္တလေးမြို့သို့ သွားရောက်ကာ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးကုန်သည်စက်မှုအသင်းရုံးတွင် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ဆိုင်ရာများကို အသိပေးဆွေးနွေးခဲ့သည်။ ထို့ပြင် လာမည့်မေလအတွင်း တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့ အပါအဝင် မြို့ကြီးအချို့တွင်လည်း အသိပေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးမြို့တွင် ကျင်းပသည့် ဆွေးနွေးပွဲအတွင်း Business for Peace - B4P အဖြစ် စီးပွားရေးလုပ်ငန်းများက




ဒေသတွင်း အခြေခံအဆောက်အအုံမြှင့်တင်ရေးလုပ်ငန်းများ လုပ်နိုင်လျှင်၊ ဖွံ့ဖြိုးမှုနိမ့်ကျသည့်ဒေသများတွင် အခြေခံလိုအပ်ချက်များ (ဥပမာ ရေနှင့် စားသောက်ကုန်) ကို ဝေမျှထောက်ပံ့နိုင်လျှင်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်ပေးနိုင်လျှင်၊ လူအားလုံးပါဝင်သည့် ငွေကြေး ချေးငွေထောက်ပံ့မှုစနစ်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးနိုင်လျှင် ဒေသငြိမ်းချမ်းရေးအတွက် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒေသခံလုပ်ငန်းရှင်များကို အသိပေးကာ ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ ယခုလိုဆောင်ရွက်လာ နိုင်သည်နှင့် အမျှ လူမှုစီးပွားရေးတိုးတက်လာပြီး ဆင်းရဲ ချမ်းသာ ကွာဟမှု၊ မညီမျှမှုများ လျော့နည်းလာမည်ဟု ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အကန့်အသတ်ရှိနေသည့် နယ်စွန်နယ်ဖျား ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ လူမှုစီးပွားရေးလုပ်ငန်းများ တည်ထောင်ရေး၊ သက်မွေးပညာကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ရေး စသည်တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ဝိုင်းဝန်းကူညီရမည်ဖြစ်ကြောင်း ဦးဇော်မင်းဝင်းက ဆက်လက်ပြောကြားသည်။

ကုလသမဂ္ဂ၏ Global Compact (UNGC) မှ ပြဋ္ဌာန်းထားသည့် တာဝန်ယူမှုဆိုင်ရာ အခြေခံမူများကို လိုက်နာပြီး UNGC သို့ ကတိပြုလက်မှတ်ရေးထိုးကြရန် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က မန္တလေးဒေသခံ လုပ်ငန်းရှင်များကို တိုက်တွန်းသည်။ အဓိကအားဖြင့် လူ့အခွင့်အရေးနှင့် လုပ်သားအခွင့်အရေး လေးစားလိုက်နာရမည်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရမည်၊ အဂတိ လိုက်စားမှုကို အားမပေး ရှောင်ကြဉ်ရမည်ဟု UNGC မှ ပြဋ္ဌာန်းထားသည်။ လက်ရှိတွင် UNGC သို့ ကတိပြု လက်မှတ်ရေးထိုးထားသည့် မြန်မာကုမ္ပဏီပေါင်း ၃၀၀ ကျော်ရှိနေပြီး အရှေ့တောင်အာရှတွင် ပါဝင်မှုအများဆုံးအဖြစ် မြန်မာနိုင်ငံက ရပ်တည်နေသည်။

"ကမ္ဘာမှာ အများဆုံး ဖြစ်အောင် ကြိုးစားမယ်" ဟု ဒေါက်တာအောင်ထွန်းသက်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးသည် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုနှင့်အတူ စီးပွားရေး ဖွံ့ဖြိုးမှု အတော်အသင့် ခရီးတွင်သည့် ဒေသကြီးတစ်ခုဖြစ်ကြောင်းနှင့် ဒေသခံပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းဖြစ်သည့် မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသည်လည်း ကုန်သည်စက်မှုအသင်းချုပ်၏ ညီနောင်အသင်းများထဲတွင် အင်အားအတောင့်တင်းဆုံးဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်ချက်များစွာရှိနေကြောင်းသိရပြီး အစိုးရသစ်တာဝန်ယူပြီးနောက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိလာပြီး "အစဆိုပေမယ့် တော်တော်ခရီးရောက်လာပြီ" ဟု ဦးအောင်သန်းက ပြောသည်။ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက တိုင်းဒေသကြီးအစိုးရအနေဖြင့် လက်ရှိတွင် မြေယာပိုင်ဆိုင်မှုကိစ္စများကို အဓိကထားဖြေရှင်းနေပြီး လာမည့်နှစ်တွင် စီးပွားရေး ဖွံ့ဖြိုးမှုကို ဦးစားပေးဆောင်ရွက်သွားမည်ဟု အဆိုပါ အခမ်းအနားအတွင်း ထည့်သွင်းပြောကြားသည်။

B4P တွင် ပူးပေါင်းပါဝင်ပြီး ဒေသခံလုပ်ငန်းရှင်များအား အသိပေးဖိတ်ခေါ်ရန် မန္တလေးကုန်သည်စက်မှုအသင်းက UNGC Network Myanmar နှင့် ဆွေးနွေးပွဲတွင် ကတိပြုလက်မှတ်ရေးထိုးခဲ့သည်။ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် UNGC Network Myanmar ဥက္ကဋ္ဌ ဒေါက်တာအောင်ထွန်းသက်တို့က တိုင်းဒေသကြီးအစိုးရ ဝန်ကြီးများနှင့် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌတို့ သက်သေပါဝင်ကာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ **ခင်ရတနာ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၄၂၀၊ သွင်းကုန် ၅၆၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။



တရားမဝင် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်၊ စားသောက်ကုန်နှင့် မော်တော်ယာဉ် အစိတ်အပိုင်းများ

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တားဆီးမှု ၁၀မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃ ဒသမ ၄၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၃၉၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၄မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၃ ဒသမ ၈၃၉၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၆ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ၁၂ ဘီးယာဉ် ခြောက်စီးအား ရန်ကုန်မြို့အဝင်အမှတ် (၂)လမ်းမကြီး၌ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အထူးကင်းအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Queen အချိုရည် (1×12) (150) Pkgs, ဘေထုပ် (1 × 48kg) (330)Pkgs, 19" Monitor (100)Pcs, Scanner (40)Pcs, ကွမ်းစားဆေး (240) Pkgs, Rice Cooker (1×4) (50) Pkgs, ကော်ကုန်ကြမ်း (1×100Kg) (30) Drums, Charger Controller Auto Equalizer (1)U, Nissan Diesel Engine with Gear Box(Used) (1)U, Nissan Diesel Engine (Used) (1)U, Cycle Tyre (1200)U, Cotton Fabric, Women Sarong စုစုပေါင်း 927 kg နှင့် သယ်ဆောင်သည့် ယာဉ်ခြောက်စီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် သန်း ၃၀၀ခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရော်ဘာဈေးများဆက်တိုက်ကျဆင်းလာ၍ တောင်သူများအခက်တွေ့



**သုဝဏ္ဏဝတီ မေ ၃၀**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာဈေးကွက်သည် ယခုနှစ်အတွင်း ရော်ဘာတစ်ပေါင်လျှင်ငွေကျပ် ၁၃၀၀ အထိ ဈေးကောင်းရရှိခဲ့သော်လည်း သင်္ကြန်လွန်ကာလများမှ စတင်၍ ဈေးများဆက်တိုက်ကျဆင်းလာခဲ့ကြောင်း၊ ယခုပေါက်ဈေးအတိုင်း ရောင်းဝယ်နေကြသူများရှိသကဲ့သို့ ရော်ဘာဈေးပြန်တက်အလာကို ရော်ဘာပြားများ သိုလှောင်၍စောင့်မျှော်နေကြသူများလည်း ရှိကြောင်း သိရသည် ။

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများ၌ မေ ၂၈ ရက်က ရော်ဘာပေါက်ဈေးနှုန်းများမှာ (ဒေသအခေါ်) ရော်ဘာမှိုင်းကျတစ်ပေါင်ငွေကျပ် ၈၄၀၊နေလှန်းတစ်ပေါင်ငွေကျပ် ၈၂၀၊ နေလှန်း တစ်ပေါင် ငွေကျပ် ၇၂၀ မှငွေကျပ် ၈၀၀အထိ၊ အဆုပ်တုံးတစ်ပေါင်ငွေကျပ် ၃၂၀နှင့်ဆွဲဖတ်တစ်ပေါင်ငွေကျပ် ၃၄၀ စသည့် ဈေးနှုန်းတို့ဖြင့် ရောင်းဝယ်နေကြပြီး မုဒုံရော်ဘာပေါက်ဈေးနှုန်းထက်ငွေကျပ် ၃၀ ခန့်နိမ့်ကျကြောင်း သိရသည်။

"ရော်ဘာစေးစတင်ခြစ်တုန်းက ဈေးကောင်းရတယ်။ တစ်ပေါင်ကိုငွေကျပ် ၁၃၀၀ အထိရပြီးနောက်ပိုင်း ဈေးကဆက်တိုက်ကျတာ။ အခုတစ်ပေါင်ငွေကျပ် ၇၅၀ လောက်ပဲရတော့တယ်။ မနှစ်ကထက် ဈေးရခဲ့တာ မှန်ပေမယ့်ဒီနှစ်ကုန်ကျတဲ့ဈေးနှုန်းနဲ့ မနှစ်ကကုန်ကျတဲ့ဈေးနှုန်းမတူဘူးလေ သိပ်အဆင်မပြေပါဘူး။ ရသလောက်နဲ့ပဲ ရောင်းရတယ် "ဟု တစ်ပိုင်တစ်နိုင်ရော်ဘာခြံလုပ်ကိုင်သူ ဝင်းပကျေးရွာမှ နော်မြင့်အေးက ပြောသည်။

"ဒီနှစ်ရာသီအလယ်လောက်မှာ ဈေးကောင်းရလိုက်တဲ့အတွက် မနှစ်ကထက်စာရင်အဆင်ပြေပါတယ်။ ရော်ဘာဈေးနှုန်းက မပြောတတ်လို့ မလျှောင်ရဲဘူး။ တချို့ကျတော့ ဈေးကြီးနဲ့ဝယ်ထားမိလို့ အခုဈေးနဲ့ဆို အဆင်မပြေလို့ ဈေးအတက်ကို စောင့်နေရတယ်" ဟု တည်းကုန်းကျေးရွာမှ တတိယလက်ခွဲဒိုင် (ကျေးရွာများအတွင်း လှည့်လည်ဝယ်ယူသူ)တစ်ဦးဖြစ်သူနော်ချစ်ပိုက ပြောသည် ။

"ကျွန်တော်တို့က ဒုတိယလက်ခွဲဒိုင်လို့ပြောရင်ရတယ်။ ရာသီအစကဆိုတစ်နေ့ကို ပေါင်တစ်သောင်းခွဲကနေ ပေါင်နှစ်သောင်းအထိ ဝယ်လို့ရတယ်။ အခု ဈေးကလဲကျ။ ရာသီပိတ်ချိန်ရောက်တာတောင် တစ်နေ့ပေါင်နှစ်ထောင်ကျော် ဝယ်နေရသေးတယ်။ ရန်ကုန်- မန္တလေး-မော်လမြိုင်နေရာ အစုံပို့တယ်။ ကျွန်တော်တို့အခက်အခဲက ပထမလက်ခွဲဒိုင်တွေက ဒီနေ့ရော်ဘာပေါက်ဈေးမဖွင့်ရင် ဒီနေ့ဈေးကျတယ်။ အနည်းဆုံးတစ်ပေါင်ငွေကျပ် ၂၀ ကျတယ်။ ကုမ္ပဏီတွေက ဈေးကွက်ကိုချုပ်ကိုင်ပြီးဈေးကစားတယ်။ အခုအချိန်က ရောင်းချင်သူများပြီး ဝယ်သူနည်းနေတယ်" ဟု သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်မှ ရော်ဘာခြံစိုက်ပျိုးထုတ်လုပ်သူတစ်ဦးလည်းဖြစ်သူ ရွှေလက်ဆောင်ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဦးထင်လင်းစိုးက ပြောသည် ။

မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို အဓိကထားဆောင်ရွက်နေသော ပြည်နယ်တစ်ခုဖြစ်ပြီး ရော်ဘာစိုက်ဧကပေါင်း တစ်သိန်းခွဲကျော်ရှိသည်။ ယင်းလုပ်ငန်းကိုမှီခိုနေသည့် ရော်ဘာ စိုက်တောင်သူများသည် ရော်ဘာခြံအခွန်ပေးဆောင်ရပြီး စပါးစိုက်ပျိုးသူတောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေများကို နိုင်ငံတော်က ကူညီထောက်ပံ့ပေးနေသကဲ့သို့ ရော်ဘာခြံလုပ်ကိုင်သူများကိုလည်း စိုက်ပျိုးစရိတ်ချေးငွေများ ချထားပေးစေလိုကြောင်းဎင်းက ဆက်လက်ပြောပြသည်။

ရော်ဘာဈေးနှုန်းသည် ယခင်နှစ်များကထက် ဈေးကောင်းရရှိခဲ့သော်လည်း ဈေးကွက်မတည်ငြိမ်မှုအရည်အသွေးစံချိန်မီမထုတ်လုပ်နိုင်သေးဘဲ တိကျသောဈေးနှုန်း၊ တိကျသော အရည်အသွေး မသတ်မှတ်နိုင်သေးသောကြောင့် တစ်ပိုင်တစ်နိုင်ရော်ဘာစိုက်တောင်သူများရောင်းဝယ်ရာ၌ အဆင်မပြေမှုများ ကြုံတွေ့နေကြကြောင်း သိရသည် ။

**ခွန်(ဝင်းပ)**

# သဘာဝဘေးထူးခြားဖြစ်စဉ်များအတွက် အရေးပေါ်ကွပ်ကဲမှုဗဟိုဌာနဖွင့်လှစ်ထား

**စစ်ကိုင်း မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း သဘာဝဘေးထူးခြားဖြစ်စဉ်များဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် EOC (Emergeney Operation Center) အရေးပေါ်ကွပ်ကဲမှုဗဟိုဌာနကိုဖွင့်လှစ်၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့်ဆက်သွယ်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရတာဝန်ရှိသူထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့တဲ့ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးမှာ အမှုကြီး၂၃၅ မှုနဲ့ အခြားအမှု ၅၀၉၁ မှုဖြစ်ပွားခဲ့ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့ အနေနဲ့အမှုကြီး၂၂၆ မှုနဲ့ အခြားမှု ၃၃၁၉ မှုတို့ကိုဖော်ထုတ်ဖမ်းဆီးတရားစွဲတင်ပို့နိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၁၀၅၅၉ မှုဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။အထူးမူးယစ်တပ်ဖွဲ့ပြည်သူလူထုတို့ပူးပေါင်းပြီး မူးယစ်ဆေးဝါးမှု ၁၂၀၄ မှု ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီးအစိုးရမှ တာဝန်ရှိသူက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ချင်းတွင်းမြစ်တစ်လျှောက် သွားလာနေသော ရေယာဉ်များတိမ်းမှောက်မှု မဖြစ်ပွားစေရေးအတွက် ပုဂ္ဂလိက ရေယာဉ်များကို စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့်လုပ်သူများ တိုင်းဒေသကြီးအတွင်း ဝင်ရောက်နိုင်ခြင်းမရှိစေရန် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝင်ရောက်လာနိုင်သော လမ်းကြောင်းများကို ပိတ်ဆို့စစ်ဆေးဆောင်ရွက်ပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ထိစပ်နေသည့် တမူးမြို့နယ်၊ လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ်တို့တွင် နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှုမရှိစေရေး ပိတ်ဆို့ရှာဖွေ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် တရားမဝင်သစ်ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု၊ တရားမဝင်ရွှေလုပ်ငန်းလုပ်ကိုင်မှုများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကျွဲနွားမှောင်ခိုမှုများနှင့် ဖော်ထုတ်ဖမ်းဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အဆင့်မြင့် ဆက်သွယ်ရေးစက်များကို အသုံးပြုပြီး ပြစ်မှုကျူးလွန်သူများကို အချိန်တိုအတွင်းဖမ်းဆီးနိုင်

**မန္တလေး မေ ၃၀**

မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်း နည်းပညာမြင့်မားသည့် အဆင့်မြင့်ဆက်သွယ်ရေး HYTစက်များကိုအသုံးပြု၍ တပ်ဖွဲ့ဝင်အချင်းချင်း အလျင်အမြန်ချိတ်ဆက် ဆောင်ရွက်ကာ ပြစ်မှုကျူးလွန်သူများကို အချိန်တိုအတွင်း ဖမ်းဆီးအရေးယူဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း အမှတ်(၄)နယ်မြေရဲစခန်းမှ ရဲအုပ်မြတ်ကျော်သူက ပြောသည်။

"ဒီဆက်သွယ်ရေးစက်က စခန်းတစ်ခုနဲ့ တစ်ခုကို အလျင်အမြန်ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့အပြင် မန္တလေးခရိုင်တစ်ခုလုံးကို တစ်ချိန်တည်းညွှန်ကြားမှုပေးနိုင်တဲ့အတွက် တစ်နေရာမှာတစ်စုံတစ်ခုဖြစ်ပြီဆိုတာနဲ့ ပြစ်မှုကျူးလွန်သူရဲ့ ပုံသဏ္ဌာန်၊ ဆိုင်ကယ်အမျိုးအစားကိုသိတာနဲ့ အနီးစပ်ဆုံးစခန်းတွေနဲ့ လှည့်ကင်းတွေက ပိတ်ဆို့ဆောင်ရွက်တဲ့အတွက် အချိန်တိုအတွင်းမှာပဲ အရေးယူဆောင်ရွက်နိုင်ခဲ့တာ အခုဆိုလေး၊ ငါး၊ ခြောက်မှုရှိပါတယ်။ အရင်အသုံးပြုတဲ့ သာမန်လက်ကိုင်စက်တွေက ဥပမာ သိမ်ကြီးကနေအမရပူရကိုဆက်သွယ်ချင်ရင်ဆက်သွယ် လို့မရဘူး။ ဆက်သွယ်ဖို့ခက်ခဲတာတွေ၊ လိုင်းမမိတာတွေ၊ လိုင်းကျပ်တာတွေဖြစ်တယ်။ အခုဒီစက်က လုံခြုံရေးစနစ်တွေလည်းပါတယ်။ တစ်ချိန်တည်းမှာ မန္တလေးခရိုင် တစ်ခုလုံးကို ချက်ချင်းဆက်သွယ်လို့ရတယ်။ တပ်ဖွဲ့ဝင်တစ်ယောက်က ဒီစက်ကိုအသုံး ပြုပြောဆို ဆက်သွယ်လိုက်တာနဲ့ စက်ကိုင်တဲ့သူအားလုံးက သိပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးအတွင်း မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် မေ ၂၃ ရက်ကလှူဒါန်းထားသော Kenbo 250 CC အမျိုးအစား လှည့်ကင်းဆိုင်ကယ်များသည် အဆင့်မြင့်အားကောင်းသည့် အင်ဂျင်အမျိုးအစားဖြစ်ပြီး အချက်ပြမီးများ၊ ဆက်သွယ်ရေးစနစ်များအပြင် ပြည်သူများအတွက် အရေးတကြီးပြောဆိုနိုင်မည့် မိုက်ခရိုဖုန်းများ၊ ဟွန်းများပါဝင်ကာ လက်ရှိတွင် နယ်မြေရဲစခန်းအသီးသီး၌ တစ်စီးနှုန်းဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# သွေးလွန် တုပ်ကွေးရောဂါကာကွယ်ရေး မြေပုံမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

**မြေပုံ မေ ၃၀**

မြေပုံမြို့ မြို့နယ်ကျေးလက်ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသခံယူမှု စိစစ်တွေ့ရှိချက်အရ မြေပုံမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးကို မေ ၂၇ ရက်ကစတင်ကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ရောဂါဖြစ်ပွားလျက်ရှိသော သဲတန်းရပ်ကွက်၊ ကံသာထွက်ဝရပ်ကွက်နှင့် အငူကျေးရွာအုပ်စုတို့၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးထည့်ပေးခြင်း၊ ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ရပ်/ကျေး ကျန်းမာရေးဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့ဝင်များ စုပေါင်းပါဝင်၍ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မိတ္ထီလာခရိုင်အတွင်း အခြေခံပညာကျောင်း ၈၅ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိ

**မိတ္ထီလာ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း မြို့နယ်လေးမြို့နယ်၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်ကာလတွင် အခြေခံပညာကျောင်း ၈၅ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ကြောင်း ခရိုင်ပညာရေးမှူးရုံးထံမှ သိရသည်။

အခြေခံပညာအလယ်တန်းအဆင့်မှ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့် မိတ္ထီလာမြို့နယ်တွင်တစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်မှ အခြေခံပညာအထက်တန်းကျောင်းအဆင့် မိတ္ထီလာတွင်တစ်ကျောင်း၊ မလှိုင်တွင်တစ်ကျောင်း၊ ဝမ်းတွင်းတွင်တစ်ကျောင်း၊ သာစည်တွင်သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့် မိတ္ထီလာတွင်ခြောက်ကျောင်း ၊ မလှိုင်တွင် ၂၂ ကျောင်း၊ ဝမ်းတွင်းတွင် ၁၂ ကျောင်း၊ သာစည်တွင်ကိုးကျောင်း ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့်မှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့် မိတ္ထီလာတွင်တစ်ကျောင်း ၊ မလှိုင်တွင်လေးကျောင်း၊ ဝမ်းတွင်းတွင်ခြောက်ကျောင်း ၊ သာစည်တွင်လေးကျောင်း ၊ အခြေခံပညာမူလတန်းအဆင့်မှ အခြေခံပညာ မူလတန်းလွန်ကျောင်းအဆင့် မိတ္ထီလာတွင်တစ်ကျောင်း ၊ ဝမ်းတွင်းတွင်ခြောက်ကျောင်း၊ သာစည်တွင် လေးကျောင်း၊ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းခွဲအဆင့် မိတ္ထီလာတွင်တစ်ကျောင်း၊ ဝမ်းတွင်းတွင်နှစ်ကျောင်းတို့ဖြစ်ပြီးခရိုင် အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၈၅ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရခဲ့ခြင်း ဖြစ်သည်။



မိတ္ထီလာခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း အရေအတွက်အနေဖြင့် ၂၆၃ ကျောင်း၊ မလှိုင်မြို့နယ်တွင် ၁၈၆ ကျောင်း၊ ဝမ်းတွင်းမြို့နယ်တွင် ၁၆၆ ကျောင်း ၊ သာစည်မြို့နယ်တွင် ၂၀၉ ကျောင်း စုစုပေါင်း ၈၂၄ ကျောင်း ရှိကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ရမ်းဗြဲမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့ နယ်မြေလုံခြုံရေးဆောင်ရွက်

**ရမ်းဗြဲ မေ ၃၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလှိုင်ဦးဆောင်သော မြို့မစခန်းမှူးနှင့် တပ်ဖွဲ့ဝင် ၁၁ ဦး၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ ပူးပေါင်းသောအဖွဲ့သည် မေ ၂၇ ရက်က ညအချိန်၌ မြို့ပေါ်ရပ်ကွက်များနှင့် လမ်းဆုံလမ်းခွများတွင်မသင်္ကာဖွယ် လူပုဂ္ဂိုလ်တို့အား မူးယစ်ဆေးဝါးနှင့် လက်နက်ပုန်းများသယ်ဆောင်ခြင်းရှိ/မရှိ ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ပြီး နယ်မြေလုံခြုံရေးအတွက် ပညာပေးဟောပြောခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

(၁၅၇)

# သဘာဝဘေးကြုံတွေ့စဉ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ကော့သောင်း မေ ၃၀**

သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှု အစီအစဉ်တစ်ရပ်ကို မေ ၂၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ကော့သောင်းအကျဉ်းထောင်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

လေ့ကျင့်မှုအစီအစဉ်ကိုကော့သောင်း ခရိုင်နှင့် မြို့နယ်နှင့် ရဲတပ်ဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အကျဉ်းထောင်တာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပြီး မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ကြုံတွေ့လာပါက အကျဉ်းသား အကျဉ်းသူများနှင့် အကျဉ်းထောင်ဝန်ထမ်း မိသားစုများ အသက်အန္တရာယ်၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။



ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်မှု အစီအစဉ်တွင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ပါက ကယ်ဆယ်ခြင်းနှင့် အရေးပေါ်ပြုစုကုသနည်း လုပ်ငန်းစဉ်များ၊ သဘာဝဘေးကြောင့် ဖြစ်ပေါ်လာမည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားကာ အပျက်အစီးများအကြားတွင် လက်တွေ့ကယ်ဆယ်မှုလုပ်ငန်း ဆောင်ရွက်ပုံများနှင့် အကျဉ်းထောင်အတွင်း မီးလောင်မှု ဖြစ်ပွားပါက မီးငြိမ်းသတ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ညွှန်ကြားချက်များနှင့်အညီ ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်

**မော်လမြိုင် မေ ၃၀**

မော်လမြိုင်မြို့နယ်အတွင်းမှ မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအား ကူညီပံ့ပိုးပေးခြင်းနှင့် မြေမြှုပ်မိုင်းအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်ပေးမည့်အဖွဲ့များနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများ မော်လမြိုင်မြို့ မန္တလေးရပ်ကွက်ရှိ အတ္ထရံဟိုတယ်ခန်းမ၌ မေ ၂၆ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးကိုကိုနိုင်နှင့် INGO၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လူမှုရေးဝန်ကြီးက မြန်မာနိုင်ငံတွင် မိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများအား INGO၊ NGO အဖွဲ့အစည်းများနှင့် အစိုးရတို့ ပူးပေါင်း၍ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးကလည်း မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်၍ INGO၊ NGOအဖွဲ့များနှင့်လူမှုဝန်ထမ်းဌာနတို့ ပူးပေါင်း၍ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် မသန်စွမ်းသူများကို ကူညီပံ့ပိုးပေးခြင်း၊ မိုင်းအန္တရာယ် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်နေပုံများကို ရှင်းလင်းပြောကြားသည်။

World Education အဖွဲ့ ဒါရိုက်တာကလည်း ၂၀၁၃ ခုနှစ်မှစတင်၍ အဖွဲ့အနေဖြင့် လူသားချင်း စာနာမှုအရ မိုင်းဒဏ်ခံရသူများနှင့် မသန်စွမ်းသူများအား ကူညီထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးခဲ့ပုံနှင့် အခြားသော NGO များနှင့် လူမှုဝန်ထမ်းဌာနတို့နှင့် ပူးပေါင်းကာ ၂၀၁၂ ခုနှစ်မှစ၍ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုင်းအန္တရာယ်အသိပညာပေးခြင်း၊ မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရသူများ ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိပုံနှင့် ဆက်လက်၍ မွန်ပြည်နယ်၌လည်း ဆောင်ရွက်ရန်အတွက် ပထမဦးဆုံးအကြိမ် အဖွဲ့အစည်းများနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေး၍ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

World Education အဖွဲ့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များကို INGO၊ NGO CSO အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ဒေသတွင်းရှိ လူမှုဝန်ထမ်းဌာနများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# ဘက်စုံသီးနှံကာကွယ်ရေးနှင့် တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး မေ ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စု ကမော့ဝမ်းကျေးရွာ၌ ဒေသခံတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အကျိုးအမြတ်ပိုမိုရရှိစေရန်နှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံသီးနှံကာကွယ်ရေးနှင့် တောင်သူပညာပေး ဆွေးနွေးဟောပြောပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးပြီး ကမော့ဝမ်းကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မေ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကော့ကရိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေး တာဝန်ခံ ဦးစီးအရာရှိဦးမြင့်အောင်က စပါးနှင့် အခြားသီးနှံများ အထွက်နှုန်း တိုးတက်စေရေးအတွက် ပိုးမွှားများ မကျရောက်စေရေး၊ ကျရောက်တတ်သော ပိုးမွှားအမျိုးအစားများနှင့် ပိုးမွှားရောဂါများကို ကာကွယ်နှိမ်နင်းခြင်းနည်းပညာများ စသည်တို့ကို ဆွေးနွေးဟောပြောပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဦးမြင့်ဦးက မျိုးစေ့နှင့်ပတ်သက်သော ဥပဒေများအကြောင်း၊ ဆန်စပါးနှင့် အခြားသီးနှံများ အထွက်နှုန်းကောင်းစေရန် မျိုးကောင်းမျိုးသန့်များသုံးစွဲကြရေး စသည်တို့ကို ဟောပြောသည်။

ထို့နောက် ကမော့ဝမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများက လက်တွေ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စိုက်ပျိုးပြီးသီးနှံများ၏ ဈေးကွက်အခြေအနေများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြကာ စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**နေမျိုးလွင်**

# ခွင့်ပြုချက်ရထားပြီး စိုက်ပျိုးခြင်းမရှိသောမြေများကို ပြန်လည်သိမ်းဆည်းရန်စီစဉ်နေ

**မုံရွာ မေ ၃၀**

ဒေသအာဏာပိုင်ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများအား စိုက်ပျိုးရန် ခွင့်ပြုထားခဲ့သော မြေဧရိယာများမှ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ခြင်းမရှိသည့် မြေများကို လက်ရှိတိုင်းဒေသကြီးအစိုးရက ပြန်လည် သိမ်းဆည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှု ထုတ်ပြန်ချက်များမှ သိရသည်။

မြေယာလုပ်ကိုင်ခွင့်များကိုရယူထားပြီး မြေအသုံးချမှုမရှိသော ဖြစ်စဉ်များကို စိစစ်ရာတွင် မြေလွတ်မြေရိုင်းနှင့် မြေလပ်များ စီမံခန့်ခွဲမှုဗဟိုအဖွဲ့က လုပ်ကိုင်ခွင့်အသုံးပြုခွင့် ပေးထားသူ ၃၅၀ ၏ မြေဧရိယာ ၄၉၇၂၇၄ ဒသမ ၇၄ ဧကအနက် သတ်မှတ်ကာလအတွင်းတွင် စိုက်ပျိုးဧရိယာ ၁၈၂၉ ဒသမ ၈၄ ဧကကိုသာ အကောင်အထည်ဖော်ခဲ့၍ ဧရိယာ ၃၉၁၇၂၅ ဒသမ ၀၄ ဧကကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ကြောင်း သိရသည်။ ယခင် ဒေသအာဏာပိုင်ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိက ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ တပ်ရင်းတပ်ဖွဲ့များ စုစုပေါင်း ၁၁၈ ဦးအား ဧရိယာ ၁၇၂၂၂ ဧက ခွင့်ပြုခဲ့ရာတွင်လည်း ဧရိယာ ၁၃၄၃ ဧကသာ စိုက်ပျိုးအသုံးပြုသောကြောင့် လက်ရှိတွင် ၁၅၈၇၉ ဧက စိုက်ပျိုးရန် ကျန်နေကြောင်းလည်း တိုင်းဒေသကြီးအစိုးရ မှတ်တမ်းများမှ သိရသည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရခြင်း အကြောင်းရင်းတစ်ခုဖြစ်သည့် ရေဝပ်ဧရိယာများပေါ်တွင် တရားမဝင်ငါးကန်များ တူးဖော်ခဲ့မှုများကို စိစစ်ခဲ့ရာတွင်လည်း လယ်ယာမြေများအပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါးကန်အသုံးပြုသူ ခုနစ်ဦး၊ ကွင်းလေးကွင်း၊ ဦးပိုင် ၁၈ ခု၊ ကန် ၁၇ ကန်၊ လယ်ဧရိယာ ၁၆ ဒသမ ၆၆ ဧကနှင့် ယာမြေ ၅ ဒသမ ၇ ဧက စုစုပေါင်း လယ်ယာမြေ ၃၂ ဒသမ ၃၆ ဧကအတွက် တရားရုံးတွင် တရားစွဲဆိုပြီး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စနစ်တကျလယ်ယာမြေဖော်ထုတ်ရေးအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၁၀၀၊ ကသာမြို့နယ်တွင် ဧက ၁၀၀၊ ကန့်ဘလူမြို့နယ်တွင် ဧက ၂၀၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၀ စုစုပေါင်း ဧက ၅၀၀ ကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ကျပ် ၂၅၁ သန်းကျော် ကျခံသုံးစွဲပြီး ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် သမဝါယမချေးငွေဖြင့်လည်း စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာတွင် ၈၅ ဧကနှင့် မြောင်မြို့နယ် တွင်းကြီးကျေးရွာတွင် ၈၄ ဧကကို ဖော်ထုတ်လျက်ရှိသည်။ လယ်မဲ့ယာမဲ့လယ်ယာမြေဖော်ထုတ်ရေးအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၂၀၀၊ ကသာမြို့နယ်တွင် ဧက ၂၀၀၊ ဖောင်းပြင်မြို့နယ်တွင် ဧက ၂၀၀ နှင့် ဟုမ္မလင်းမြို့နယ်တွင် ၃၇၅ ဧက စုစုပေါင်း ၉၇၅ ဧကကို တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ကျပ်သန်း ၅၀၀ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လေဘေးသင့်၍ ပြည်သူများအား အသုံးအဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်

**ကလေး မေ ၃၀**

ကလေးမြို့နယ်တွင် မေ ၂၅ ရက် နံနက် ၈ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးလန် ပျက်စီးသွားသည့် နေအိမ်သုံးလုံးမှ အိမ်ထောင်စုဝင်များနှင့် ဦးခေါင်းထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ကလေးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မေ ၂၈ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် ကလေးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးမြတ်ဇော်ထွန်းတို့က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးပြီး ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိသူ ကျော်ကျေးရွာမှ ဦးအောင်ပုအား ဆေးကုသစရိတ် ကျပ် ၅၀၀၀၀၊ မြောက်စည်း(ရွာမ)ကျေးရွာမှ ဦးအေးမြင့်၏ နေအိမ်အမိုးပျက်စီးမှုအတွက် ကျပ် ၃၀၀၀၀ တန်ဖိုးရှိ သွပ် ၁၂ ချပ်၊ မြောက်စည်း(ရွာသစ်)ကျေးရွာမှ ဦးပေါကြီးနှင့် ဦးမောင်လုတို့၏ နေအိမ်အမိုးပျက်စီးမှုအတွက် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သွပ် ၂၆ ချပ်စီတို့ကို ပေးအပ်ခဲ့သည်။ ထို့အပြင် လေဘေးသင့်နေအိမ်များမှ အိမ်ထောင်စုတစ်စုစီအတွက် ကျားဝတ်လုံချည်တစ်ထည်၊ မဝတ်လုံချည်တစ်ထည်၊ ဆပ်ပြာတစ်ထောင့်၊ မျက်နှာသုတ်ပဝါတစ်ထည်နှင့် တီရှပ်နှစ်ထည်တို့ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ရေးဆွေးနွေး

**မိုးညှင်း မေ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စိမ်းလဲ့ရတနာခန်းမ၌ မူးယစ်ဆေးစွဲရောဂါ သုတေသနအသင်း (Substance Abuse Research Association- SARA)နှင့် ကချင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော်မည့် လူငယ်ထုအတွင်း မူးယစ်ဆေးသုံးစွဲမှုကာကွယ်ရေးစီမံချက်အကြောင်း ရှင်းလင်းပွဲကို မေ ၂၉ ရက်က ကျင်းပခဲ့သည်။

စီမံချက်ရှင်းလင်းပွဲတွင် မိုးညှင်းခရိုင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးက အမှာစကားပြောကြားပြီး SARA မှ ပြည်နယ်ဒေသညှိနှိုင်းရေးမှူး ဒေါက်တာထွန်းထွန်းဘရန်က လုပ်ငန်းစီမံချက်များ၊ စီမံချက်နယ်မြေများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ လူငယ်ထုအတွင်း မူးယစ်ဆေးစွဲမှုကာကွယ်ရေးနှင့် ဘဝရှင်သန်နေနိုင်တတ်ရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်း မောင်ဆန်မိုင်အောင်က သင်တန်းအတွေ့အကြုံများကိုလည်းကောင်း၊ သင်တန်းသူ မသန္တာလွင်က မူးယစ်ဆေးစွဲမှုကာကွယ်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍ အရေးကြီးပုံကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ဉာဏ်သစ်လောင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့မှ ကြီးမှူးကျင်းပမည့် ပခုံးနာကျင်မှုရောဂါအကြောင်း ဉာဏ်သစ်လောင်း ဟောပြောပွဲ (Refresher course on shoulder pain symposium)ကို ဇွန် ၃ ရက် (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ပါသဖြင့် အကြောအဆစ်ဆရာဝန်များ၊ အကြောကျွမ်းကျင်ပညာရှင်များ၊ ခြေတုလက်တုကျွမ်းကျင်ပညာရှင်များ၊ သူနာပြုများ၊ ဆေးကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# သီးနှံ့အရည်အသွေးဆိုင်ရာ ဓာတ်ခွဲခန်းစစ်ဆေး

**ပြည် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ဥက္ကံရွာ တောင်သူဦးမြင့်သိန်း၏ လယ်မြေများ၌ တောင်သူပညာပေးလုပ်ငန်းအဖြစ် စိုက်ပျိုးထားသည့် SRI စံပြကွက် B.M.P စံပြကွက်နှင့် စိုက်စနစ်(၅)မျိုး ယှဉ်ပြိုင်စံပြကွက်များအား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့်အဖွဲ့တို့သည် မေ ၂၂ ရက် နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး ပေါင်းတည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၇၉ သိန်းဖြင့် တည်ဆောက်ခဲ့သည့် အလျား ပေ ၈၀၊ အနံ ၃၅ ပေ တစ်ထပ်အာစီ မြို့နယ်ဦးစီးမှူးရုံးသစ်ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးရုံးဝင်းအတွင်း JICA Project ဖြင့် တည်ဆောက်ထား သည့် သီးနှံ့အရည်အသွေးဆိုင်ရာ ဓာတ်ခွဲခန်းအားစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပြည်မြို့နယ် ဆီးအုပ်ပညာပေးစခန်းဝင်းအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၅၅ သိန်းဖြင့် တည်ဆောက်ခဲ့သည့် အလျားပေ ၆၀၊ အနံ ပေ ၄၀ ရှိ ဒေသခံတောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးနည်းပညာများ ပြန့်ပွားပညာပေးမည့် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းအား ဖွင့်လှစ်ပေးခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်က တောင်သူများနှင့် ဝန်ထမ်းများအား စိုက်ပျိုးရေးဦးစီးဌာနမှ အဓိကဆောင်ရွက်လျက်ရှိသည့် စပါးသီးနှံ့အပါအဝင် အရည်အသွေးကောင်း သီးနှံ့မျိုးစေ့များ ထုတ်လုပ်ရေး၊ စားသုံးသူများ အာဟာရပြည့်ဝ၍ လုံခြုံမှုပေးနိုင်မည့် GAPလုပ်ငန်းစဉ်များ လိုက်နာဆောင်ရွက်ရေးနှင့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ဥပဒေများအား တိကျစွာလိုက်နာဆောင်ရွက်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# တစ်ဖက်မှာ မြက်ခင်းစိမ်း၊ တစ်ဖက်မှာပိတောက်ရွှေဝါလမ်း လမ်း ၃၀ ပေါ်မှာ

**ဆူးငှက်**

*ယခင်အပတ်မှ အဆက်*

ဗထူးကွင်းမဟုတ်ဘဲရန်ကုန်အောင်ဆန်းကွင်းဖြစ်စေ၊ တခြားကွင်းများ၌ ဖြစ်စေ မန္တလေးတိုင်းသွားရောက်ကစား၍ ရှုံးနိမ့်ပါက ဒိုင်ညစ်လို့ဟူသော စွပ်စွဲချက်ကို တစ်ခါတည်း ခြွင်းချက်မရှိ ထုတ်ပြန်စွပ်စွဲတော့သည်။ ဗထူးကွင်းမှာသာ ထိုသို့ရှုံးနိမ့်ပါက ဘောလုံးပွဲပျက်ပြီသာမှတ်။

ဗထူးကွင်းများမှာ နောက်ပိုင်း၌ ပျော်စရာ၊ ရွှင်စရာ၊ ရယ်မောစရာမဟုတ်ဘဲ ဆဲကြ၊ ဆိုကြ၊ အော်ကြ၊ ဟစ်ကြ၊ တင်းမာကြသော အနေအထားသို့ ရောက်လာရသည်မှာ လောင်းကစားကြောင့်ဖြစ်သည်။ တောင်ဘက်ကျပ်တန်းမှာလည်း တစိမ့်စိမ့်နှင့် လောင်းကစားက ဖုံးလွှမ်းလာသည်။ သက်ဆိုင်ရာကလည်း ကြပ်ကြပ်မတ်မတ် အရေးယူသည်။ ထို့ကြောင့် ထိုအချိန်က မန္တလေးမှာ ထုတ်ဝေခဲ့သည့် သတင်းစာ၌ ဘောလုံးပွဲလောင်းကစားတွေ အရေးယူကြောင်း သတင်းက မကြာခဏ ပါတတ်လေသည်။

လောင်းကစားမှုက အရာရာကိုအမှန်အတိုင်းမမြင်နိုင်တော့ဘဲ မိမိလောင်းကြေးတစ်ဖက်တည်းသာ ကြည့်တော့၏။ ထိုအခါ မိမိလောင်းကြေးနိုင်ရေးအတွက် 'ကန်ကွာ'၊ 'ချကွာ'၊ 'ဟိုကောင် အသုံးမကျဘူး' စသည့် ဒေါသတကြီးအပြစ်တင်မှုများမှတစ်ဆင့် ရုန်းရင်းကြမ်းတမ်းစွာ ဆဲရေးသည်အထိ မကြာဝံ့မနာသာ ဖြစ်ရတော့သည်။ ကဗျာဆရာကြီး တင်မိုးကတော့တစ်နေ့ခင်းလုံး အဆင်မပြေမှုများကို ညနေဘောလုံးပွဲရောက်မှ 'ဟေ့ကောင်နီတိုး၊ မအေရိုးကို၊ ခြေချိုးလိုက်ကွ'ဟု ဆဲရေးအော်ဟစ်ကာ ထွက်ပေါက်ရှာကြသည်ဟု ကဗျာဖွဲ့ဖူးသည်။

စာရေးဆရာသတင်းစာဆရာကြီး လူထုဦးလှက လူထုသတင်းစာ၏ 'သောင်းပြောင်းထွေလာ ရေးချင်ရာရာ' ပင်တိုင်အခန်းမှနေ၍ ဘောလုံးပွဲများတွင် ရိုင်းပျလာကြမှုအပေါ် 'ဘောလုံးပွဲများမှာ မဆဲဖို့' ဟူသော ဆောင်းပါးဖြင့်သတိပေး ရေးသားခဲ့ဖူးသည်။ ဖတ်ကြည့်ကြပါကုန်။

'ဗထူးကွင်းဘောလုံးပွဲများတွင် အလွန်ဆဲကြသည်' ဟု မိတ်ဆွေများကပြောကြသည်။ ခဏခဏပင် ပြောကြသည်။

ကျွန်တော်ဘောလုံးပွဲကိုမရောက်သည်မှာ တော်တော်ပင်ကြာပြီ။ ထို့ကြောင့် ဘောလုံးပွဲအကြောင်း ဘာမှမသိ။ သို့ရာတွင် ဘောလုံးပွဲတွင် ဆဲကြသည်၊ အလွန်ပဲဆဲနေကြသည်ဆိုသော သတင်းကိုကြားရသောအခါ အများကြီးစိတ်မကောင်းဖြစ်မိသည်၊ ဝမ်းနည်းမိသည်။

၁၉၄၇-၄၈၊ ၄၉-၅၀၊ ၅၁-၅၂ ခုနှစ်လောက်အထိယခင်က ယူဘီအေကွင်းဟု ခေါ်သော ဗထူးကစားကွင်းတွင် ကျွန်တော်တို့တစ်တွေ လူကြီးလုပ်ပြီးဘောလုံးပွဲများကျင်းပခဲ့ကြသည်။ စစ်ပြီးခါနီးစပွဲများ၌ ဆဲကြပါသည်။ ရန်ဖြစ်ချင်ကြပါသည်။ သို့ရာတွင် နောင်တော့မဆဲကြတော့ပါ။ တစ်ယောက်တလေ၏ အသံကြောင့် ဆဲသံများပင် ထွက်ပေါ်၍မလာပါ။ ခိုက်ရန်ဒေါသလည်းမဖြစ်ကြပါ။ ထို့ကြောင့် သမ္မတကြီးဒေါက်တာဘဦးကြွ၍ ဘောလုံးပွဲလာကြည့်သည့်အခါ၌ လည်းကောင်း၊ တခြားပုဂ္ဂိုလ်ကြီးတွေလာကြည့်ကြသည့်အခါ၌လည်းကောင်း ကျွန်တော်တို့က ကောင်းကောင်းကြွားလေ့ရှိကြသည်။ ကြွားသည်ဆိုရာမှာလည်း မဏ္ဍပ်တိုင်တက်ကြခြင်းမဟုတ်၊ ကြိတ်၍ ဂုဏ်ယူရခြင်းဖြစ်သည်။

ထိုအချိန်က ရန်ကုန်ဘောလုံးပွဲများတွင် အလွန်ဆဲနေကြသည်။ အစိုးရလည်း ဘာမှမတတ်နိုင်၊ ဘယ်သူမှလည်းဘာမှမတတ်နိုင်။ ထို့ကြောင့် သမ္မတနှင့် ရန်ကုန်လူကြီးများလာလျှင် ကျွန်တော်တို့ ဘောလုံးပွဲများကို အံ့သြနေကြသည်။ ရပ်ဝေးမိတ်ဆွေတချို့က ခင်ဗျားတို့ဘောလုံးပွဲက 'ဆဲလည်းမဆဲပါလား' ဟု ဆိုကြသည်။ 'ဆဲစေချင်လို့လား' ဟု ရင်းနှီးသော မိတ်ဆွေများကို ပြန်၍မေးသောအခါ ထိုမိတ်ဆွေများက 'မဟုတ်ပါဘူးဗျာ၊ သဘောကျလွန်းလို့ပါ' ဟု ပြန်ပြောကြသည်။

မော်လမြိုင်က လာသောဧည့်သည်၊ ပုသိမ်ကလာသော ဧည့်သည်များကလည်း 'ဆဲသံမကြားသော ဘောလုံးပွဲကို မန္တလေးရောက်မှပဲ တွေ့ရတော့တယ်' ဟု ထုတ်၍ ပြောကြသည်။ တစ်ဦးနှင့်နှစ်ဦးကမူ-

'မန္တလေးမှာမို့လည်း ဒီလိုဖြစ်နိုင်တာပဲဗျာ' ဟုဆိုသည်။

ဟု လူထုဦးလှက မန္တလေးမှာ ဘောလုံးပွဲများ ဆဲလေ့မရှိပုံကို ရေးသားခဲ့၏။ သို့သော် ထိုယဉ်ကျေးမှုက ပျက်စီးပြီး ဗထူးကွင်းမှာ ဘောလုံးသမားနှင့် ဒိုင်လူကြီးများကိုဆဲခြင်းကိစ္စ တွင်ကျယ်နေသောအခါ ဆရာကြီးလူထုဦးလှက မေတ္တာရပ်ခံရေးသားခဲ့သည်ကို ထိုဆောင်းပါး၌ ဆက်လက်ဖတ်ရှုရလေသည်။

မှန်းတဲ့ပွဲ လောင်းကစားတစ်မျိုးကို ကိုယ်လက်ကြံ့ခိုင်ရေးကောင်စီဆရာများ ထွင်လိုက်သောအခါ အများဆဲ၊ တအားဆဲ၊ သောက်ကျိုးနည်းဆဲကုန်ကြတော့သည်။ ယခုသော်မှန်းတဲ့ပွဲ၏ အမွေဆိုး 'အဆဲ' သည် ဗထူးကွင်းတွင် မင်းမူလျက်ရှိနေပေပြီ။

ခွန်အားမွေးပြီး ကျွမ်းကျင်မှုလေ့ကျင့်ကာ အစွမ်းကုန် ယှဉ်ပြိုင်ကြရသည့် အားကစားစိတ်ဓာတ်မွေးမြူရာ ဗထူးကွင်းသည် ယခုသော် အစွမ်းကုန်ဆဲရေးရာဌာနကြီးဖြစ်နေပေပြီ။ ဤသို့ဆိုလျှင် ကျွန်တော်တို့ မန္တလေးမြို့သူမြို့သားများ အနေဖြင့် အများကြီးအရှုံးပေါ်နေသည်။ ဂုဏ်သိက္ခာထိခိုက်နေသည်။ ထို့ကြောင့် ပြုပြင်ရေးအတွက်အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့လိုကြောင်း လေးလေးနက်နက် နှိုးဆော်လိုက်ပါသည်။ ဆဲသူများအားလည်း ရပ်တန့်ကြပါရန် မေတ္တာရပ်အပ်ပါသည်ဟု ရေးသားခဲ့၏။ ၁၉၆၃ ခုနှစ် ဩဂုတ် ၂၇ နေ့ထုတ် လူထုသတင်းစာ၌ ရေးသားခဲ့သည့် ဆောင်းပါးဖြစ်ပါ၏။



၂၀၀၀ ပြည့်ဝန်းကျင်က ဗထူးအားကစားပြိုင်ဝင်း

ဘောလုံးပွဲများ၌ မည်သို့ပင် ဆဲရေးကြစေကာမူ ရိုးသားသော ဝါသနာအရင်းခံနှင့် ကြည့်ရှုသူများက အများစုမို့ ပျော်စရာ၊ ရွှင်စရာ၊ ရယ်စရာ၊ မောစရာက မပြတ်။ ချစ်စရာအကောင်းဆုံးစရိုက်ကဖြင့် ဘောလုံးကွင်းမှာ အားနည်းသူကို အားပေးကြခြင်းပဲဖြစ်ပါသည်။

ဗထူးကွင်းပွဲကြည့်စင်များ ပြင်ဆင်တည်ဆောက်တော့ ထောင့်လေးထောင့် အနက် သုံးထောင့်မှာ ကွက်လပ်ကြီးတွေချန်ခဲ့သည်။ မန္တလေးပရိသတ်က မကြာခင် မီးမောင်းကြီးတွေ ဆင်တော့မှာလို့ ပြောဆိုဝမ်းသာနေကြ၏။ 'ရန်ကုန်အောင်ဆန်းကွင်းက မီးမောင်းကြီးတွေနဲ့မီးဆိုင်းဘုတ်ကြီး ဒီရောက်တော့မှာ။ အောင်ဆန်းကွင်းကို ဂျပန်က မီးအသစ်ဆင်ပေးမှာတဲ့' စသည့်ဖြင့် ပြောဆိုနေကြ၏။ 'အခုလိုပွဲကြည့်စင်တွေကို သစ်သားနဲ့ပဲ ဆောက်တာကိုက ယာယီလုပ်ထားတာ။ မီးမောင်းကြီးတွေ ရောက်လာရင် ပတ်ပတ်လည် အုတ်ခုံတွေဖြစ်တော့မှာ။ ပုံစံဆွဲထားပြီးသား' လို့လည်း ပြောကြသည်။ အဲဒါလွန်ခဲ့တဲ့နှစ် ၃၀ ကဖြစ်၏။

လမ်း ၃၀ ပေါ်က ဗထူးကွင်းသို့ ဘောလုံးပွဲကြည့်လိုက်ရာတွင် ဘောလုံးကွင်းက အစားအသောက်များကို သဘောကျခြင်းကလည်း တစ်ချက်ပါဝင်သည်။ အင်္ကျီညို၊ ဘောင်းဘီအဖြူနှင့် သားရေပုံးကို လွယ်ကာ ကွင်းလေးဘက်လေးတန် ပွဲကြည့်စင်များပေါ်မှ 'လာပါပြီခင်ဗျ၊ သမ္မာ အာဇီဝ၊ အောင်ဇော်ဝင်း ဗီတာမင် မြေပဲဆားလှော်' ကိုတော့ သဘောအကျဆုံးဖြစ်သည်။ တစ်ထုပ် ၁၅ ပြား၊ နောက်တော့ ၃၅ ပြား၊ တစ်ကျပ်ဖိုး သုံးထုပ်။

နောက် သဘောကျသည့် အစားအသောက်များက မြောက်ဘက်ဂိုးတိုင်နောက်တည့်တည့်က ကုလားပဲသုပ်၊ စမူဆာသုပ်ဖြစ်သည်။ ကုလားပဲသုပ်က ကြက်သွန်၊ ပူစီနံ၊ မန်ကျည်းမှည့်ရည်၊ မိုးမျှော်ငရုတ်သီးနှင့် မဆလာနဲ့ သင်းသင်းလေး။ ထိုထဲသို့ စမူဆာကိုခြေထည့်၍ အာလူးဟင်းရည်ဆမ်းကာ အာလူးသီးပြုတ်လှီးထည့်ပေးသည်။ ကွင်းအရှေ့မြောက်ထောင့်မှာက မြီးရှည်ရှိသည်။ အသားနိုင်းချင်းနှင့် ဟင်းရည်ကို ကြိုက်သလောက် ခပ်သောက်ရုံဖြစ်၏။

အနောက်မြောက်ထောင့် ဝင်ပေါက်အနီးမှာ လက်ဖက်ရည်ဆိုင်လေး ရှိသည်။ ထူးခြားတာက ထိုဆိုင်မှာ စားစရာမုန့်က မုန့်လုံးကြီးကြော်၊ မုန့်လက်ကောက်ကြော်ဖြစ်သည်။ ထန်းလျက်ရည်နှင့် တို့စားရ၏။ မုန့်လက်ကောက်က တစ်ကျပ်ဖိုး သုံးခု။ ဗထူးကွင်းက စမူဆာသုပ်နှင့် မြီးရှည်ကတော့ ယခုထိ နာမည်ရနေဆဲ။ ဗထူးကွင်းအပြင်ဘက်မှာ ဘောလုံးပွဲရှိရှိ မရှိရှိ အားပေးသူများဖြင့် စည်ကားနေကြဆဲ။

နောက်တော့ ဗထူးကွင်းမှာ ဘောလုံးပွဲမကြည့်ဖြစ်တာ ကြာပါပြီ။ အချိန်ကုန်မည်။ အထူးသဖြင့် ငွေကုန်မည့်အာရုံတွေ အကုန်ဖြတ်ရသည်။ ရုပ်ရှင်၊ ပွဲလမ်း၊ ဘောလုံးပွဲကား ဖြတ်တောက်ရသည့် အာရုံထဲပါသွားလေရော။ တစ်ခါတစ်ရံတော့ ဗထူးကွင်းထဲ ညချမ်းအချိန် တစ်ခါနှစ်ခါရောက်သွားရ၏။ ဘောလုံးပွဲမဟုတ်။ လှုယဉ်ကျေးမယ်ပြိုင်ပွဲ၊ ဖက်ရှင်ရှိုးနှင့် လက်ဝှေ့ပွဲများလည်း ဖြစ်တတ်ပါသည်။

ဗထူးကွင်းက လမ်း ၃၀ မျက်နှာပြူ တောင်ဘက် ပွဲကြည့်စင် အောက်ထပ်မှာတော့ ယခုအခါ ဆိုင်ခန်းများ ဖွဲ့စည်းတည်ဆောက်ထားလေသည်။ ထို့အတူ အရှေ့ဘက်ခြမ်း မိုးလုံလေလုံ အားကစားရုံဘက်ကလည်း လမ်းမဘက်တန်းတွေမှာ ဆိုင်ခန်းများ တည်ဆောက်နေသည်။ အသားကင်ဆိုင်၊ ဘီယာဆိုင်တွေ ပါလာဦးမှာပေ့ါ။ တကယ်တော့ မန္တလေးမှာ ကမ္ဘာ့အဆင့်မီ ဘောလုံးကွင်းကြီး တစ်ကွင်းလောက် ရှိစေချင်တာ မြို့လူထုဆန္ဒ ဖြစ်သည်။ မန္တလေးတောင်ခြေက မြင်းပြိုင်ကွင်းကြီးပဲ ဖြစ်တော့မလိုလို၊ ဗထူးကွင်းကြီးပဲ ပြင်တော့မလိုလို။ သိပ္ပံလမ်းတောင်ဘက် ဗိုလ်ရုံရွာမှာပဲ ဆောက်တော့မလိုလို သတင်းတွေ ကြားကြားပြီး ပျောက်ပျောက်သွားသည်။

နေရာအကွက်အကွင်းနှင့် ကွင်းအနေအထားကား ဗထူးကွင်းက အကောင်းဆုံးဖြစ်သည်။ ပွဲကြည့်စင်နှင့် အဝန်းအဝိုင်းကတော့ လိုအပ်သည့် အတိုင်းအတာလောက် ကျယ်လွင့်မှာ မဟုတ်။ သို့သော် မြို့လယ်ကောင်မှာမို့ သပ်ရပ်ခေတ်မီသော အားကစားကွင်းအသွင် ပြောင်းလဲတည်ဆောက်လိုက်လျှင် ပနံရလှပေမည်။ လမ်း ၃၀ ၏ တောင်ဘက်ခြမ်းဗထူးကွင်းနှင့် မျက်နှာချင်းဆိုင်မှာတော့ ဆောက်လုပ်ရေးရုံးရှိသည်။ မန္တလေးအခေါ်ကတော့ ယနေ့အထိ ပ၊ လ၊ က ရုံး ။ ထိုရုံးအဆောက်အအုံကြီးကလည်း ကိုလိုနီခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံကြီး၊ သူ့ရှေ့မှာလည်း စိန်ပန်းပင်တွေက ရဲရဲနီကာ ပွင့်နေတတ်သည်။ ယခုတော့ ရုံးရှေ့မျက်နှာစာမှာ ဝက်သားတုတ်ထိုးသည်များက တသီတတန်းကြီး တစ်မျှော်တစ်ခေါ် နေရာယူထားသည်။

ဆောက်လုပ်ရေးရုံးရှေ့လမ်း ၃၀ ပေါ်ရောက်တိုင်း သတိရမိတာကတော့ နာမည်ကျော်ဆောက်လုပ်ရေးသင်္ကြန်မဏ္ဍပ်ဖြစ်သည်။ မန္တလေးသင်္ကြန်မှာ ဆောက်လုပ်ရေးမဏ္ဍပ်ပါဝင်ဆင်နွှဲပါမှ ပြည့်စုံ၏။ လက်ဖြစ်များမို့ ဆောက်လုပ်ရေး သင်္ကြန်မဏ္ဍပ်ကား ဟိုယခင်ခေတ်များကတည်းက ခေတ်မီလှပလှသည်။ ဒီနှစ်ဆောက်လုပ်ရေးက ဘာမဏ္ဍပ်ပုံစံလဲဆိုတာ သင်္ကြန်မတိုင်မီကတည်းက တကူးတကသွားကြည့်ရသည်။

မန္တလေးမှာ ပိုက်သေးသေးလေးတွေနှင့် ရေပက်တာဆောက်လုပ်ရေးမဏ္ဍပ်က ကနဦးပထမဖြစ်၏။ မဏ္ဍပ်စင်ကို ယခုကဲ့သို့ အမြင့်ကြီးဆောက်တာလည်း မန္တလေးမှာ ဆောက်လုပ်ရေးက ပထမဖြစ်၏။ စင်အောက်မှာ ရေလှောင်ကန်ကြီးတွေ ထည့်သည်။ ရေစုပ်စက်ကြီးတွေ ထားသည်။ အဝတ်အစားလဲခန်း၊ နားနေခန်းတွေပါ တစ်ပါတည်းပါသည်။

စင်ပေါ်မှာ ပင်တိုင်တီးဝိုင်းအဖွဲ့က မြင်းခြံမြို့က နာမည်ကျော် 'မြေလတ်ရော့' ခေတ်ပေါ်တူရိယာဝိုင်း။ ပါဝင်ကပြကြသည့် ယိမ်းသမလေးတွေကလည်း ဆောက်လုပ်ရေးသမီးပျို အညွန့်အဖူးအချောအလှလေးတွေ။ ထိုမျှမက အကသင် ဆရာမကလည်း မန္တလေး၏ နာမည်ကြီး အငြိမ့်မင်းသမီး။ ထိုအခါ သင်္ကြန်တွင် လမ်း ၃၀ ပေါ်က ဆောက်လုပ်ရေးမဏ္ဍပ်ရှေ့တွင် နေ့ရောညပါ တိုးမပေါက်တော့။ အင်မတန်ကျယ်ဝန်းလှသော လမ်း ၃၀ ကြီးသည် လူပင်လယ်၊ ကားပင်လယ်ကြီး ဖြစ်သွားတော့သည်။ ဆောက်လုပ်ရေးကား ထိုအစဉ်အလာကို နှစ်အတော်ကြာ စွဲစွဲမြဲမြဲ ထိန်းသိမ်းထားခဲ့၏။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***





# နေဝင်အိပ်တန်းတက် မပြသခင်ကတည်းက ပရိသတ်ကြီး အကယ်ဒမီတစ်ကြိုပေးသည့် သရုပ်ဆောင် ပိုင်ဖြိုးသု

ရှီလာ

**ဆရာသမားများ၏ ဂုဏ်ကျေးဇူးဖြင့် ယခုကဲ့သို့ ဇာတ်ကားကို ရိုက်ကူးခွင့်ရရှိခဲ့ပြီး ပရိသတ်ကြီးအားပေးမှုကို ရရှိခဲ့သည့်အတွက် အ လွန်ပင် ကျေးဇူးတင်ကြောင်း၊ သူ့အနေဖြင့် အနုပညာကို ရူးသွပ်စွာ ချစ်ခင်တွယ်တာသည့်အတွက် ကာရိုက်တာစုံကို ရိုက်ကူးရန်ဆန္ဒရှိခဲ့ပြီး ယုံကြည်စွာဖြင့် ပုံဖော်ခွင့်ပေးသည့် ဒါရိုက်တာဝိုင်းနှင့် ထုတ်လုပ်သူများ၊ အထူးသဖြင့် ပန်းဒေါင်းအပါအဝင် ဆရာလင်္ကာရည်ကျော်၏ ဝတ္ထုဇာတ်ကောင်များအဖြစ် ပါဝင်ခွင့်ရရှိမှုကို ကျေနပ်အားရကြောင်း ပိုင်ဖြိုးသုက ပြောကြားသည်။**

လာမည့် ဇွန် ၂ ရက်တွင် လင်္ကာရည်ကျော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဝိုင်း ပုံဖော်ရိုက်ကူးထားသည့် နေဝင်အိပ်တန်းတက် ဇာတ်ကားကြီး ရုံတင်ပြသတော့မည် ဖြစ်သည်။ ဒရမ်မာဇာတ်ကားကောင်းများ ဆက်တိုက်မြင်တွေ့နေရသည့် ၂၀၁၇ နှစ်လယ်ပိုင်းကာလများသည် ရုပ်ရှင်ရုံများအဖို့ ကံကောင်းသည့်ရက်များပင်။

"ဉယျာဉ်မှူးတစ်ယောက်ကတော့ တာဝန်ကျေလို့ အနားယူလို့ရပြီထင်ပါတယ်။ သမီးခေါင်းဆောင်တဲ့ နေဝင်အိပ်တန်းတက်နဲ့ ပန်းဒေါင်းဇာတ်ကားတွေကို ကိုယ်တိုင်ဇာတ်ညွှန်းရေးခဲ့ပေမယ့် ပန်းမန်နဲ့ တိမ်တွေ တောင်တွေရဲ့ ခရီးသည်ဇာတ်ကားတွေကိုတော့ အခြားကျွမ်းကျင်သူတွေ လက်ထဲအပ်လိုက်ပြီ။ Primary တာဝန်ဖြစ်တဲ့ ဆရာဝန်အလုပ်နဲ့ အသည်းနှလုံးဖြစ်တဲ့ စာရေးတဲ့အလုပ်ကို ဇောင်းပေးလုပ်တော့မယ်"ဟု ဝတ္ထုဖန်တီးသူလည်းဖြစ် ဇာတ်ညွှန်း ရေးသားပေးသူလည်းဖြစ်သည့် စာရေးဆရာ လင်္ကာရည်ကျော်က ပြောသည်။

နေဝင်အိပ်တန်းတက် ရုပ်ရှင်ဇာတ်ကားသည် Victoria ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေး၏ ပထမဦးဆုံး ပွဲဦးထွက် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ပြီး ဒါရိုက်တာဝိုင်း၏ ၂၀၁၇ ခုနှစ်ထဲတွင် ပထမဆုံး ရုံတင်ပြသသည့် ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

"ပရိသတ်တွေ မျှော်လင့်ထားတဲ့အတိုင်း အကောင်းဆုံးပေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ဒီဇာတ်ကားလေးက လူတစ်ယောက်ရဲ့ အဇ္ဈတ္တအပေါ်မှာ အများကြီးဆုံးမပေးထားတယ်။ လူတိုင်းဟာ မှားခွင့် ရှိကောင်းရှိမယ်။ ဒါပေမယ့် အမှားဆိုတာမျိုးက ရည်ရွယ်ပြီးမမှားဖို့ လိုတယ်။ အမှားမှန်းသိရင် အရွယ်သုံးပါးမရွေး ဆင်ခြင်မှုရှိဖို့လိုတယ်ဆိုတဲ့ အရာလေးကို ပုံဖော်ထားတာပါ"ဟု ဒါရိုက်တာဝိုင်းက ပြောသည်။

ဒရမ်မာဇာတ်ကားကောင်းများ ဆက်တိုက်ထွက်ပေါ်လာချိန်တွင် ယခု နေဝင်အိပ်တန်းတက် ရုပ်ရှင်ဇာတ်ကားသည် ရုံပြည့် ဝင်ငွေကောင်းနိုင်သည့် ဇာတ်ကားကောင်းတစ်ခုအဖြစ် ရေပန်းစားလျက်ရှိသည်။ "မိုးတွင်းလည်းဖြစ်တာမို့ ဇာတ်ကား ကောင်းတွေဖြစ်မှ ရုံမှာလူစည်မှာလေ။ အခု နေဝင်အိပ်တန်းတက် ရုပ်ရှင်ဇာတ်ကားကတော့ မပြသခင်ကတည်းက လူစိတ်အဝင်စားဆုံးဇာတ်ကားအဖြစ်ရှိနေတော့ လူမဝင်မှာ မပူရဘူး" ဟု ရုပ်ရှင်လောကသားတစ်ဦးက တွက်ချက်ပြသည်။

အဆိုပါဇာတ်ကားသည် ဂုဏ်သိက္ခာရှိ ဆရာဝန်ကြီးတစ်ဦး၏ သစ္စာတရား၊ ရိုးသားမှု၊ အချစ်အပေါ် တိမ်းညွတ်မှု၊ ကျွမ်းကျင်လိမ္မာရာ အလုပ်အကိုင်အပေါ် သစ္စာရှိမှု စသည့်သဏ္ဌာန်သရုပ်များကို အပိုအလိုမရှိမြင်တွေ့ရပြီး တစ်ဖက်တွင်လည်း လုပကြော့ရှင်းမှု၊ စကားလုံးရွေးချယ်ပုံလုပမှု၊ ဆွဲဆောင်မှုရှိမှု၊ ငယ်ရွယ်မှုတို့၏ သရုပ်နှင့် မျှော်လင့်သည့် ပစ်မှတ်ကို တည့်တည့်မတ်မတ် ပစ်ခွင်းနိုင်ခဲ့သည့် ကြာဖြူကိုလည်း ပရိသတ်အားပေးမှုမှာ မပြသမီ Press Show နှင့် လူမှုကွန်ရက်များအတွင်း ကြော်ငြာပြသစဉ်ကတည်းက အမြင့်ဆုံးရောက်ရှိခဲ့ရသည်။

"ပိုင်ဖြိုးသုလေးက အလွန်တော်ပါတယ်။ ဒီဇာတ်ကားလေးက ဒရမ်မာဇာတ်ကားလေးဖြစ်ပြီး ကျွန်မကတော့ ရောဂါသည် အိမ်ထောင်ရှင်အမျိုးသမီးအဖြစ် သရုပ်ဆောင်ထားတယ်။ ပညာပေးဇာတ်ကားလေးလည်းဖြစ်ပြီး မေတ္တာတရားနဲ့ လူတစ်ယောက်ချင်းအပေါ် ယုံကြည်လေးစားမှုနဲ့ အပြန်အလှန်ဆက်ဆံပေးကြရင် အမှားအယွင်းကင်းတဲ့ လောကကြီး ဖြစ်လာမယ်လို့ ကျွန်မယုံကြည်တယ်။ ဇာတ်ကားကောင်းတွေ ဆက်တိုက်ကြည့်ခွင့်ရတဲ့အတွက် ပရိသတ်ကြီးအားရကျေနပ်မယ့်နှစ် ဖြစ်မှာပါ"ဟု အကယ်ဒမီ ထွန်းအိန္ဒြာဗိုက ပြောသည်။

သရုပ်ဆောင်များအဖြစ် အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ ထွန်းအိန္ဒြာဗို၊ ပိုင်ဖြိုးသု၊ ရဲမွန်၊ ဇင်မျိုး၊ စူးရှ၊ ဝင်းမင်းသန်း၊ Grace၊ ချမ်း၊ စန်းစန်းဝင်းတို့အပြင် တခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။

"အခုနောက်ပိုင်းမှာ သဘာဝကျကျ လက်တွေ့နဲ့နီးစပ်တဲ့ ဇာတ်ကားတွေက ပရိသတ်ကို ဖမ်းစားနိုင်တယ်။ ဒရမ်မာဆိုလည်း သဘာဝကျတဲ့ ဒရမ်မာဖြစ်ဖို့လိုပါတယ်။ ဒီဇာတ်ကားမှာ ကင်ဆာရောဂါခံစားနေရတဲ့ အမျိုးသမီးအပေါ် သစ္စာရှိစွာနဲ့ နေထိုင်ခဲ့ပြီး တပည့်တွေအားလုံးရဲ့ လေးစားကြည်ညိုမှုနဲ့ အသက်ရှင်တဲ့ ပါမောက္ခ ဆရာဝန်ကြီးကို ပုံဖော်တဲ့နေရာမှာ စဉ်းလုံးချောအဖြစ် ပုံမဖော်ခဲ့ဘူး။ ဘဝမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အရာတွေကို ထည့်သွင်းထားတယ်။ တစ်ဖက်မှာလည်း ဇာတ်လမ်းတစ်ဝက်အထိ အဖြေကို ရှာနေရတယ်။ သူတို့ဘာဖြစ်မှာလဲဆိုတာ သိပ်စိတ်ဝင်စားဖို့ကောင်းအောင် ခေါ်သွားနိုင်တယ်။ ကျွန်တော်ကတော့ သဘောကျတယ်"ဟု အထူးပွဲကြည့်ရှုပြီးခဲ့သည့် သရုပ်ဆောင် ဟန်မင်းစိုးက ပြောသည်။

ဆရာသမားများ၏ ဂုဏ်ကျေးဇူးဖြင့် ယခုကဲ့သို့ ဇာတ်ကားကို ရိုက်ကူးခွင့်ရရှိခဲ့ပြီး ပရိသတ်ကြီးအားပေးမှုကို ရရှိခဲ့သည့်အတွက် အလွန်ပင် ကျေးဇူးတင်ကြောင်း၊ သူ့အနေဖြင့် အနုပညာကို ရူးသွပ်စွာ ချစ်ခင်တွယ်တာသည့်အတွက် ကာရိုက်တာစုံကိုရိုက်ကူးရန် ဆန္ဒရှိခဲ့ပြီး ယုံကြည်စွာဖြင့် ပုံဖော်ခွင့်ပေးသည့် ဒါရိုက်တာဝိုင်းနှင့် ထုတ်လုပ်သူများ၊ အထူးသဖြင့် ပန်းဒေါင်းအပါအဝင် ဆရာလင်္ကာရည်ကျော်၏ ဝတ္ထုဇာတ်ကောင်များအဖြစ် ပါဝင်ခွင့်ရရှိမှုကို ကျေနပ်အားရကြောင်း ပိုင်ဖြိုးသုက ပြောသည်။

အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုတို့နှင့် အပြိုင်သရုပ်ဆောင်ထားသည့် ပိုင်ဖြိုးသု၏ အနုပညာ ဖော်ဆောင်မှုများကို ဇွန် ၂ ရက်တွင် စတင်ခံစားနိုင်တော့မည် ဖြစ်သည်။

# ဗိုလ်အောင်ဒင်ကဲ့သို့ အရွယ်အမျိုးအစားမရွေးကြိုက်နှစ်သက်မည့် အသွင်သစ်ဖြင့် တေးစီးရီးဖန်တီးနေ

ကိုလင်း

"ကမ်းစပ်က ခြေရာများ" စီးရီးနဲ့ ဂီတလောကမှာ ရပ်တည်နေနိုင်ခဲ့ပြီး "ဗိုလ်အောင်ဒင် "သီချင်းဖြင့် မြန်မာတစ်ပြည်လုံးကို လှုပ်ခတ်သွားစေခဲ့သည့် အဆိုတော် မနောက နောက်ဆုံးထွက်ရှိမည့် တေးစီးရီးခွေအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"အခု ကျွန်တော် နောက်ဆုံးထွက်မယ့် စီးရီးလေးက တကယ့်ကို ကျွန်တော့်ဘဝအတွက် အရေးကြီးပါတယ်။ ကျွန်တော့်ကို စင်ပေါ်တင်တဲ့လူတွေဟာ ဒီလူတွေပါဆိုတာကို ကြေညာချင်တာပါ။ တေးရေးဆရာတွေပါ။ အဆိုတော်လိုဆိုနိုင်တဲ့သူတွေမို့ ပြီးတော့ အဆိုဘက်မှာလည်း အောင်မြင်နိုင်တဲ့သူတွေပါ။ ပြောချင်တာကတော့ ကျွန်တော့်ကို သူတို့ ဒီဘဝရောက်အောင် လုပ်ပေးခဲ့ကြတယ်၊ အခု ကျွန်တော်က သူတို့ကို ပြန်ပြီးလုပ်ပေးရမယ့် အချိန်တန်ပါပြီ။ အခုလုပ်မယ့်ခွေမှာ သူတို့လည်းဆိုထားပါတယ်။ တစ်ယောက်ကို နှစ်ပုဒ်ဆီဆိုထားပါတယ်။ သူတို့ပဲရေး၊ သူတို့ပဲ ကိုယ်တိုင်ဆိုမယ့် ကိုယ်ပိုင်သံစဉ်တေးသီချင်းသစ်တွေပါမယ်"ဟု အဆိုတော် မနောက ပြောသည်။

အဆိုပါတေးစီးရီးတွင် မနော၏ ပင်တိုင်တေးရေးဆရာများဖြစ်ကြသည့် သဟာအောင်၊ ဆောင်းဟုန်၊ ခေးကို၊ အသင်ရာမ တို့ပူးပေါင်းကာ ရေးသားသီဆိုထားကြောင်း သိရသည်။

"ကျွန်တော် ဒီအခွေထဲမှာ တေးသီချင်း ၁၂ ပုဒ် လောက်ထည့်ထားပါတယ်။ ကျွန်တော်တို့ သီချင်းပုံစံလေးတွေ အစုံဖန်တီးထားပါတယ်။ ဒီနှစ်ကုန်လောက် ထွက်မှာဖြစ်ပါတယ်။ ဒီအခွေထဲမှာ ကျွန်တော်တို့ဘဝရဲ့ တစ်စိတ်တစ်ဒေသတွေပါမှာပါ။ ပထမဆုံးထွက်ခဲ့တဲ့ အခွေလေးတွေနဲ့မတူတဲ့ ကွဲလွဲတဲ့ Music တွေကို ဒီအခွေမှာတွေ့ရမှာပါ" ဟု ပြောကြားသည်။



# မန္တလေးမြို့မှာ ပြုလုပ်မယ့် အဆိုတော် ထက်ယံရဲ့ In My Life Show

ကိုလင်း

လူငယ်တေးသံရှင် ထက်ယံက လာမည့် ဇွန် ၉ ရက်တွင် မန္တလေးမြို့ ဒိုင်းမွန်းပလာဇာ၌ In My Life ဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်သည်။ အဆိုပါပွဲကို MBC picture Myanmar Broadcastaing မှာ ဦးဆောင်ပြုလုပ်မည်ဖြစ်ပြီး အဆိုပါဖျော်ဖြေပွဲတွင် တေးသံရှင်ထက်ယံနှင့်အတူ J-Me ၊ Kyek Pha ၊ ရဲလေး၊ ရွှေထူး၊ ရဲရင့်အောင်၊ X Box၊ Lil z၊ Oasix၊ Y-Zet ၊ မောင်သီဟ၊ ပိုးမေသော်၊ သီဟတို့ပါဝင်သီဆိုမည် ဖြစ်သည်။

"ဒီပွဲလေးရဲ့နာမည်ကို In My Life လို့ပေးဖြစ်တာက ကျွန်တော် အရင်က ဆိုထားတဲ့ သီချင်းဟောင်းတွေကို ပြန်လည်သီဆိုမယ့် အမှတ်တရ ပွဲလေးဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော် ထက်ယံလို့ဖြစ်လာတဲ့ ဘဝတစ်လျှောက်ဆိုခဲ့တဲ့ သီချင်းတွေ၊ အတူတွဲဆိုခဲ့တဲ့ သူငယ်ချင်းတွေနဲ့ ပရိသတ်တွေနဲ့အတူ အတူရှိနေမယ့် အမှတ်တရပွဲလေးအဖြစ်နဲ့ လုပ်ဖြစ်တယ်"ဟု ထက်ယံက ပြောသည်။

# ဇာတ်ကောင်စရိုက် မထပ်အောင်ကြိုးစားနေသည့် ခါရာ

ကိုလင်း

မော်ဒယ်လောက ကနေ သရုပ်ဆောင်လောကကို ရောက်ရှိလာပြီး ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးနေသည့် ခါရာက Bonanza ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ဇာတ်ကားများ ဆက်တိုက် ရိုက်ကူးလျက်ရှိသည်။

"ကျွန်တော် ပထမဆုံး Bonanza ထုတ်လုပ်ရေးနဲ့ပဲ ဇာတ်ကားငါးကားလောက်ရိုက်ခဲ့ပါတယ်၊ အဲ့ဒီနောက်ပိုင်း အခုရိုက်မယ့် "မြို့ပြမုဆိုး"မှာလည်း ကိုရန်အောင်၊ ဦးဇင်ဝိုင်းတို့နဲ့အတူ သရုပ်ဆောင်မှာပါ။ကျွန်တော်ဒီဇာတ်ကားမှာ လူဆိုးခေါင်းဆောင်တစ်ယောက်၊ အားလုံးရဲ့လေးစားမှု ရရှိထားသူနေရာကနေ ပါဝင်ထားပါတယ်။ ဒီဇာတ်ကားက ပထမဆုံး ကျွန်တော်သရုပ်ဆောင်ထားတဲ့ "Marry Me" ဇာတ်ကားနဲ့တော့ကွာတယ်၊ အဲ့ဒီဇာတ်ကားက ဟာသဇာတ်ကားလေး တစ်ကားပါ၊ ရုပ်ရှင်ဇာတ်ကားကြီးပေါ့၊ နောက် "မမြင်နိုင်သော တိုက်ဆိုင်မှု" ဆိုတဲ့ဇာတ်ကားဆိုလည်း ဒရာမာဇာတ်ကားလေး တစ်ကားပဲ၊ နောက်ဇာတ်ကားတစ်ကားက (Bella & Me) ဇာတ်လမ်းဆိုလည်း၊ ရိုမန့်တစ်ဆန်တဲ့ ဟာသဇာတ်ကားလေးတစ်ကားပါ၊ "ဒိုင်မင်းရှင်" လို့ အမည်ရတဲ့ ဇာတ်ကားကြီးဆိုလည်း အက်ရှင်၊ ရိုမန့်၊ ဒရာမာ ပေါင်းစပ်ထားတဲ့ ဇာတ်ကားတစ်ကားပဲ၊ ကျွန်တော်ကတော့ ဇာတ်ကောင်တစ်ခုနဲ့တစ်ခု မထပ်အောင်တော့ ကြိုးစားပြီး ပြင်ဆင်ထားတာမျိုးတွေ ရှိပါတယ်။ အခုနောက်ဆုံးရိုက်မယ့် "မြို့ပြမုဆိုး" ဇာတ်ကားကြီးဆိုလည်း ပရိသတ်တွေ မြင်နေကျမဟုတ်တဲ့ ဇာတ်ရုပ်လေးနဲ့ ကျွန်တော့်ကို မြင်တွေ့ရမှာပါ၊ ဖိုက်တင် ခန်းတွေလဲအများကြီးပါတယ်" ဟု ခါရာက ပြောကြားသည်။

ခါရာက ကလိမ်ကကျစ်အမည်ရ စီးရီးထွက်ရှိထားပြီး နောက်ထပ် တေးသီချင်းခွေထွက်နိုင်ရန် စိတ်ကူးထားခြင်းကြောင့် တေးသီချင်းတွေစုထားပြီး EDM Music ပုံစံတွေအများဆုံး ပါဝင်ထားသည်။

## နည်းပညာ တက္ကသိုလ် ကျောင်းသူလေးတစ်ဦးရဲ့ အကြောင်း ရိုက်ကူးမယ့် ဖွေးဖွေး

ကိုလင်း



သရုပ်ဆောင် ဖွေးဖွေးက မကြာသေးခင်က ယာဉ်တိုက်မှုနဲ့ သေဆုံးခဲ့တဲ့မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် နည်းပညာတက္ကသိုလ် ကျောင်းသူလေးတစ်ဦးရဲ့ ဖြစ်ရပ်မှန်ဘဝအကြောင်းကို လာမည့်ဇူလိုင်မှာ စတင်သရုပ်ဆောင်ရိုက်ကူးသွားဖို့ ရှိပါတယ်။

"ကာဗွန်ဒိုင်အောက်ဆိုက် ရုပ်ရှင်ရိုက်ပြီးသကာလ နောက်ရိုက်ရမယ့်ဇာတ်ကားကလည်း ဖွေးအတွက်ထူးခြားပါတယ်။ အခုမေလကုန် အထိနားပြီး စားချင်ရာစား၊ ပျော်သလို နေပြီးတာနဲ့ နောက်ဇွန်လတစ်လလုံးမှာ နောက်ဇာတ်ကောင် ကာရိုက်တာ ဝင်အောင် ဝိတ်ချ ဇာတ်ဖတ်ရင်း တစ်လလုံးပြင်ဆင်ရပါမယ်"လို့ ပရိသတ်တွေကို အသိပေးပြောကြားခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါဇာတ်ကားက အချစ်ဇာတ်လမ်းမဟုတ်ဘဲ ဖြစ်ရပ်မှန်ဇာတ်လမ်းမို့ တစ်ခါမှမရိုက်ဘူးသေးတဲ့ ကာရိုက်တာ ဖြစ်တယ်လို့ သိရပါတယ်။

## အိုင်ရင်းဇင်မာမြင့်နှင့်ကောင်းကောင်း စုံတွဲအခွေထွက်ရှိဦးမည်

ကိုလင်း

သံစဉ်များနဲ့ ကမ္ဘာတေးသီချင်းဆိုပြိုင်ပွဲကနေ ဂီတလောကထဲကို ရောက်လာခဲ့တဲ့ အဆိုတော် အိုင်ရင်းဇင်မာမြင့် တစ်ယောက် လူငယ်အဆိုတော် ကောင်းကောင်းနဲ့ လမ်းခွဲပြတ်စဲခဲ့ပေမယ့် သူချစ်တဲ့ ဂီတအလုပ်ကိုတော့ ပျော်ရွှင်စွာ လုပ်ကိုင်နေတယ်လို့သိရပါတယ်။ သူရဲ့ ဒုတိယမြောက်စီးရီးဖြစ်တဲ့ "ချစ်လို့" အမည်ရတဲ့ စီးရီးကို Audio CD အဖြစ်ကနေ ယခုလမေ ၂၆ ရက်ကစလို့ MTV အဖြစ် ပုံဖော်ရိုက်ကူးထုတ်လုပ်နိုင်ခဲ့သည်။

"နှလုံးသား အရင်းအနှီး" စီးရီးနဲ့ ပရိသတ်ကို ဖမ်းစားနိုင်ခဲ့တဲ့ သူက"ချစ်လို့" စီးရီးက Audio CD နဲ့ အမ်တီဗွီနဲ့ဆို အချိန်နှစ်နှစ်နီးပါးလောက်ကွာပါတယ်။ အခုလို အမ်တီဗွီ ထွက်လာတယ်ဆိုတာကလဲ၊ ပရိသတ်ပေးတဲ့အားတွေ အလွန်များနေလို့ပါ။ အမှန်တိုင်းပြောရရင် ဒီခံစားမှုက ဘာနဲ့မှမတူပါဘူး၊ အိုင်ရင်းပြောမပြနိုင်လောက်အောင် ခံစားခဲ့ရပါတယ်၊ ဒါပေမယ့်ပရိသတ်တွေက အိုင်ရင်းကို ခွန်အားတွေပေးကြတယ်၊ အဲဒီအားတွေနဲ့ပဲ အိုင်ရင်းလဲကျနေရာကနေ ရုန်းထလာခဲ့တာပါ၊ ဒါတွေကို အခုအချိန်မှာ မေ့လိုက်ပါပြီ ။ကိုကောင်းကောင်းနဲ့လည်း စုံတွဲတစ်ခွေလုပ်ထားတာရှိပါတယ် ထွက်ဦးမှာပါ"ဟု ပြောသည်။

အဆိုပါ အမ်တီဗွီတွင် သရုပ်ဆောင်များအနေနဲ့ ခင်လှိုင်၊ အေးမြတ်သူ ၊ဆန်းထွဋ်နှင့် နာမည်ကြီး မော်ဒယ်များအပြင် ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်းနှင့် ယင်းအမ်တီဗွီတွင် ပါဝင်သည့် တချို့သီချင်းများမှာလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ရိုက်ကူးထားခြင်းမဟုတ်ကြောင်း ၎င်းကပြောသည်။

"သီချင်းတွေအကုန်လုံးကို လူငယ်ဆန်ဆန်လေးပဲရိုက်ထားတာပါ။ တချို့သီချင်းတွေဆိုရင် တစ်စုံတစ်ယောက်ကိုရည်ရွယ်ပြီး ရိုက်ထားတာလားလို့ ပရိသတ်တွေက မေးကြတယ်။ ဥပမာ ဒီမျှဆိုတဲ့ သီချင်းဆို အဲဒီလိုမျိုးထင်ကြတယ်။ တကယ်တော့ မဟုတ်ပါဘူး။ အဲဒီအခွေရိုက်တုန်းမှာ အိုင်ရင်းဆီက ထွက်သွားတဲ့သူလည်း ဘေးမှာရှိနေခဲ့ပါတယ်။ ဘယ်သူ့ကိုမှရည်ရွယ်ပြီး ရိုက်ထားတာ မဟုတ်ပါဘူး။ ဒီခွေထဲမှာ အချစ်သီချင်းလေးတွေ အများဆုံးပါခဲ့တယ်ဆိုတာကလည်း အဲဒီတုန်းက ဖီလင်နဲ့ပါ။ အခုလက်ရှိဖီလင်နဲ့ဆိုရင်တော့ အသည်းကွဲသီချင်းတွေ၊ လွတ်မြောက်သွားတဲ့သီချင်းတွေ ပိုများမှာပါ"ဟု ပြောသည်။

# ကျပ် ၂၀၀ တန်ထီ နိဂုံးနှင့် ကျပ် ၅၀၀ တန်ထီ နိဒါန်းအစ

ကျပ် ၂၀၀ တန် အောင်ဘာလေထီလက်မှတ်များ ရောင်းချခြင်းကို ယခုမေလကုန်တွင် နိဂုံးကမ္ပတ်အဆုံးသတ်တော့မည်ဖြစ်သည်။ ထုတ်ဝေခဲ့သည့် အကြိမ်ပေါင်း (၃၄၁)ကြိမ်ရှိပြီး ထုတ်ဝေခဲ့သည့် အချိန်ကာလအားဖြင့် ၂၈ နှစ်နှင့် ငါးလကြာမြင့်ခဲ့ပြီဖြစ်သည်။

ဆုမဲစနစ်အားဖြင့် နောက်ဆုံး ကျပ်သိန်း ၁၅၀၀ ဆုကြီးတစ်ဆု၊ ကျပ်သိန်း ၁၀၀ ဆုကြီးတစ်ဆု၊ ကျပ်သိန်း ၅၀ ဆုကြီးတစ်ဆု၊ ကျပ် ၂၅ သိန်းဆုတစ်ဆု၊ ကျပ် ၁၀ သိန်းဆု တစ်ဆုနှင့် ရှေ့အက္ခရာအပါအဝင် ဂဏန်း ငါးလုံး၊ လေးလုံး၊ သုံးလုံးတိုက် ဝေဝေဆာဆာပဒေသာဆုမဲပေါင်း ၁၁၂၅ ဆု ချီးမြှင့်လာခဲ့ခြင်းဖြစ်သည်။

ယခုအခါ အမြင့်ဆုံး ကျပ်သိန်း ၁၀၀၀၀ ဆုကြီး ရရှိမည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များ ပေါ်လာပြီးနောက် ကျပ် ၂၀၀ တန်ထီလက်မှတ်များအပေါ် ထီကံစမ်းသူများက စိတ်ဝင်စားခြင်းမရှိတော့ပေ။ ထီလက်မှတ်များ ရောင်းအားကျဆင်းလာခဲ့သည်။ ထို့အတွက် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲ သုံးကြိမ်မြောက် အရောက်သည် ကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်ပွဲ၏ နောက်ဆုံးနေ့ရက်များ ဖြစ်သည်။

ထို့အတွက် ကျပ် ၅၀၀ တန် အောင်ဘာလေထီ ဆုမဲများကို သုံးကြိမ်မြောက် ကာလကထက် ပိုမိုမြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

လက်ရှိ ကျပ် ၅၀၀ တန် ဆုမဲစနစ်မှာ ကျပ်သိန်း ၁၀၀၀၀ ဆု တစ်ဆု၊ ကျပ် ၅၀၀၀ ဆုမဲတစ်ဆု၊ ကျပ်သိန်း ၁၀၀၀ ဆုမဲတစ်ဆုနှင့် ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၅၀၊ ကျပ် ၁၀ သိန်းဆုများစွာ ဖွင့်လှစ်ပေးခဲ့သည်။

ဇူလိုင်လဆန်း ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီ ဖွင့်ပွဲမှစ၍ ဆုမဲများနှင့် ပတ်သက်ပြီး အောင်ဘာလေသိန်းဆုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းအောင်က "မူလ ကျပ်သိန်း ၁၀၀၀၀ ဆုကြီးအပြင် ထီရောင်းအားပေါ်မူတည်ပြီး ကျပ်သိန်း ၅၀၀၀ ဆုကြီးက နှစ်ဆုလောက်အထိ ဖြစ်လာနိုင်ပါတယ်။ နောက် ကျပ်သိန်း ၅၀၀၀ နဲ့ ကျပ်သိန်း ၁၀၀၀ အကြား လစ်ဟာနေတဲ့ ကျပ် သိန်း ၃၀၀၀ ဆုကိုလည်း ထပ်တိုးပေးဦးမှာပါ။ အဲဒီဆုကလည်း သုံးဆု ဒါမှမဟုတ် လေးဆုလည်း ဖြစ်လာနိုင်ပါတယ်။ နောက် ကျပ်သိန်း ၁၀၀၀ ဆုကိုလည်းလေးဆု ဒါမှမဟုတ် ငါးဆုလောက်အထိ ဖြစ်လာနိုင်ပါတယ်။ ကျန်တဲ့ ဆုတွေလည်း တိုးလာဦးမှာပါ။ အဓိက ထီရောင်းအားကောင်းလာတာနဲ့အမျှ တိုးသွားဖို့ အစီအစဉ်တွေရှိပါတယ်"ဟု ဆိုခဲ့သည်။

ဤသို့ ဆုမဲများ တိုးမြှင့်ပေးရာတွင်လည်း ယခုလက်ရှိ အက္ခရာ ၃၆ လုံးမှ အက္ခရာ ၄၄ လုံးအထိ တိုးမြှင့်ရောင်းချရန် မျှော်လင့်မှုများရှိပြီး ထိုရောင်းချရမှုအပေါ် ဆုမဲများကို တိုးမြှင့်ပေးသွားနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပထမအကြိမ်မှ စတင်ရှိခဲ့သော အရန်ထီလက်မှတ်များကိုလည်း ဆက်လက်ထားရှိဦးမည်ဖြစ်ပြီး (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီတွင် အက္ခရာအားဖြင့် 'ကက'မှ 'ကဖ' ဖြစ်ပြီး အရန်ထီလက်မှတ်၏ ကျပ် ၅၀၀ ဆိုသည့် ဂဏန်းပေါ်၌ Second (2 nd) ဆိုသည့် အမှတ်အသားကို ရိုက်နှိပ်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ်မှ ထီလက်မှတ်တွန်းရောင်းသည့် ကိုသာလှက "အမှန်က အရန်ထီရောင်းရတာ စကားအများကြီးပြောရတယ်။ တချို့ထီထိုးတဲ့သူတွေက အဲဒီအရန်ထီဆိုတာကြီးကို မကြိုက်ကြဘူး။ အရင် ကျပ် ၂၀၀ တန်ထီတွေလိုမဲတစ်ခါတည်း တစ်ဆက်စပ်တည်းဖြစ်စေချင်ကြတယ်။ ဒါမှလည်း ဝယ်သူတွေ စိတ်ထဲရှင်းကြလိမ့်မယ်"ဟု သုံးသပ်ပြောကြားခဲ့သည်။

**သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

**ယခုအခါ အမြင့်ဆုံး ကျပ်သိန်း ၁၀၀၀၀ ဆုကြီးရရှိမည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များ ပေါ်လာပြီးနောက် ကျပ် ၂၀၀ တန်ထီလက်မှတ်များအပေါ် ထီကံစမ်းသူများက စိတ်ဝင်စားခြင်းမရှိတော့ပေ။ ထီလက်မှတ်များ ရောင်းအားကျဆင်းလာခဲ့သည်။ ထို့အတွက် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲ သုံးကြိမ်မြောက်အရောက်သည် ကျပ် ၂၀၀ တန် အောင်ဘာလေထီဖွင့်ပွဲ၏ နောက်ဆုံး နေ့ရက်များဖြစ်သည်**



## ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**ညောင်ဦး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပျဉ်တိုင်းကျေးရွာ၌ ဘဝအလင်းရောင်ကျေးရွာစာကြည့်တိုက်သစ် ဖွင့်ပွဲကို မေ ၂၈ ရက်က ကျင်းပခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မြလွင်၊ စာကြည့်တိုက်အဆောက်အအုံ အလှူရှင် ဦးခင်မောင်ကျော်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီနာယကတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားခဲ့ပြီး အလှူရှင်က လှူဒါန်းသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ခရိုင် ပြန်/ဆက် ဦးစီးအရာရှိက စာတတ်သူတိုင်း စာဖတ်ကြရန်နှင့် စာကြည့်တိုက်များ ရေရှည် တည့်တံ့ခိုင်မြဲရေးတို့ကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ ဆက်လက်၍ ခရိုင်ပြန်/ဆက် ဦးစီးဌာနက လှူဒါန်းသည့် TV၊ DVB T2 Set Top Box နှင့် စာအုပ်စာစောင်များကို မြို့နယ်ဦးစီးမှူး ဒေါ်တင်မာမျိုးက စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းပြီး အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို အလှူရှင်မိသားစုက လွှဲပြောင်းပေးအပ်သည်။

စာကြည့်တိုက်သစ်သည် အလျား ၂၇ပေ၊ အနံ ၁၈ပေ၊ အမြင့် ၁၂ ရှိ အဆောက်အအုံဖြစ်ပြီး Faster One ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ကျော်-ဒေါ်အိအိဆွေမိသားစုက ကျပ်သိန်း ၁၂၀ ခန့် အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ကာ လက်ရှိတွင် စာကြည့်တိုက်၌ သုတ/ရသ စာအုပ်စာစောင် ၂၀၀၀ ခန့်နှင့် ပရိဘောဂများ၊ ရုပ်မြင်သံကြားပြစက်တို့ ရှိနေပြီဖြစ်၍ ကျေးရွာနေပြည်သူများ ကျောင်းသား ကျောင်းသူများ လာရောက်၍ စာပေများဖတ်ရှုနေကြပြီဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**



# မြင်းခြံခရိုင်တွင် လျာထားကေထက် လျော့နည်း၍သာ မြစ်ရေတင်မှ ရေပေးဝေနိုင်

**မြင်းခြံ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြစ်ရေတင်ကြီးကိုးခုနှင့် ဆည်ရေတင်နှစ်ခုမှ ရေများဖြင့် စပါးအပါအဝင် သီးနှံစိုက်ဧက ၁၃၈၀၀ နီးပါး စိုက်ပျိုးရန် လျာထားခဲ့သော်လည်း လျာထားဧကထက် လျော့နည်း၍ ဧက ၁၂၅၀၀ ကျော်သာ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

မြင်းခြံခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်းက "မြစ်ရေတင်ကြီး ကိုးခုနဲ့ ဆည်ရေတင်နှစ်ခုကရေနဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ စပါးအပါအဝင် လျာထားဧက ၁၃၇၉၈ ဧက လျာထားခဲ့သော်လည်း ယခုစိုက်ပျိုးရေပေးဝေနိုင်ခဲ့တဲ့ဧကဟာ ၁၂၅၆၂ ဧကပဲ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်။ ယခင်နှစ် ကာလတူမှာ ယခုလောက် စိုက်ပျိုးရေ မပေးဝေနိုင်ခဲ့ပါဘူး။ မြင်းခြံခရိုင်မှာ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးနေတဲ့ တောင်သူစုစုပေါင်း ၁၂၅၆၂ ဦး ရှိပါတယ်"ဟု ပြောသည်။

မြင်းခြံခရိုင်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သဖြင့် နွေရာသီရောက်ပြီဆိုလျှင် သောက်သုံးရေအတွက်ပင် ခရိုင်အတွင်းရှိ သက်ဆိုင်ရာဌာနများက စီစဉ်ဆောင်ရွက်ပေးထားပြီး စိုက်ပျိုးရေအတွက်လည်း မြစ်ရေတင်စီမံကိန်းများမှ ရေတင်စနစ်ဖြင့် ပေးဝေသည့်ရေဖြင့် စိုက်ပျိုးကြရကြောင်း သိရသည်။ မြို့နယ်များအနေဖြင့် တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ မြင်းခြံ ဟု လေးမြို့နယ်ပါဝင်ပြီး ထိုမြို့နယ်များရှိ ကျေးလက်တောရွာများတွင် နေသူအများစုမှာ ယခင်က စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသော်လည်း ရေရှားပါးသောကြောင့် ယခုအခါ စိုက်ပျိုးရေးကို စိတ်ပါဝင်စားမှု အားနည်းနေကြောင်း သိရသည်။

"တချို့တောင်သူများကတော့ စိုက်ပျိုးရေလုံလောက်စွာရရှိသော်လည်း စိုက်ပျိုးရေးဘက်ကို စိတ်ဝင်စားမှု နည်းပါးလာတာ တွေ့မြင်ရပါတယ်။ ဒါကြောင့် လစဉ် တောင်သူများနဲ့တွေ့ဆုံကာ တောင်သူပညာပေးဟောပြောပွဲစတဲ့ နည်းပညာပိုင်းများကို ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

မြင်းခြံခရိုင်တွင်မြစ်ရေတင်ကြီး ကိုးခုနှင့် ဆည်ရေတင် နှစ်ခုရှိရာ ငါန်းဇွန်မြို့နယ်တွင် သုံးခု၊ တောင်သာမြို့နယ်တွင် တစ်ခုနှင့် မြင်းခြံမြို့နယ်တွင် ငါးခုဖြစ်ပြီး ဧရာဝတီမြစ်မှရေများကို ရေတင် စက်ရုံများဖြင့် ရေတင်၍ မြောင်းမကြီးများမှတစ်ဆင့် စိုက်ကွင်းများသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးနေခြင်းဖြစ်သည်။



ဧရာဝတီမြစ်ကမ်း မြစ်ရေတင်တစ်ခုမှ ရေများတင်ပေးနေစဉ်

မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးနေသည့် တောင်သူများအနေဖြင့် ရေတင်ခပေးဆောင်ရမည့်နှုန်းထားများမှာ နွေစပါးတစ်ဧကလျှင် ၉၀၀၀ ကျပ်၊ မိုးစပါး ၆၀၀၀ ကျပ်နှင့် အခြားသီးနှံ ၃၀၀၀ ကျပ်ဖြစ်ပြီး ပိုမိုကောက်ခံပါက တောင်သူများအနေဖြင့် လာရောက်တိုင်ကြားနိုင်ကြကြောင်း၊ လျှပ်စစ်မြစ်ရေတင်များဖြစ်ခြင်းကြောင့် တစ်ခါတစ်ရံ အခက်အခဲများဖြစ်ပေါ်မှုကိုလည်း တောင်သူများအနေဖြင့် နားလည်ပေးစေလိုကြောင်းလည်း လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ကျောဇီမြစ်ရေတင်အနီးရှိ တစ်မိုက်တာကျေးရွာအုပ်စု အုပ်ချုပ်အုပ်ရေးမှူး ဦးကျော်ခဲက "ကျွန်တော်တို့ ကျောဇီကျေးရွာမှာ စီမံကိန်းဧကအနေနဲ့ ဧက ၈၀၀၀ ရှိပါတယ်။ အခုစိုက်ပျိုးနေတဲ့ဧကဟာ ၂၀၀၀ ကျော်ခန့်သာ ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့လည်း မူလလျာထားခဲ့တဲ့ စီမံကိန်းဧကများကို တိုးမြှင့် စိုက်ပျိုးစေချင်ပါတယ်။ အခု မြစ်ရေတင်စနစ်နဲ့ စိုက်ပျိုးတဲ့ တောင်သူများကို ပေးဝေနေတဲ့ ရေတင် ကန်များကိုလည်း ဒေသဝမ်းစာဖူလုံစေရေးအတွက် တိုးမြှင့်ပေးစေလိုပါတယ်။ စိုက်ပျိုးတောင်သူများဘက်ကလည်း သက်ဆိုင်ရာဌာနများက ပေးဝေနေတဲ့ရေကို စည်းစနစ်နဲ့အညီ သုံးစွဲဖို့လိုအပ်ပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် မြင်းခြံခရိုင်အတွင်း အသားတင်စိုက်ပျိုးနိုင်သည့်မြေဧကမှာ ၇၅၅၉၄၄ ဧက ရှိကြောင်း မြင်းခြံခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ငါးရစ်တက်ချိန် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနည်း အသုံးမပြုကြရန် တိုက်တွန်းထား

**ညောင်လေးပင် မေ ၃၀**

ယခုအချိန်သည် မိုးဦးကာလ ငါးရစ်တက်ချိန်ဖြစ်သဖြင့် စစ်တောင်းမြစ်ရေတက်ချိန်တွင် သားပေါက်ရန် ချောင်းငယ်မြောင်းငယ်များအတွင်း ဝင်ရောက်လာသော ငါးရစ်တက်ငါးများကို စောင့်ဆိုင်းဖမ်းဆီးကြရာ၌ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနည်းကို အသုံးမပြုကြရန် ညောင်လေးပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက တိုက်တွန်းထားသည်။

ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနည်းသည် အခြားနည်းများဖြစ်သည့် ပိုက်၊ မျှား၊ ကွန်၊ ယင်း စသည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းသကဲ့သို့ ငွေကြေးကုန်ကျမှု၊ ခွန်အားစိုက်ထုတ်ရမှု၊ အချိန်စောင့်ဆိုင်းရမှုတို့မရှိဘဲ ဆူလွယ်နပ်လွယ် အလွယ်တကူ ငါးဖမ်းနိုင်သဖြင့် လူကြိုက်များသည့် ငါးဖမ်းနည်းဖြစ်လာသော်လည်း ထိုသို့ဖမ်းခြင်းကြောင့် လူတို့စားသုံးနိုင်သည့် ငါးများအပြင် လျှပ်စစ်စက်ကွင်း အတွင်း ကျရောက်သည့် စားသုံးမရသည့် ငါးငယ်ကလေးများ၊ ခရု၊ ကဏန်း စသည့် ရေနေသတ္တဝါများ နှင့် ငါးတို့၏အခြေခံအစာ အပင်မျှောလေး၊ အကောင်မျှောလေးများပါ သေဆုံးရပြီး အစာကွင်းဆက်ပျောက်ဆုံးခြင်း ဖြစ်နိုင်သလို မသေသည့် ငါးများမှာလည်း မျိုးပွားအင်္ဂါပျက်စီးကာ ငါးမျိုးပြုန်းတီးစေကြောင်း သိရသည်။

ထို့ကြောင့် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းနည်းကို ရေချိုလုပ်ငန်းဥပဒေ ပုဒ်မ-၅၅ အရ တားမြစ်ထားပြီး ကျူးလွန်ပါက ငွေဒဏ် ကျပ်တစ်သိန်းမှသုံးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ် ၆ လမှ ၅ နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျသင့်မည်ဖြစ်၍ ရှောင်ကြဉ်ကြရန် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက တိုက်တွန်းထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## သီးနှံအထွက်နှုန်းတိုးမြှင့်ရေးအတွက် တောင်သူပညာပေးသင်တန်းဖွင့်လှစ်

**သီပေါ မေ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူလယ်သမားများ သီးနှံအထွက်နှုန်းတိုးမြှင့်ရေးအတွက် ပညာပေးသင်တန်းကို မေ ၂၅ ရက်က ခေးနင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ပို့ချပေးခဲ့သည်။

သင်တန်းတွင် ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက သင်တန်းဖွင့်လှစ်ပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံအထွက်တိုးရေးအတွက် သိရှိသင့်သည့် အကြောင်းအရာများဖြစ်သော ကိုယ့်မျိုးကိုယ်ထား ခေါင်နှံမျိုးပွားစနစ်၊ တောင်စောင်းစိုက်ပျိုးရေးစနစ်၊ အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်နည်း၊ GAP စနစ်နှင့်မျိုးစေ့များ စနစ်တကျသိုလှောင်ခြင်းစသည်တို့ကို သင်ကြားပို့ချခဲ့သည်။ အဆိုပါ စိုက်ပျိုးရေးပညာပေးသင်တန်းသို့ ဒေသခံ တောင်သူလယ်သမား ၁၄၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် တောင်သူများလိုအပ်သည့် မျိုးစေ့သိုလှောင်အိတ်များကို ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက အခမဲ့ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**မြစ်ကြီးနား မေ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဇီးလွန်ရပ်ကွက်ရှိ ဇီးလွန်စစ်ဘေးရှောင်စခန်း ခန်းမ၌ ဖွင့်လှစ်ခဲ့သော ဒေသခံတောင်သူများအတွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဆင်းပွဲကို မေ ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်မောင်းက ကမ္ဘာပေါ်ရှိ ကင်ဆာရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံသည် ဒုတိယနေရာတွင်ရှိနေသည်ကို ကျန်းမာရေးဝန်ကြီးဌာန၏ စစ်တမ်းများအရ သိရှိရပြီး ထိုသို့ဖြစ်ရခြင်းမှာ အစားအသောက်များသည် အဓိကဖြစ်၍ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေ မိမိတို့တစ်ဦးချင်း စားသောက်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါက ဆောင်ရန်၊ ရှောင်ရန်အချက်များကို တိကျစွာလိုက်နာပြီး ထုတ်လုပ်သွားကြရန်လိုကြောင်း ရှင်းလင်းပြောကြားကာ သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးစီးခဲ့သော သင်တန်းသားသင်တန်းသူ ၄၀ အား သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆရာမများက ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ၁၅ မျိုး ထုတ်လုပ်နည်းများကို မေ ၂၂ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## သတင်းတိုများ

### သီတဂူဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် တည်ဆောက်လျက်ရှိသော သီတဂူဗုဒ္ဓတက္ကသိုလ် အဆောက်အအုံအတွက် ဝိသာခါအမျိုးသမီးများအဖွဲ့က ငွေကျပ် ၃၅ သိန်းကို မေ ၂၈ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။ ကျွန်းလှမြို့နယ်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရလမ်းညွှန်မှုဖြင့် သီတဂူဗုဒ္ဓတက္ကသိုလ်ကို တည်ဆောက်လျက်ရှိကာ အဆိုပါ တက္ကသိုလ်တွင် ဖွင့်လှစ်မည့် ဒီပလိုမာ နှစ်နှစ်သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲကို ဇွန်လကုန်ပိုင်းတွင် စစ်ဆေးမည်ဖြစ်ပြီး သင်တန်းကို ဇူလိုင် ၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### ကျေးရွာသောက်ရေကန် ပြန်လည်တူးဖော်ပြီး၍ သစ်ပင်များစိုက်ပျိုး

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာရှိ ညောင်တုန်းသောက်ရေကန်ကို ပြန်လည်တူးဖော်ကာ ညောင်သာယာသောက်ရေကန်အမည်ဖြင့် ဖွင့်လှစ်နိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် ကန်ပေါင်ပတ်လည်တွင် အရိပ်ရသစ်ပင်များကို မေ ၂၈ ရက်က စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ဝေါမြို့နယ် သစ်တောဌာနမှ ပေးအပ်သော အရိပ်ရသစ်ပင် ၆၇ ပင်ကို ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်နှင့် တာဝန်ရှိသူများက စိုက်ပျိုးခဲ့သည်။ ညောင်သာယာသောက်ရေကန် တူးဖော်ခြင်းကို ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတူးဖော်ပေးခဲ့ပြီး အဆိုပါ သောက်ရေကန်မှာ ရေဂါလန် ငါးသန်းကျော်ဝင်ဆံ့၍ ညောင်ခါးရှည်ကျေးရွာနှင့် ပန်းညိုကျေးရွာတို့အတွက် နွေရာသီ သောက်သုံးရေရှားပါးမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်အေးက ပြောသည်။

**ကိုလွင်(ဆွာ)**

### ကျောင်းအပ်နှံရေးသီတင်းပတ်ဖွင့်လှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ် ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက်က အထက(မန်တုံ)ကျောင်း ရွှေလီခန်းမဆောင်၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပညာရေးဌာနသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ပံ့သော ဗလာစာအုပ် ၁၀ ဒါဇင်နှင့် အလှူငွေ ကျပ်ငါးသောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ထောက်ပံ့သော ခဲတံဒါဇင် ၅၀ တို့ကို တာဝန်ရှိသူများက မြို့နယ်ပညာရေးမှူးထံ ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်

**၂၀၁၇ ခုနှစ် မေ ၂၉ ရက်**

၁။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ "က" အက္ခရာမှ အစဉ်လိုက် "ဖ" အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** (၂၂)လုံး စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန်ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ ရက်မှ ၂၄-၆-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ် **(အရန်ထီ)** နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ် "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာအထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ညာဘက် ကျပ် ၅၀၀ တန် တံဆိပ်၏အပေါ်၌ **$2^{nd}$ အမှတ်အသား** ပါဝင်သောထီလက်မှတ်များသာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်** ပေါ်တွင် $2^{nd}$ အမှတ်အသားမပါဝင်သော **"ကက" အက္ခရာမှ အစဉ်လိုက် "ကခ" အက္ခရာထိ** ထီလက်မှတ်များသည် (၁)ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် ဇူလိုင် ၁ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀၊ ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၃၀၀၀နှင့် ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး **အနိမ့်ဆုံးဆုမဲမှာ** ကျပ် ၅၀၀၀၀ ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

၃နှစ် အာမခံ
ဝန်ဆောင်မှုတစ်ခုသည် ...

DOOR TO DOOR
အိမ်တိုင်ရာရောက်
ရောင်းချ
တပ်ဆင်ပေးသည်

အဲကွန်းတပ်ဖို့ဆိုရင်စဉ်းစားမနေနဲ့ဖုန်းသာဆက်လိုက်...





## ဆက်သွယ်ဝယ်ယူနိုင်သောနေရာများ

**ရန်ကုန်**

| | |
|---|---|
| ကျောက်တံတား | Arkar Electronic ~ 01-256947 |
| မင်္ဂလာတောင်ညွန့် | Air Temp ~ 01-205569 |
| လှိုင်သာယာ | San Brotherhood ~ 01-706193 |
| တာမွေ | Apple ~ 01-557619 |
| အင်းစိန် | မဟာထွက်း ~ 09-421132117 |
| ရွှေပြည်သာ | TH Technicians ~ 09-5412956 |
| မရမ်းကုန်း | ပုံလွှား ~ 01-650522 |
| အလုံ | MS ~ 09-5159927 |
| **မော်လမြိုင်** | Tourist Electronic ~ 057-25484 |
| **ဘားအံ** | ထင်းရှူးရိပ် ~ 09-761607618 |
| **မြဝတီ** | နေဝန်းနီ ~ 09-425328275 |
| **ဟင်္သာတ** | ကမ္ဘာလုံး(Electronic) ~ 044-22106 |
| **ပုသိမ်** | Sun Electronic ~ 042-24100 |
| **တောင်ငူ** | ဦးပိုက်ကြူး ~ 054-25308 |
| **ပြည်** | Lucky Seven Electronic~ 095310621 |
| **အောင်လံ** | ကိုပေ့ပေ့ ~ 09-777890262 |
| **ပခုက္ကူ** | လင်း(Electronic) ~ 062-23386 |
| | ကံသာ ~ 09-402557411 |
| **မြင်းခြံ** | ငွေစင်ကြယ် ~ 09-2215763 |
| **မိတ္ထီလာ** | ကိုဒီးဒီး(Electronic)~ 064-24058, 01-24376 |
| **မြိတ်** | Family Electronic ~ 09-5121743 |
| **စစ်တွေ** | သန်းနိုင်(Electronic) ~ 09-250089620 |

**မန္တလေး**

| | |
|---|---|
| ၂၇၊၂၈ ကြား၊လမ်း(၈၀) | ရွှေကျီးမင်း ~ 09-259020100 |
| ၃၁၊၃၂ ကြား၊လမ်း(၉၀) | Top Star ~ 09-402542485 |
| ၃၅လမ်းနှင့်၈၆လမ်းထောင့် | ရတနာပုံ ~ 09-440452033 |
| ၁၉၊၂၀ ကြား(၈၂)လမ်း | စူပါကိုမင်းဦး ~ 09-2013131 |
| ၆၉လမ်းနှင့်မနော်ဟရီလမ်းထောင့် | ထိန်လင်း ~ 09-402580178 |
| ၃၀၊၃၁ ကြား၊လမ်း(၈၄) | စိန်ကြီး ~ 02-31288 |
| ၈၂၊၈၃ ကြား(၂၉)လမ်း | ရောင်ခြည်ဦး (Electronic) |
| | ~ 09-91048996, 02-69481 |
| ၂၆ဘီ၊၈၂လမ်းထောင့် | Multi သန်းဦး (Electronic) |
| အောင်မြေသာစံမြို့နယ် | ~ 02-36376, 02-34753 |
| | 02-64763 |
| ၂၇၊၂၈ ကြား(၈၃လမ်း) | MK Elcectronic |
| | ~ 02-73421, 02-68425 |
| ၈၁၊၈၂ ကြားနှင့်(၁၈၊၁၉)လမ်း တော်ဝင်လမ်းသွယ် | ဖွဲ့မာန် Service ~ 09259046812 |
| **ကျောက်ဆည်** | Bright Star ~ 09-2055072 |
| **နေပြည်တော်** | Great ~ 09-448539239 |
| **တောင်တွင်းကြီး** | ထက်မြတ် ~ 09-972877072 |
| **မကွေး** | အေးချမ်းပြည့် ~ 063-25109 |
| မုံရွာ | သစ်ဆန်း Electronic |
| | ~ 071-21838 |
| ကျောက်ပန်းတောင်း | လမင်းစိုး ~ 09-2220210 |
| ကညွတ်ကွင်း | 7 Light Electronic ~09-250700723 |
| ကျောက်တံခါးမြို့ | ဂုန်ကုန်နာရီဆိုင် ~09-76126999, 09-5068847 |

AQUA JAPAN

Room Air Conditioners

- ဂျပန် မျိုးဆက်သစ် အရည်အသွေးမြင့် Air Con ဖြစ်သည်
- R410A GAS အသုံးပြုထားသဖြင့်အအေးနှုန်းစူးရှသည်
- သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိနိုင်သဖြင့်ရေရှည်သုံးစွဲနိုင်သည်
- လျှပ်စစ်မီတ်အားကျသွားချိန်တွင်ကောင်းစွာအလုပ်လုပ်နိုင်သည်

OAH
OAH CO., LTD

Yangon Head Office
No.303~304, 3rd Floor, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : (+95) 1-256501~6 , 392986, Hotline : 09 442 666 421, Email : oahmmaquaaircon@gmail.com
Mandalay Branch
#No. (Pa/28), Yangon - Mandalay Road, Between Theik Pan Street & Phayargyi Street, Chanmyatharsi Township, Mandalay.
Tel : 09 257840126, Hotline : 09 791107723, g-mail : oahmandalay@gmail.com

PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook
Pun Hlaing Siloam Hospitals

အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
- မှန်ပြောင်းအသုံးပြု၍ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း(Arthroscopy)
- အရိုးအကြော၊တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း



ဇွန်လ(၂)ရက်နေ့မှ(၆)ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ www.punhlaingsiloamhospitals.com

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ရောင်းပေးဝယ်ပေးသည်။
ဖုန်း-၀၉-၈၆၂၃၀၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
09254009334,
09254009335,
09254009336

SIM INTERNATIONAL ACADEMY
A Member of the SIM Group

STUDY IN SINGAPORE – INTERNATIONAL PATHWAY PROGRAMMES



LIMITED SEATS!

"IGCSE, GCE 'O' Level ဘာသာရပ်များအကြောင်းနှင့် SIM တွင် အသစ်သင်ကြားမည့် IGCSE ဘာသာရပ်များအကြောင်းဆွေးနွေးပွဲ"

- Learn about different international curricula: Cambridge IGCSE / 'A' Level, IB and AP
- Find out about the boarding school experience in Singapore

3 JUN, SAT • 10AM – 1PM
Eureka Room, Novotel Hotel, Yangon

REGISTER NOW! 09 26 000 4050 or 09 26 000 6050

www.simacademy.edu.sg

CROWN EDUCATION

Singapore Institute of Management Pte Ltd
CPE Registration Number: 199607747H
Period of Registration: 20 May 2014 – 19 May 2018

# "ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြော်ငြာ"

ဒေါ်နန်းကေဇင်လှ (၁၂/အစန(နိုင်) ၁၉၀၂၃၅) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်သွင်းရရှိခဲ့ပြီးဖြစ်ပါသည်။

SUCCESSMORE

Inspiration for your Being

ဒေါ်နန်းကေဇင်လှအနေဖြင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို အနေအထားအမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုး၊ အရောင်အမျိုးမျိုး ရိုက်နှိပ်၊ ကပ်နှိပ်လျှက် အောက်ဖော်ပြပါ ကုန်ပစ္စည်းများအပြင် အခြားသော အလှကုန်၊ အိမ်သုံးကုန်၊ လူသုံးကုန်၊ ကျန်းမာရေးဖြည့်စွက် အဟာရနှင့်စိုက်ပျိုးရေးသုံး (ဩဂဲနစ်) သဘာဝမြေဩဇာစသည့် ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပမှ တရားဥပဒေနှင့်အညီ တင်သွင်းခြင်း၊ အခွန်တော်ပေးဆောင်ခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံခွင့်ပြုချက် ရယူခြင်းများ ပြုလုပ်၍ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်မှ ထင်ယောင်ထင်မှား ဖြစ်စေရန် တစ်ခုလုံး(သို့မဟုတ်) တစ်စိတ်တစ်ဒေသအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သံတူကြောင်း ကွဲဖြစ်စေ၊ တုပပြုလုပ်အသုံးပြုနေသည်ကို တွေ့ရှိရပါက အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် အရပ်ရပ်နစ်နာကြေး၊ လျော်ကြေးများကို စရိတ်နှင့်တကွ တောင်းခံနိုင်ရန် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများ၌မဆို တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေများအရ ပြင်းထန်ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

| ကုန်ပစ္စည်းအမည် | FDA ၏ထောက်ခံခွင့်ပြုချက်အမှတ် |
|---|---|
| Covermor | FIR-2016/FF/N-140 |
| Fillymor | FIR-2016/FF/N-141 |
| Mores Collagen | FIR-2016/FF/N-144 |
| Coffee-10 (Brazillian Arabica) | FIR-2016/FF/N- 080 |
| Phytovy | FIR-2016/FF/N-143 |
| Nutriga | FIR-2016/FF/N-145 |
| S Item | FIR-2016/FF/N-137 |
| Coffee-30 (Brazillian Arabica) | FIR-2016/FF/N-079 |
| Target | FIR-2016/FF/N-014 |
| S Vera Plus | FIR-2016/FF/N-142 |
| Deer | FIR-2016/FF/N-013 |
| Flow | FIR-2016/FF/N-138 |
| T Chloro Plus | FIR-2016/FF/N-135 |
| Moe Sea Buckthorn | FIR-2016/FF/N-254 |
| Moe Lycopene | FIR-2016/FF/N-255 |
| Orysamin | FIR-2016/FF/N-437 |
| SOD | FIR-2017/FF/N-053 |
| F4 | FIR-2017/FF/N-146 |
| Square | FIR-2016/FF/N-136 |
| SOD pack 4 | FIR-2017/FF/N-192 |
| Hy pro (Chocolate Flavour) | FIR-2017/FF/N-191 |
| Hy pro (Strawberry Flavour) | FIR-2017/FF/N-193 |
| Neatly Home Liquid Detergent | HCP 003/2017 |
| Neatly Home Liquid Softenter | HCP 002/2017 |
| Neatly Home Liquid Dish Washer | HCP 001/2017 |
| Delicious Sunscreen Extra UV Shield SPF 50+PA+++ | MN 17037360 |
| Botamic Shampoo | MN17057911 |
| Botanic Coditioner | MN17057912 |
| Benefite Toothpaste | MN 17047686 |
| Ultimatch Roll on (Men) | MN 17037363 |
| Ultimatch Roll on (Women) | MN 1707364 |
| S Vera Gel | MN 17037362 |
| Dewy Lotion | MN 17047451 |
| Ease Shower Cream | MN 17037365 |
| Over Night Mask | MN 17047452 |
| Facial Soap | MN 17037361 |
| FAIRNESS (Power Foundation) No.1 | MN 15064470 |
| FAIRNESS (Power Foundation)No.2 | MN 15064470 |
| FAIRNESS (BB Foundation)No.-1 | MN 15064471 |
| FAIRNESS (BB Foundation)No.2 | MN 15064471 |

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဌေးဦး (စိန်ဌုန်း)

တရားလွှတ်တော်ရှေ့နေ(စဉ် -၄၅၀၃)

B.Sc, R.L, D.B.L., D.I.L., CIP (WIPO)

အခန်းအမှတ် (၂၀၃ဘီ)၊ အမှတ် -၉/၁၁၊ ၃၆လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။







## အများသိစေရန်ကြေညာချက်

ဒေါ်ခင်ညိုညိုနှင့် ဦးသန်းခင်သိစေရန်မှာ ၂၁-၅-၂၀၁၇ ရက်က ကွယ်လွန်ခဲ့သော ဒေါ်နီနီ (ကစလ၊ ငြိမ်း) အသက်(၇၈) နှစ်၏ ကျန်ရစ်သည့် မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ ညှိနှိုင်းဖြေရှင်းမှု ပြုလုပ်ရန်အတွက် ဒေါ်မြင့်သန်းဦး၊ ဦးသန်းထွန်း၊ ဦးထွန်းထွန်း၊ မလှလှထွေး၊ မောင်လှမျိုးတို့မှ အများသိစေရန်ကြေညာလိုက်ပါသည်။

ဤသတင်းစာကြော်ငြာပါပြီး (၇)ရက်အတွင်း အမှတ် ၉၁၆၊ ဦးပုညလမ်း၊ (၁၆)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြေအကျယ်ပေ (ပေ ၂၀× ပေ ၆၀)တစ်ထပ်တိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျန်ရစ်သူ တူ၊ တူမများ အမွေပုံကိစ္စရှင်းလင်းရန် အုပ်ချုပ်ရေးမှူးရုံးသို့ မပျက်မကွက်လာရောက်ရှင်းလင်းပါရန် အသိပေးကြေညာလိုက်ပါသည်။

ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်သည်။

**လွှဲအပ်သူများ၏ ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးမြတ် LL.B; Wipo.Switzerland**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၂၈၀)**

**၂/၃၊ သမာဓိလမ်း၊ တရားရုံးဘေး၊ မြောက်ဥက္ကလာ**

**ဖုန်း-၀၉-၄၂၁၁၅၂၄၃၄**

## အမြန်အလိုရှိသည်

၁။ **စက်တန်း: Supervisor** **(မ) (၁) ဦး**

လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်

နမူနာ အထည်ချုပ်ပေးနိုင်ရမည်။

လစာ- ညှိနှိုင်း

တောင်ဒဂုံ စက်မှုဇုန်(၂)ရှိ (မ)ဝတ် အထည်ချုပ်ရုံတွင် အလုပ်ဆင်းရမည်။

နေ/စား စီစဉ်ပေးနိုင်သည်။

**ဆက်သွယ်ရန်- ဖုန်း-၀၉-၅၁၈၄၈၆၄၊ ၀၉-၅၂၄၁၃၉၅**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်(အထက)ပဥ္စမတန်းမှ မအေးမြတ်မွန်နှင့် တတိယတန်းမှ မပိုးအိစံတို့၏ ဖခင်အမည်မှန်မှာ ဦးစောညို ၉/သစန(နိုင်)၁၁၃၄၀၉ ဖြစ်ပါကြောင်း။ **ဦးစောညို**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရန်ကင်းလမ်း၊ တိုက် ၄၁နေ ဒေါ်ကြည်ကြည်စိန် ၁၂/စခန(နိုင်)၀၄၃၁၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ဒေါ်ကြည်ကြည်စိန်ပိုင် တိုက်ခန်းများကို မည်သည့်သမီးကိုမျှ မည်သည့်အခါမှ လွှဲအပ်ပေးလိမ့်မည်မဟုတ်ပါ။ အဆိုပါ တိုက်ခန်းများနှင့် ပတ်သက်၍ ဒေါ်ကြည်ကြည်စိန်၏ စိတ်နှင့်ကိုယ်ကို ထိခိုက်စေရန် လုပ်ဆောင်မှုမှန်သမျှအား မည်သူ့ကိုမဆို ဥပဒေအရ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**ဒေါ်ကြည်ကြည်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးသက်လွင်(LL.B) | ဒေါ်နန့်သင်းသင်းရွှေ(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၁၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၀၀) |
| ဖုန်း-၀၉-၄၉၃၃၅၅၄၁ | ဖုန်း-၀၉-၄၅၀၀၃၄၈၂၉ |

## ကန့်ကွက်နိုင်ပါသည်

(က) ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျေးရွာအုပ်စု-ကျားဟုန်း၊ ကွင်းအမှတ်/အမည်(၂၃၀-B/ကွဲဖြူရိုးတောင်)၊ ဦးပိုင်အမှတ် (၆/၄)၊ မြေဧရိယာ ၁၇ဒသမ၆၅ဧကရှိ ($R_1$)လယ်မြေအမျိုးအစားမြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်လှိုင် ၁၂/ထတပ(နိုင်)၀၅၀၀၆၆ထံမှ လည်းကောင်း။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကျေးရွာအုပ်စု-ကျားဟုန်း၊ ကွင်းအမှတ်/အမည် (၂၃၀-B/ကွဲဖြူရိုးတောင်)၊ ဦးပိုင်အမှတ်(၆/ဠ)၊ မြေဧရိယာ ၄ဒသမ၈၈ဧကရှိလယ်မြေအမျိုးအစားမြေကွက်နှင့် ဦးပိုင်အမှတ် (၈/ဃ)၊ မြေဧရိယာ၁ဒသမ၆၀ဧကရှိလယ်မြေအမျိုးအစားမြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ချိုဖြူသီ ၁၂/ထတပ(နိုင်)၀၈၇၁၅၁ထံမှလည်းကောင်း ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ သည်။

သို့ပါ၍ အဆိုပါမြေကွက်များနှင့်မြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်နောက်ပိုင်းတွင် ဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မိုးမိုးအေး(LL.B)(D.B.L,D.M.L,D.I.L)**

**(စဉ်-၈၅၅၈)(တရားလွှတ်တော်ရှေ့နေ)**

**အမှတ် ၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၅၃၅၈၂၇၀**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်လှတင်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)သည် ၂၆-၅-၂၀၁၇ရက်(သောကြာနေ့) ည ၉း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဗိုလ်မှူးမြင့်မောင်)-ဒေါ်တင်တင်အေး**

**သားကြီး ဖြိုးမောက်၊ သားငယ် ဗိုလ်မှူးရဲသီဟထွန်း(လေ)**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်ရှိန် အသက်(၈၉)နှစ်

**(ရွှေပန်းထိမ်ဆရာ၊ ညောင်ကျိုး)**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့နေ(ဦးမောင်နွဲ့-ဒေါ်ဖွားတင်)တို့၏သား၊ (ဦးမြင့်-ဒေါ်အေးစိန်)တို့၏သားသမက်၊ (ဒေါ်တိုးကြည်)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေနေ ဦးမြတ်စိုး(ရုံးအဖွဲ့မှူး၊ ဘုရင့်နောင်ကုန်စည်ဒိုင်)-ဒေါ်ကြည်ကြည်လွင်၊ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ညောင်ကျိုး (က-၁)ရပ်ကွက်နေ ဦးခင်ဇော်(အထပြ)-ဒေါ်စန်းနွဲ့၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေနေ ဦးဇော်မြင့်(ဦးစီးအရာရှိ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)-ဒေါ်တင်လေးနိုင်၊ ဦးလှဝင်းဆောင်-ဒေါ်အေးအေးမူ(လ/ထညွှန်ကြားရေးမှူး၊ သာသနာရေးဦးစီးဌာန)၊ ဦးအောင်ကျော်ဦး(တောအုပ်ကြီး၊ သစ်တောဦးစီးဌာန၊ ပျော်ဘွယ်မြို့)-ဒေါ်ခင်ဆွေသက်၊ ဦးရဲထွဋ်(လ/ထညွှန်ကြားရေးမှူး) (နယ်မြေ၊ ရန်ကုန်၊ သာသနာရေးဦးစီးဌာန)-ဒေါ်ခင်သန္တာမျိုး(လ/ထ ကထိက ITBM University သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၉-၅-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅း၅၀နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာနနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးတင်ရှိခြင်း

၁၇-၃-၂၀၁၇ရက်က တပ်မတော်ဆေးရုံ မင်္ဂလာဒုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်ခဲ့သော ဗိုလ်မှူးနေဦးလွင် (ကြည်း-၃၂၉၇၇)(တေဇ-၂၇)၏ ဈာပနကိစ္စအဝဝကိုလည်းကောင်း၊ ၂၃-၅-၂၀၁၇ရက်က ပြုလုပ်သော ရက်လည်ဆွမ်းကျွေးတွင်လည်းကောင်း တက်ရောက်ကူညီ ပံ့ပိုးပေးကြပါသော တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းအမှတ်(၁)မှတာဝန်ရှိပုဂ္ဂိုလ်များနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ တေဇ(၂၇)ကျောင်း ဆင်းအရာရှိမိသားစုများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**မိဘများ**

**ဦးဝင်းမောင်-ဒေါ်ရီရီဝင်း**

---

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒေါ်ဌေးဌေးမော်**

**(B.Sc(Zoo), M.Sc(Q-2),TTC ကျောင်းသူဟောင်း)**

ဒေါ်ဌေးဌေးမော် ရုတ်တရက်ကွယ်လွန်ခဲ့သည်မှာ (၃၁.၅.၂၀၁၇)တွင် (၂)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ဒေါ်ဌေးဌေးမော်အား ရည်စူး၍ -

- ရန်ကုန်တိုင်း၊ မှော်ဘီမြို့၊ မေမြမာကျောင်းတိုက်၊ သိမ်ကျောင်းဆောက်လုပ်လှူဒါန်းခြင်း။
- ၎င်းကျောင်းတိုက်တွင် နှစ်စဉ် သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူဒါနများကို ပြုလုပ်ခဲ့ရာ၊ ဒေါ်ဌေးဌေးမော် ရောက်ရာ ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် အမျှပေးဝေပါသည်။

**ခင်ပွန်း - ဦးကျော်ဆန်း၊ MD (Golden Rain Co.,Ltd.)**

**သားကြီး - ဗိုလ်လောင်း သုထက်ထွန်း (D.S.T.A)**

**သားငယ် - မောင်လင်းဝေယံအောင် (9E,TTC,Kamayut)**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်သန်း အသက်(၆၇)နှစ်

**အလုပ်အမှုဆောင်(ငြိမ်း)၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့**

**(အိုလံပစ်တင်းနစ်အဖွဲ့ ကန်တော့ခံပုဂ္ဂိုလ်)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း(အီဒင်လမ်း)၊ အခန်း ၂၀၂၊ (ဒုထပ်)၊ တိုက် ၂၂၂/၂၂၄နေ (ဦးခင်ပု-ဒေါ်ခင်လှ)တို့၏သား၊ (ဒေါ်အေးအေး-ဒေါက်တာကျော်ညွန့်)၊ (ဦးခင်မောင်အုန်း-ဒေါ်ကြူကြူမာ)၊ (ဒေါ်မြင့်မြင့်)-ဦးအောင်ဝင်းတို့၏မောင်/ညီ၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ခင်လေးတို့၏အစ်ကို၊ ဒေါက်တာဒေါ်စန်းရွှေ(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆေးသုတေသနဦးစီးဌာန)၏ခင်ပွန်း၊ ဒေါက်တာသရဖီသန်း-ကိုသူရိန်ကျော်ဇော၊ ကိုကျော်စွာသန်း-မနွယ်နီလာတိုး၊ ဒေါက်တာကြည်မော်သန်း (ဆေးသုတေသနဦးစီးဌာန)တို့၏ဖခင်၊လင်းကျော်ဇော၏အဘိုးသည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၆း၅၀နာရီတွင် ဗဟိုရဲစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁-၆-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ကျေးဇူးအထူးတင်ရှိခြင်း

## ဦးတင်မျိုးအောင်

**အဖွဲ့ဝင်၏ကိုယ်ရေးအရာရှိ(ငြိမ်း)**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**

**တပ်မတော်(ရေ)(ငြိမ်း)**

**အသက်(၅၉)နှစ်**

၁၁-၅-၂၀၁၇ရက်တွင် ဟောင်ကောင်မြို့၌ကွယ်လွန်သွားပါသော ဦးတင်မျိုးအောင်၏ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးကြသော ဟောင်ကောင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အရာထမ်း၊ အမှုထမ်းနှင့်ဒေသခံဝန်ထမ်းများ၊ ရန်ကုန်မြို့မှ အဘ ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး-ဇနီး ဒေါ်အေးအေးမြင့်နှင့်မိသားစု၊ နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းများ၊ ဟောင်ကောင်မြို့ရှိ ဆရာဝန်ကြီးများနှင့် မိတ်ဆွေသူငယ်ချင်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ အီးမေးလ်ဖြင့်သော်လည်းကောင်း ဆက်သွယ်၍ ဝမ်းနည်းနှစ်သိမ့် အားပေးစကားပြောကြားကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးဖြိုးဇော်အောင်

**အသက်(၄၃)နှစ်**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ချုပ်ဒိုင်-ဥက္ကဋ္ဌ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာနည်းပြချုပ်ဖြစ်သူ ဦးဖြိုးဇော်အောင် အသက်(၄၃)နှစ်သည် ၂၈-၅-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**

**သစ်တောဦးစီးဌာန**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဖြူ (ဇီးကုန်း)

**အသက်(၉၂)နှစ်**

ဇီးကုန်းမြို့၊ ဘုရားလမ်းနေ (ဦးလှရွှေ)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးဝမ်းကြည်-ဒေါ်စောလှ၊ ဒေါ်ရှုခင်၊ (ဦးဝမ်းစိန်)-ဒေါ်နန်းမြင့်မြင့်ဦး၊ (ဦးသက်လှိုင်-ဒေါ်နန်းမြင့်သန်းဦး)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၉-၅-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ဇီးကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## လျှိုယွင်ထီ(ခ)ဦးကျော်ဌေး (အိမ်မဲ၊ သရက်ကုန်း)

**(ဧရာဝတီတိုင်းဒေသကြီး)**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ် ၁၅၈နေ (ဦးဟိုက်ရုံ-ဒေါ်ထွေး)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ(ဦးရှန်-ဒေါ်စိန်ဆွမ်း)တို့၏သားသမက်၊ (ဒေါ်ညို)၊ ဦးထွန်းရှိန်-ဒေါ်ခင်နွဲ့တို့၏ညီ/မောင်၊ ဦးထိန်ဝင်း-(ဒေါ်ရီ)၊ ဦးရွှေကျင်-(ဒေါ်အုန်းမြင့်)၊ ဦးမြင့်ကြည်၊ ဒေါ်မြအေး၊ ဒေါ်မြသန်း၊ ဦးထွန်းကျော်ဦး-ဒေါ်မြဌေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅လမ်း၊ အမှတ် ၇၈နေ လျောက်ကျင်းကွေ့(ခ)ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ ဦးတင့်ဆွေ-ဒေါ်အေးအေးနိုင်၊ ဦးစိန်ဝင်း-ဒေါ်လေးလေးခိုင်၊ ဒေါ်ခင်ခင်လှိုင်၊ ဦးကျော်ဝင်း(U.S.A) - ဒေါ်လီလီသန်း(U.S.A)တို့၏ဖခင်၊ မသီသူဟန်၊ မရွှေရည်ဝင်း၊ မောင်အောင်မြင့်မြတ်၊ မောင်တင်အောင်ဝင်း၊ မောင် Ryder Liu (USA)တို့၏အဘိုးသည် ၂၉-၅-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၅း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (လမ်းမတော်မြို့နယ်၊ ၅လမ်း၊ အမှတ် ၇၈ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သန်း

**အသက(၇၆)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ယာဉ်ပျံရပ်၊ ၅၉လမ်း၊ ၂၇×၂၈လမ်းကြားနေ ဦးစောထွန်းနိုင်-မအေးမိစံ၊ မနှင်းလွင် [ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)]၊ ဦးသိန်းမျိုးဝင်း-ဒေါ်ယဉ်ယဉ်အေး၊ ကိုစိန်ကြီးတို့၏ဖခင်၊ မစောကေခိုင်၊ စောအောင်မြင့်၊ မောင်ချမ်းညီမိမ်းသူ၊ မနှင်းသီရိဝင်းတို့၏အဘိုး၊ (ဒေါ်ဌေးဌေးဝင်း)၏ခင်ပွန်းသည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှင်းဆီ(ခ)ဒေါ်နှင်းကြည် (ဖျာပုံ)

**အသက်(၇၅)နှစ်**

ဖျာပုံမြို့နေ(ဦးစံဌေ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးအုန်းလှ-ဒေါ်မြကြည်)တို့၏သမီးချွေးမ၊ ဦးကြည်ဝင်း၏ချစ်လှစွာသောဇနီး၊ (ဦးမောင်ငယ်-ဒေါ်ရှိန်)၊ ဦးတင်ရွှေ-ဒေါ်ခင်ယုံ၊ ဦးတင်ဖေ-ဒေါ်တင်ဥ၊ ဦးတင်မောင်-ဒေါ်ခင်ရွှေတို့၏ညီမ၊ (ဦးလှမြင့်)-ဒေါ်စံပယ်တို့၏အစ်မ၊ ဦးသန့်ဇင်-ဒေါ်သန္တာမင်း၊ ဦးအောင်မိုး-ဒေါ်မြတ်စန္ဒာဝင်း၊ ဦးကျော်စိုး-ဒေါ်နန်းမျိုးမြင့်မေ၊ ဦးစိုးလင်းအောင်-ဒေါ်ဝါဝါမြင့်တို့၏ချစ်လှစွာသောမိခင်၊ မောင်ရဲထက်အောင်၊ မခင်ရတနာ၊ မမိုးမြတ်မြတ်မိုး၊ မသီရိရတနာလင်း(ခ)ဟန်နီ၊ မောင်ဘုန်းမြတ်ထူး၊ မောင်သီဟသူရ၊ မပြည့်မှူးနိုင်တို့၏ဘွားဘွားကြီးသည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၆း၄၀နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ (၈)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ် ၃၂ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဇော်မင်းလွင် (ပခုက္ကူ)

**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း(၂၀)၊ အမှတ် ၈၅၉နေ (ဦးဗေဒါ)-ဒေါ်အ မာတို့၏သား၊ (ဦးမောင်မောင်ကြည်)-ဒေါ်ခင်စောမြင့်တို့၏သားသမက်၊ ဦးကိုကိုအောင်(ဒုညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေး)၊ ဦးဝင်းမြင့်-ဒေါ်လွင်လွင်မာဦး၊ ဦးဇော်မိုးလွင်-ဒေါ်ချောချောအောင်တို့ ၏ညီ/မောင်၊ ဦးသန်းဌေး-ဒေါ်သန္တာအေးတို့၏အစ်ကို၊ ဒေါ်မိုးကြည်ထွေး(ပခုက္ကူ)၏ခင်ပွန်း၊ မခင်ငြိမ်းသန့်(တက္ကသိုလ်ဝင်တန်း၊ ပညာနန်းတော် အထက်တန်းကျောင်း)၊ မမေငြိမ်းခန့်(ပဋ္ဌမတန်း၊ ပညာနန်းတော် အထက်တန်းကျောင်း)တို့၏ဖခင်၊ တူ၊ တူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၃၀-၅-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သက်မောင်

**B.Sc (Bot;) Q**

**အသက်(၄၀)**

ဦးခင်မောင်ဌေး(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဒေါ်နွဲ့နွဲ့ (အလပြ-ငြိမ်း၊ ထ-၂၊ ကမာရွတ်)တို့၏သား၊ ဒေါ်နှင်းဝေဝေကျော်၏ခင်ပွန်း၊ မသြချိုဇင်၏ဖခင်သည် ၂၇-၅-၂၀၁၇ရက်(စနေနေ့)နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MRTV-4, Channel 7 နှင့် Forever Group**

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးလှအောင်

**(သရက်ချောင်း/မဲနယ်အိုးရှာ)**

**အသင်းဝင်အမှတ်(၅၇၆၄)**

**အသက်(၈၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ မဲနယ်အိုးရှာနေ ဦးလှအောင်၊ ဦးဘမြင့်(ဒုတိယဥက္ကဋ္ဌ၊ပုလောမြို့နယ်အသင်း၊ ရန်ကုန်)၏ ညီသည် ၃၀-၅-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ပိန်းတောရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

---

ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

## ဒေါ်ဝေဝေမြင့်(ခ)မွေးမွေး

**အလက(၁)လှိုင်၊ ၇လမ်းကျောင်း၊**

**အထက(၃)လှိုင် (OK)ကျောင်း**

**အထက်တန်းပြ(ငြိမ်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်လမ်း၊ အမှတ် ၈၇နေ (ဦးခင်လတ်)-ဒေါ်ပုလဲ(မိုးချယ်ရီစာတ်ပုံတိုက်)တို့၏သမီး၊ ညောင်လေးပင်မြို့နေ(ဦးအောင်လှ-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊စိတ္တသုခလမ်း၊အမှတ် 42(A)၊ အခန်း(H)နေ ဦးလင်းကြည်(အင်ဂျင်နီယာ၊ ငြိမ်း၊ ဆောက်လုပ်ရေး)၏ချစ်လှစွာသောဇနီး၊ ဦးသက်ထွန်းကျော်(လ/ထ အင်ဂျင်နီယာ၊ဒက္ခိဏခရိုင်ရုံး)-မကေခိုင်ဦး (ဦးစီးအရာရှိ၊ ဘဏ္ဍာ၊ MOEE)၊ ဦးအောင်ဇေယျ(ကန်ထရိုက်တာ)-ဒေါ်ခင်မြတ်မြတ်ကို(စာရင်းကိုင်-၁၊ စိုက်ပျိုးရေးဦးစီးဌာန)၊ မစန္ဒီလင်းကြည်(Pharmacist)တို့၏မိခင်၊ ဦးလေးမြင့်-ဒေါ်စောခင်လှဦး၊ ဦးကျော်ဇော-ဒေါ်အေးအေးမာ၊ ဦးထွန်းထွန်းဦး-ဒေါ်ရီရီသန့်တို့၏အစ်မသည် ၂၉-၅-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် စိတ္တသုခလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးဝင်းစိုး

**ဖဆပလ၊ မင်္ဂလာတောင်ညွန့်**

**အသက်(၆၂)နှစ်**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ အမှတ် ၄၄နေ (ဦးသောင်း - ဒေါ်ငွေခင်)တို့၏သား၊ (ဦးအောင်မြင့်သန်း)၊ ဒေါ်ခင်လှရီ၊ ဦးခင်မောင်သန်းတို့၏ညီ/မောင်၊ ဦးစိုးကြည်၊ ဦးတင်ဌေး၊ ဦးတင်ထွေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၇၊ အခန်း ၃နေ ဒေါ်နုနုကြည်၏ချစ်လှစွာသောခင်ပွန်း၊ ကိုသန့်ဇော်မင်း-မမေသကြဲန်ထွန်း၊ ကိုဝင်းနိုင်ဦး(ခ)ဝါဆို-မဇာဇာမျိုးထိုက်တို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂၉-၅-၂၀၁၇ရက် ည ၉း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ စံပြဖဆပလရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကောဝိဒသာရ

**(မဟာဂန္ထဝါစက ပဏ္ဍိတ သာသနဓဇဓမ္မာစရိယ)**

**သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၆)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ ချမ်းသာကြီးမြောက်တိုက်၊ သီရိမာလာကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် မြို့နယ်သံဃနာယက ဩဝါဒါစရိယဆရာတော် ချမ်းသာသုခလူမှုကူညီရေးအသင်းကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကောဝိဒသာရသည် (၁၃၇၉ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ရက်) ၂၅-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် နယုန်လဆန်း ၈ရက်) ၂-၆-၂၀၁၇ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနပူဇာ ကျင်းပမည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားပါသည်။ တပည့်သံဃာတော်များ

---

## ဦးတင့်ဆွေ

**(လှည်းကူး) (စာရင်းစစ်မှူး၊ ငြိမ်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ နိဗ္ဗာန်လမ်းနေ ဒေါ်ကျင်ရှု့(ခ)ဒေါ်နှင်းဆီ၏ခင်ပွန်း၊ မောင်ဇော်ထွန်း၊ မောင်လှတင်ထူး-မအေးအေးမော်၊ မနီနီဆွေ(ဦးစီးအရာရှိ၊ အလုပ်ရုံစစ်ဆေးရေး) မှော်ဘီမြို့နယ်တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၆-၅-၂၀၁၇ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၁၇ရက်တွင် လှည်းကူးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၆-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစိန်မြိုင် အသက်(၇၀)

**(နိုင်ငံတော်သမ္မတရုံး-ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နေ(ဦးမောင်ဟန်-ဒေါ်တင်ရွှေ)တို့၏သား၊ ဦးလှမြိုင်-ဒေါ်တင်ညွန့်၊ ဦးစိုးလှိုင်-ဒေါ်တင်လှ၊ဦးထွန်းအေး-ဒေါ်မြအောင်တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ(ဦးသာထွန်းဦး-ဒေါ်ခင်စိန်)တို့၏သားသမက်၊ ဦးမောင်ဆွေ-ဒေါ်ခင်လှ၊ဦးလှတင်-ဒေါ်ခင်အုန်းမြင့်၊ ဦးသန်းမြင့်-ဒေါ်ခင်နု၊ (ဦးမျိုးငြိမ်း)-ဒေါ်ခင်ဆွေ၊ ဦးလှကြည်-ဒေါ်ရွှေဝါထွေးတို့၏အစ်ကိုကြီး၊ဦးကျော်မင်းသီဟ [ရုပ်သံကျွမ်းကျင်(၁)၊ MRTV Outdoor Camera Seetion]-ဒေါ်ဝင်းမင်းသန့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မထက်အိန္ဒြေလွင်၊ မောင်ဉာဏ်ဘုန်းပြည့်တို့၏အဘိုး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ တိုက် ၆၊ အခန်း ၂၊ မြန်မာ့အာမခံအိမ်ရာဝင်းနေ ဒေါ်ညွန့်ညွန့်(မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း ဦးစိန်မြိုင်(နိုင်ငံတော်သမ္မတရုံး၊ ငြိမ်း)သည် ၂၉-၅-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးအောင်ငွေ

**ရန်ကုန်တိုင်းဒေသကြီး၊ သ/မ အသင်းစုချုပ်**

**တွဲဖက်အတွင်းရေးမှူး(၁)**

**အောင်ဆန်းသူရိယလှသောင်းကျောင်းဘော်ဒါ(၆၁-၇၂)**

**ကျောင်းသားဟောင်း(နာယက-အဖွဲ့ဝင်)**

**ဒု-ဥက္ကဋ္ဌ၊ လမ်းမတော်မြို့နယ်ဂီတအစည်းအရုံး**

**အသက်(၇၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၄လမ်း၊ တိုက် ၈၈၊ ပထမထပ်နေ (ဦးအောင်သင်း-ဒေါ်ဖွားရှင်)တို့၏သား၊ (ဒေါ်ငွေတင်)၏ခင်ပွန်း၊ (ကိုမုန်တိုင်း)၊ ကိုခြိမ်းသဲ-မနှင်းဖြူဝင်း(MITSUBISHI MOTORS)၊ ဗိုလ်မှူးရာဇာ-မအေးသန္တာစိုးတို့၏ချစ်လှစွာသောဖခင်၊ မရှင်ယွန်းလဲ့ခင်၏အဘိုးသည် ၃၀-၅-၂၀၁၇ရက် မွန်းလွဲ ၁၂း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဆွေဆွေဝင်း(ခ)ဒေါ်သီတာဆွေ @ Susie KokoLay

**B.A (Burmese)**

**(St.John Convert ကျောင်းသူဟောင်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ (ဦးကိုကိုလေး-ဒေါ်ကြင်ကြင်)တို့၏သမီး၊ ပြင်ဦးလွင်မြို့နေ (ဦးမောင်မောင်ကြီး - ဒေါ်သန်းမေ)တို့၏ သမီးချွေးမ၊ မရမ်းကုန်းမြို့နယ်နေ မြိုင်ဟေဝန်ကွန်ဒို၊ တာဝါ(B)၊ အခန်း ၅၁၁၊ ငါးလွှာနေ Captain သန်းဖေ (MasterMariner)၏ ချစ်လှစွာသောဇနီး၊ ဦးနေလင်း-ဒေါက်တာအိမို့မို့အောင်၊ ဦးဇော်လင်းထွန်း-ဒေါ်နှင်းဆီမောင်တို့၏ချစ်လှစွာသောမိခင်၊ မောင်ထွဋ်မြတ်နေလင်း၏ဘွားဘွားသည် ၃၀-၅-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁၀း၄၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်မဠူသန်းထွန်း

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ယောဂီကျောင်းလမ်း၊ အမှတ်(၁၅၅/က)နေ (ဒေါက်တာသန်းထွန်း)-ဒေါ်ခင်ရီတို့၏သမီး၊ ဦးဖေသန်းထွန်း-ဒေါ်မြင့်မြင့်၊ (ဦးမြင့်ကျော်)-ဒေါ်မေသန်းထွန်းတို့၏ညီမ၊ ဒုဗိုလ်မှူးကြီးခင်မောင်(ငြိမ်း)-ဒေါ်နှင်းဆီသန်းထွန်း၊ ဦးဖုန်းကြွယ်-ဒေါ်နွယ်နီသန်းထွန်းတို့၏ အစ်မသည် ၃၀-၅-၂၀၁၇ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု





# ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ် မောင်တောမြို့ပေါ်ရှိ အပျက်အစီးများ အချိန်မီရှင်းလင်းဖယ်ရှား

**သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ရဲထွဋ်**

**မောင်တော မေ ၃၀**

မောင်တောမြို့နယ်တွင် မေ ၂၉ ရက် ညပိုင်းမှစတင်ကာ တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်ခဲ့မှုကြောင့် မြို့အဝင်မုခ်ဦး ပြိုကျပျက်စီးခြင်း၊ မြို့ပေါ်ရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်သွပ်မိုးများ လန်၍ ပြုတ်ထွက်ခြင်း၊ လမ်းမများပေါ်သို့ သစ်ပင်များ၊ လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲခြင်းနှင့် ဆက်သွယ်ရေးပြတ်တောက်မှုများ ဖြစ်ခဲ့ရာ သက်ဆိုင်ရာက အချိန်မီ ရှင်းလင်းဖယ်ရှား လျက်ရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❍

# မြန်မာ့လက်ရွေးစင်အသင်း အာရှဖလားခြေစစ်ပွဲအတွက် လူရွေးချယ်

**သတင်း-ရဲရင့်ရှိုင်း**

**ရန်ကုန် မေ ၃၀**

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားတတိယအဆင့် ခြေစစ်ပွဲအုပ်စုပွဲစဉ်(၂) ယှဉ်ပြိုင်ရန် ဇွန် ၃ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ပြီး ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီ ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုး**-သီဟစည်သူ(ရှမ်း)၊ ကျော်ဇင်ထက်(ရန်ကုန်)၊ ပြည့်ဖြိုးအောင်(Southern)၊

*စာမျက်နှာ ၅ ကော်လံ ၅* ❒

## နေဝင်အိပ်တန်းတက် မပြသခင်ကတည်းက ပရိသတ်ကြီး အကယ်ဒမီ တစ်ကြိုပေးသည့် သရုပ်ဆောင် ပိုင်ဖြိုးသု

စာ - ၁၈

## ကျပ် ၂၀၀ တန်ထီ နီဂိုးနှင့် ကျပ် ၅၀၀ တန်ထီ၏ နိဒါန်းအစ

စာ - ၁၉

# တီးတိန်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်

**တီးတိန် မေ ၃၀**

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် မေ ၃၀ ရက် နံနက် ၁ နာရီက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တီးတိန်-သိုင်းငင်း ကားလမ်း မိုင်တိုင်အမှတ် (၁၈/၀၁ နှင့် ၁၉/၀)ကြား လမ်းပေါ်တွင် မြေပြို လမ်းပိတ်ဆို့မှုနှင့် သိုင်းငင်း-ကလေးလမ်း မိုင်တိုင်အမှတ် (၂၉/၀ နှင့်၂၉/၄ ) ကြား၊ ( ၁၉/၇ နှင့် ၂၀/၀ ) ကြားနှင့် (၂၃/၃ နှင့် ၂၃/၄) ကြားတို့တွင် မြေပြိုလမ်းပိတ်ဆို့မှုများ ဖြစ်ပွားပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာမှု ပြတ်တောက်ခဲ့သည်။

အလားတူ မေ ၃၀ ရက် နံနက် ၈ နာရီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တီးတိန်မြို့နယ် ဘွင်မံကျေးရွာအုပ်စု ဝေါ့လပ်- ဇောင်ကောင်အကြား ၁၀ ပေခန့် မြေပြိုလမ်းပိတ်မှုဖြစ်ပွားရာ အဆိုပါ လမ်းပိတ်ဆို့သည့်နေရာများအား သက်ဆိုင်ရာ လမ်းပိုင်းအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများက စက်ကြီးများဖြင့် ရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**




